မြန်မာနိုင်ငံ-ပညာပြန့်ပွားရေးအသင်း
ကမ္ဘာ့စာပေညွှန့်ပေါင်းကျမ်းစဉ်–၃။
တည်းဖြတ်ချုပ်သူ-ပါမောက္ခဦးဖေမောင်တင်။

# မဟာဂဆဝန်ချင်သူ

## ပြဇာတ်

ကမ္ဘာကျော်-ပြင်သစ်ပညာရှိကြီး
မိုးလျဲ ရေးသည်။

မောင်သိန်းဟန်-ဇော်ဂျီ၏
ဆီလျော်အောင် မြန်မာဘာသာ ပြန်သည်။

ရန်ကုန်မြို့-တက္ကသိုလ်ကျောင်း
မြန်မာနိုင်ငံ-ပညာပြန့်ပွားရေးအသင်း။
1940

**Toe Printing Press, 253, Creek Street,**
**E. Rangoon.**

**Price As. 12.**

အပိုဒ်–၁၂၆

# နိဒါန်း။

မြန်မာသက္ကရာဇ်-၁၁၀၀ကျော်၊ ဝန်ကြီး,ပဒေသရာဇာ ရေးသားသော မဟာရာဇဝင်တော်ကြီး၏ ခေတ်မှ စ၍၊ ဆတိုင်းမှူး,ဦးကျေး ရေးသော ရတုပေါင်းနှင့်ဖြစ်တော်၏ ခေတ်အထိ ပြန့်ပွားခဲ့သော မြန်မာနန်းတွင်းဇာတ်၊ပြဇာတ်များတွင် ပြောစကားများသည် ကာရန်စကားများ ဖြစ်ကြလေသည်။ စကားအသုံးအနှုန်းများလည်း အထွတ်အညွန့်,အတွန့်အတက် များဖြင့်၍၊ ယိုးဒယားပန်းခက်များနှင့် ယှဉ် တူလှပေသည်။ တာဝတိံသာသာတွေ၊ဝေဇယန္တာနတ်နန်းတွေ၊မြင့်မိုရ်တောင်၊ သီတာရေနှစ်တန်၊ သတ္တရဘန်တောင်တွေ၊ ဗာရာဏသီပြည်တွေ၊ ထီးကြီးတွေနတ်တွေ၊ မြင်းပျံတွေ၊ ဘီလူးတွေ၊ ဇော်ဂျီတွေ၊ရသေ့တွေ၊မင်းသား ချောချော-သတ္တိကိုကြီးတွေ၊ မင်းသမီးလှလှ, သေးသေးသွယ်သွယ်တွေ၊စကားတတ် အောင်သွယ်အပျိုတော်မကလေးတွေ များစွာ ပါလေသည်။ တမျိုးလျှင် ဖတ်ထိုက် ကောင်းသော ဇာတ်မျိုးများပေတည်း။

ယခင် မြေပိုင်း ရုံရုပ်ခေတ်မှ စ၍၊ရုံတိုးဇာတ်ခုံခေတ် တိုင်အောင် ခင်းကျင်းပြသသော ဇာတ်ခင်းပုံ၊ဇာတ်ကပုံမှာလည်း၊နတ်ကတော် ထွက်,ဝန်ထွက်, ရှင်ဘုရင်ထွက်, တိုင်းပြည်တည်၊ ရင်းနောက် ဘီကြီးဖြစ်ဖြစ်,ဘီလူးဖြစ်ဖြစ်,သူဌေးကြီးဖြစ်ဖြစ်,ထွက်၊ ရင်းနော် မင်းသမီး,မင်းသား,အကာ,အချိန်,အဆိုတို့နှင့် နှစ်ပါးသွား၊ လူရွှင်တော် အများက ရယ်စရာများကို ညှပ်။ နောက် လွမ်းခန်း,ခွဲခန်း ပေါ်။ ရင်းနောက် အရွှေ့ခလောကကတော်မှ ဝါ့ရောင်ခြည် ထွက်ပေါ်လာပြီ ဖြစ်သဖြင့်၊ ဇာတ်ပေါင်းပြီးလျှင် ခွဲထွာသော သတိရတတ်၍၊နတ်တော်ကြွလျှင် မေ့သွားခြင်းကို ခံရသော၊'ထို့ကြောင့်၍လို'ဆိုသော ပြဒါးများကို ဇာတ်ခုံပေါ်က နေ၍၊ ကလေးများကို ရုံးသလိုရုံးမ၊ရင်းနောက် ပွဲသိမ်းလိုက်လေ၏။တမျိုးလျှင် ကြည့်ထိုက် ကောင်းသော ဇာတ်ခင်းပုံ,ကပုံမျိုးများပေတည်း။

ယခု ဤဘာသာပြန် ပြဇာတ်မှာကား ဖေါ်ပြခဲ့သော ဇာတ်မျိုးတို့နှင့် မတူ၊ ရင်းပြင် ဇာတ်ခင်းပုံမှာလည်း၊ ဖော်ပြခဲ့သော ဇာတ်ခင်းပုံမျိုးနှင့် မတူနိုင်၊ တနည်းအားဖြင့် ဆိုပြန်သော်၊ ဤဘာသာပြန် ပြဇာတ်၌ မြန်မာတို့ ရှေးရိုးဇာတ်သဘော မပါဟု ဆိုရပေမည်။ ထိုကြောင့်၊ ရှေးရိုး မြန်မာဇာတ်များနှင့်သာ မွေ့လျော်ခဲ့ကြသော သူတို့အား ဤနိဒါန်းက ရှေ့၌ တောင်းပန်ချင်သည်မှာ၊ ဤဇာတ်မျိုးလည်း တမျိုးကောင်းပေသည်ဟု ဆိုချင်ခြင်းပင်တည်း။ ရုတ်ခြော၊ ရုတ်ခြောဟု မြည်တတ်သော ဥဩငှက်သည်း လွမ်းစရာ ဖြစ်သေသည်။ ကြက်ဖကြီးလည်း သူ၏ အမောက်ကြီး တကားကားနှင့် ဖွာပပေသတည်း။

ဤခေတ်အခါတွင် ကျွန်ုပ်တို့သည် ရှေးရိုးသဘောနှင့်သာ ကျေနပ်နေရုံ မဟုတ်၊ တိုးတက်၍ ကြီးစည်သင့်သော အချိန်လည်း ဖြစ်တော့သည်။ တိုးတက်၍ ကြီးစည်ခြင်းသည် ထိတ်လန့်စရာ မဟုတ်၊ ချစ်စရာ ဖြစ်သင့်လှပေသည်။

မြန်မာပြည်၌ ယခုအခါတွင် မြန်မာစာပေနှင့် စပ်လျဉ်း၍ ရှေးရိုး မပါလျှင်၊ ထိုရှေးရိုး မပါသော စာမျိုးကို အရေးမယူထိုက်သော စာဟု ယူဆလျက် နေကြသည်။ ထို ယူဆခြင်းသည် စင်စစ်မှားပေသည်။ အကြောင်းစာတရားသည် ရှေးရိုးကို မမှီ၊ ကျမ်းဂန်ကို မမှီးသော်လည်း ခေတ်ကိုကြိုသော စာ ရှိနက၊ စာ ရှည်တော့သည်။ အကြောင်းအခါများက ကျွန်ုပ်တို့၏ မြန်မာစာပေသည် ထိုသို့ ထိုသို့ ဖြစ်ခဲ့ပေသည်။ ဤယခုအခါတွင် ဤသို့ ဤသို့ အဘယ်ကြောင့် မဖြစ်နိုင်ပါသနည်း။

ဤ“ယေ  ဆန်းချင်သူ” ဘာသာပြန်ပြဇာတ်တွင်၊ ပြင်သစ်လူမျိုး (မိုးလယ)ဆရာကြီးသည် မိမိ၏ ပဋိဘာနဉာဏ်ဖြင့်၊ ဤသဉ္စသောကကြီးကို မှုမှုနွှားနွှား သုံးသပ်လေ့လာပြီးလျှင်၊ သောလုံး ထိုင်ထိုင်ဖြင့် ထန်းဆား ဆင်ထားသော ‘လူ့ဇာတ်’ တခုကို ပြခဲ့လေသည်။ ထို့ကြောင့် ဤပြဇာတ်ကို ဖတ်ရှုသူတို့သည် မှတ်စရာ၊ သွားစရာဟု ခေါ် ဆိုကြသော မှတ်စရာ၊ သွားစရာ၊ ဗဟုသုတ အင်

အဝတ်ကို အရေးတကြီး အလေးမမူတဲ့၊ (မိုးဝေယံ) ဆရာကြီး မြင်သလို မြင်အောင်ကြည့်၍၊ မိမိတို့ဘာသာ ဆင်ခြင်ကြပါကုန်။

ဤ မြန်မာ့ဝတ်ကို ဘာသာ ပြန်ဆိုရာတွင်၊ ကျွန်ုပ်အား ကူညီကြသော ရန်ကုန်တက္ကသိုလ် ပိဋကတ်တိုက်ရှင်၊ ဝိဇ္ဇာဘွဲ့ရ ဦးခင်ဇော်၊ ဝတ်လုံတော်ရ–ဦးချွန်ထွန်းနှင့်တကွ၊ ဘန်ကောက်မြို့မှ စေတနာသင်သော မြို့ခံကျောင်းသားဟောင်း မောင်တိုးမိန့်တို့အား များစွာကျေးဇူးတင်ပါသည်။ ရှေးဦးစွာ (ဆရာဝန်ပါတဲ့) မြန်မာ့ဝတ်ကို၊ ဘာသာပြန်သော ဦးဘရွှေသောင်းကိုလည်း သတိရပါသည်။

**မောင်စီသိန်းမာန်။**

၁၂၉၃-ခု၊ ကဆုန်လ။

—=:o:=—

**မိုးဝေယံနှင့် မဟာဆန်ချင်သူ မြန်မာ့ဝတ်။**

မိုးဝေယံ၏ အမည်ရင်းမှာ၊ ဦးကလယ်ထင် ဖြစ်ပေသည်။ ကုန်သည်မျိုးရိုး ဖြစ်၏၊ ခရစ်သက္ကရာဇ် ၁၆၂၂-ခုနှစ်တွင် မြင်သစ်မြို့တော် ပါရစ်၌ ဖွားမြင်လေသည်။ ငယ်ရွယ်စဉ်အခါက ဂရိတ်လူမျိုး၊ ရောမလူမျိုး ပညာရှိတို့ ရေးသားသော "ဟာသသဘာတ" ကျမ်းများကို လေ့လာခဲ့ဘူးလေသည်။ မိုးဝေယံမှာ ကုန်သည်မျိုးရိုးပင် ဖြစ်သော်လည်း၊ အတီးအမှုတ်၊ အကအခုန်၌ ဝါသနာပါရှာသဖြင့်၊ အသက် နှစ်ဆယ် ပြည့်သောအခါ၊ မိမိကိုယ်တိုင် ဇာတ်ခုံထောင်၍၊ ပါရစ်မြို့တော်တွင် ခင်းကျင်း ပြသကာ အသက်မွေးလေသည်။ ထိုအခါက ပါရင်မြို့တော်တွင် နိုင်ငံကျော် ထူထပ်ရှာသဖြင့်၊ ၎င်း၏ ဇာတ်ကို ဂရုမစိုက်ကြချေ။ မိုးဝေယံလည်း မွဲလေသည်။ ပွဲ၌ ထွန်းသော ဖယောင်းတိုင်ဖိုးကိုပင် အကြွေးမပေးနိုင်သဖြင့် ခေတ္တ အချုပ်အနှောင်ခံရဘူးလေသည်။

ပါရစ်မြို့တော်၌ လေးနှစ်တိုင်တိုင် ပွဲကောင်းအောင်းနှင့်၊ မိမိ၏ ဇာတ်ကို ထင်ပေါ်အောင် ကြိုးစားပါသော်လည်း အထ မမြောက်ခဲ့ချေ။ နောက်ဆုံး၌ မိမိ၏ ဇာတ်သားများနှင့် နယ်သို့ ထွက်၍

ဇာတ်ရေးဆရာ တဖြည်း၊ ဇာတ်ဆရာ တဖြည့် အသက် မွေးခဲ့သည်၊ ကျော်လည်း ကျော်စောခဲ့ ပေလေသည်။ ဆယ့်လေးပါး မြောက်, လွစ်ဘုရင်လည်း ၎င်း၏ ဇာတ်များကို နှစ်သက်, အားရ တော်မူသဖြင့် ပါရစ်မြို့တော်သို့ခေါ်၍ ဖျော်ဖြေစေချီ ဖြစ်ခဲ့လေသည်။

မိုလယ်ယာ အရပ်ဖြင့်၍ သနား,ကြင်နာတတ်သောသူ ဖြစ်ခဲ့လေသည်၊ ရက်လည်း ရက်ရောတတ်၍၊ ရွှင်လည်း ရွှင်တတ် သောသူ ဖြစ်ခဲ့လေသည်၊ ၎င်းရေးသားသော ဇာတ်များမှာ ဟာသဇာတ် များလေသည်၊ ရေးသော အကြောင်းအရာတို့မှာလည်း၊ လူ့ဘောင်က 'လေကီလူပုတ် လူတို့ဇာတ်' အကြောင်းပင် ဖြစ်လေသည်။ ပြဇာတ် ရေးရာတွင် ဂုဏ်,ပကာသနကို လွန်မင်းစွာ ခုံမင် လိုက်စားတတ်သော လူမျိုးတို့၏ သဘော၊ ကြောင်သူတော်တို့၏ သဘော၊ ဆေးသမား အတု,အယောင်တို့၏ သဘောကို အများ သိသာအောင်၊ သတိထား မိသာအောင်၊ ပြောင်ချော်၍ ရေးသားခဲ့လေသည်။ ဟာသ,အရာနှင့် ရှုထောင့်ကို ရေးဖြရာတွင်၊ အင်္ဂလိပ်လူမျိုးတို့သည် မိုလယ်ယာအား ရှိတ်စပီးယားနှင့် နှိုင်းလေသည်၊ ကျွန်ုပ်တို့ကား ဦးပုညနှင့် တူလှပေသည်ဟု ဆိုသင့်လှပေသည်။

ဤ ယခု မြန်မာဘာသာပြန် ယောသဆန်ချင်သူ ပြဇာတ်မှာ၊ ပြင်သစ်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီးသော <u>Le Bourgeois Gentilhomme</u> ဟူသည့် မြန်မာဘာသာသို့ တဆင့် ပြန်ဆိုရသဖြင့်၊ မူရင်း ပြင်သစ် ပြဇာတ်မှ နှစ်ဆင့် ပြောင်းခဲ့ပေပြီ ဖြစ်သောကြောင့် မူရင်း ပြဇာတ်၏ ဂုဏ်,သတ္တိကို ထက်ဝက်ရလိမ့် ထိန်းနိုင်ရန် ခဲယဉ်းပေသည်။ ပြင်သစ်ကျောင်းမှာကား၊ ဤ ပြဇာတ်သည် အကောင်းဆုံးသော ပြဇာတ်တခု ဖြစ်၍ အထွန်း ထင်ရှား,ကျော်စောလှပေသည်။

ဇာတ်သိမ်း တခုလုံးမှာ (ဤ မြန်မာဘာသာပြန် ဇာတ်၌) ဦးရွှေနှောင်း၏ အကြောင်းပင် ဖြစ်ခဲ့လေသည်။ ဦးရွှေနှောင်းမှာ သိကုန်သည်တဦး ဖြစ်၍၊ ငွေနှင့် အထွန်းပေါ်ပါလိုသဖြင့် အပြော,အဆို အနေ,အထိုင်မှစ၍ ယော,ဆန်အောင်၊ ရုပ်ကြီးသားဖြစ်အောင် ကြိုး

ကြိုလျက် နေသည်။ ဆရာအမျိုးမျိုးတို့ကို ငှါး၍ မိမိအိမ်၌ ထည့် ရေးသည့် ထိပ်တန်းကျသည် ဆိုသော တိုင်းပညာများကို သင်ကြား၍ လေ့ လာနေသည်။ သင်ကြားရင်း မိမိကိုယ်ကို မိမိ အထင်ကြီး၍ တွေး ကြီးသပြီးလျှင်၊ မိမိ၏ ဘိုးသည် မဟာသိ၊ မဟာဝေးများနှင့်သာ ထိုက်တန်သည်ဟု ထင်နေသည်။ နောက်ဆုံး၌ ရုတ်ချည်းပျင်း ရှုပ်သော ဘိုး၏ ချစ်ရည်းစားက ယိုးဒယားမင်းသားနောင် ဆောင်၍ ဘိုးကို ယူလိုက်လေသတည်း။

'ဇာတ်ထဲမှာ တိုတောင်း၍သော်လည်း၊ လူတို့၏ ဇာတိကို ဖြစ်ရာတွင် ထင်ရှား၍ ဟာသရသနှင့် ပြည့်စုံပေသည်။ အပြန်အလှန် ပြောဆိုကြသော စကားများမှာလည်း ဇဝနရသနှင့် ပြည့်စုံ ရှာပေသည်'။

——း၀း——

**ဇာတ်ဆောင်သူများ။**

ဦးရွှေနှောင်း ...... သိကုန်သည်သူဌေး။
ဒေါ်ဝါ ...... သူဌေးကတော်။
မရွှေသစ် ...... ဦးရွှေနှောင်း၏ သမီး။
မယ်မှုံ ...... မရွှေသစ်ကို စောင့်ရှောက်သူ။
မောင်ပန်းရွှေ ...... မရွှေသစ်၏ ရည်းစား။
မောင်ဆောင် ...... မောင်ပန်းရွှေကို စောင့်ရှောက်သူ။
ခင်ခင်ထား ...... ဝန်ကတော်ကျ။
မောင်မောင်ဆင် ...... ခင်ခင်ထား၏ ရည်းစားလုံးဘိုချာစား။
ပြွေယ်နှင့် ငွေယ် ...... ဦးရွှေနှောင်း၏ အခိုင်းအစေများ။
အဆိုသင်ဆရာ ......
အကသင်ဆရာ ......
သကြိုဟ်ဆရာ ......
ထိုင်းဆရာ ......
အင်ချုပ်သမား ......
ဘိနပ်ချုပ်သမား ......

ထိကြား၊ ဖြပ်တွေ့များ၊ ရုပ္ပါရုံများ၊ အတီးအမှုတ်ဆရာများနှင့် အခြားသေပည့်လက်သားများ၊

အခါမှာ ထိပေါင်းတရား လက်ဆက်တော်နေရာမှာ မန္တလေး မြို့ခွန်ကို-ဦးဘွဲ့နှောင်း၏ အိမ် ဖြစ်လေသည်။

# မဟာဆန်ချင်သူ ပြဇာတ်။

—=:○:=—

ဆိဂရုန်သည့် ဦးစွမ်းနှောင်း၏ အိမ်ခန်းတွင်းသို့ အကသင် ဆရာ၊ အဆိုသင် ဆရာနှစ်ဦးနှင့်၊ ၎င်းတို့၏ တပည့်လက်သားများ ထွက်လာသေး၏။

—=:○:=—

## အခန်း—၁။

### ခန်းကွက်—၁။

အဆိုသင်ဆရာ။ ကဲကဲ၊ တပည့်တို့၊ သူဌေးမင်းကို စောင့်ရင်း ဒီမှာ ထိုင်ကြကွဲ့။

အကသင်ဆရာ။ မင်းတို့ကလဲ ဒီမှာ ထိုင်ကြကွဲ့။

အဆိုသင်ဆရာ။ (တပည့် တယောက်အား လှမ်း၍)သီချင်း ရေး ပြီးပလားဟေ့။

တပည့်။ ဟုတ်ကဲ့၊ ပြီးပါပြီ။

အဆိုသင်ဆရာ။ မှန်း-ကြည့်စမ်းရအောင်၊ ဆဲဆဲ၊ တော်ပြီ့တော် ပြီ။

အကသင်ဆရာ။ ဘယ်ဟို့၊ နေခင်ကြီးတို့က သီချင်းအသစ်တွေ ရေးနေထင်တယ်။

အဆို။ ဗြောင်၊ ဆန်းဆို၊ ကျုပ်တို့ သူဌေးမင်းက ခပ်ဆန်းဆန်း ကြိုက်သကောသေး၊ စောင့်ရင်း ဆိုသလို တပည့် ကျောင်ကို အရေးဆိုင်းသွားရတယ်ဗျ။

အကာ။ တဆိတ်တာ၊ဆိုကြည့် စမ်းရအောင်လေ။

အဆို။ အို......ညီမောင်နှယ်၊အရင် လိုလှချေ ကလေး။ သူဌေး မင်း ဖြစ်လာတော့ ကြားရမှာပေါ့ဗျ။ ငြိမ်ငြိမ် နေစမ်းပါ။သူဌေးကြီး ဖြစ်လာပါတော့မယ်။

အကာ။ ကောင်းပါ့ဗျာ၊ကောင်းပါ့။ နို့-နောင်တော်တို့ ကျုပ်တို့ ရဲ့ပညာတွေဟာ စင်စစ် ကဲ့ရဲ့ ရှုတ်ချစရာတွေ မဟုတ်ဘူးနော်၊အင် မတန် အကျိုးထန်တဲ့ ပညာတွေ ဖြစ်တယ်။

အဆို။ အေးပေါ့။ အကျိုးထန်ဆို-ကျုပ်တို့မှာ ဦးရွှေနှောင်းလို လူမျိုးနဲ့တွေ့လို့ ငွေဝင်လမ်း မှန်ပြီ၊ ကျုပ်တို့ရဲ့ လိုတာ ဖြည့်ရုံနေပြီ မဟုတ်လား။ ညီမောင်လဲ သိတဲ့အတိုင်းဘဲ။ ဦးရွှေနှောင်းကြီးဟာ ထကာယ်ဆိုချင် ကိုယ်က ကုန်သည်ကဘဲ။ ဗိုးဗိုး ထန်းထန်း နေပါ တော့ထား။အခုတော့ သူက သူ့ကိုယ်ကို သူ မဟာမျိုး,မဟာနွယ် ထင်နေပြီး နန်းတော်သားများလို အပြည့်,အကျေး အသိမ်မွေ့ ကြိုက်လိုက်ရတာ လွန်လို့။ လောကမှာ ဒီလိုလူမျိုးတွေချည်း ရှိနေ ယယ် ဆိုရင်၊ ညီမောင်တို့,ကျုပ်တို့မှာ ငွေပုံပေါ် ကသေးသေး ထိုင် နိုင်တာပေါ့။

အကာ။ အို——နောင်ကြီးနှယ်၊ ကိုယ့်ဘက်ကိုချည်း ယက် သကိုးဗျာ ပရဟိတ ဆိုသလို၊ ကျုပ်တို့ရဲ့ ပညာကိုလဲ ထတ်မြောက် အောင် သင်တို့ကျွက်လဲ ရှိပေသေးတယ်၊နောင်ကြီးရဲ့။

အဆို။ အေးလေ၊ ကျွတ်လဲ တစ္စ ရှိသေးတာပေါ့။ နို့,ပေတဲ့ ငွေများများကြီး ပေးနိုင်ပါစေ ဆိုတာကိုလဲ အောက်မေ့ ရမယ်။ ဒီလိုမှ မအောက်မေ့ရင် ကျုပ်တို့ ဒီပညာကို ဘာလုပ်ဖို့ သင်မှာလဲ။ စဉ်းစားရုံးလေ။

အကာ။ ကျုပ်တော့ အတည့်ပြောရမှာဖြင့် ဒီပညာကို သင် ထာ ရတ်ကြက်သရေကို လိုလားလို့ သင်တာဘဲ နောင်ကြီးရေ့။ ကျုပ်မှာတော့ ပရိသတ်က ဝိုင်းပြီး ဩဘာပေးလိုက်ပလား ဆိုရင် တကိုယ်လုံးကို မိန့်မိန့်သွားတာဘဲ။ ဒီလိုရှိတယ်နောင်ကြီးရဲ့။ သ ဘင်ပညာဆိုတာဟာ ထန်ဆာဆင်ထားတဲ့ အထက်ဘ ပညာမျိုး

ဖြစ်တော့ လူရွှေ လူမိုက်တို့နဲ့ နှံ့နှံ့မှ သန့်တာ ရေတာ မဟုတ်ဘူး။ နားမလည့်ပါးမလည်တဲ့ လူတွေအနေ့မှာ သွားပြီး ပညာစွမ်းကို ထုတ်ပြရမယ်ဆိုရင်လဲ ဖုံးကနဲ့ လဲသေတို့သာ ကောင်းတယ်၊ အလင်္ကာ ပညာမျိုးကို နားလည် ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်များက ကျုပ်တို့ရဲ့ စွမ်းရည်ကို တော်၏ မတော်၏ ချင့်ချိန်ပြီး ချီးမွမ်းလိုက်ရင် ကျုပ်တို့မှာ ပင်ပန်းကျိုးလဲနပ်၊ ဝမ်းလဲ မြောက်တာပါဘဲ။ ဒီတော့ ကျုပ်တို့ရဲ့ သဘင်ပညာမှာ အရေးကြီးတဲ့ ရည်ရွယ်ချက်က ပရိသတ်များ နားလည်အောင် ပြသပြီး ချီးမွမ်း တော်နော ပြုကြအောင် ကြိုးစည် ရမယ်။ အလည့် ပြောရမှာဖြင့် ပညာရှိ ပင်းပရိသတ်တို့ရဲ့ ချီးမွမ်းသံကလေးကို နားထောင်ရရင် အမြတ်ဆုံးဘဲလို့ ထင်ပါတယ်။

အဆို။ အေးပေါ့။ ကျုပ်သဲ အများက ဝိုင်းပြီး ချီးမွမ်းတာကို သဘောကျပါတယ်။ အင်မတန်မှ နှစ်သက် ဝမ်းမြောက်စရာလဲ ဖြစ်ပါတယ်၊ ဝိုင်းဝိုင်းပြီး ချီးမွမ်းကြတာဟာ အကောင်းဆုံးပေါ့။ ထို့ကြောင် ချီးမွမ်းသံကလေးနဲ့ဘဲ ကြေနပ်မယ် ဆိုရင် ထမင်းငတ်လိမ့်မယ်။ ပညာရှိကြီးများရဲ့ ချီးမွမ်းတာကိုသာ တသက်လုံး နှစ်သက်နေမယ်ဆိုရင်လဲ ဝမ်းဗရောင်းရ ခက်တော့မပေါ့။ ဒီတော့ သူ့အကျိုး ကိုယ့်အကျိုး ဆိုတာလို၊ အကျိုးနှစ်ခု ရှန်းတွဲနေမှ ကောင်းတယ်။ ရုန့်ရုန့် ပြောလိုက်မယ်။ ငွေအိတ်ကြီးကို သွန်သွန်ပြီး ချီးမွမ်းမယ်ဆိုရင် ဘယ်ပြောကောင်းမလဲ၊ ငါ့လူရ။ ကိုယ်တို့လု ဦးရွှေနှောင်းဆိုတာမတော့၊ တတ်သဘင်ကားနဲ့ ဘာမှ နားမလည်ဘူး မှန်ရဲ့၊ သူ ပြောလိုက်ဆိုလိုက်ရင် အတွဲချည်းဘဲနော့၊ ပေတဲ့၊ ငွေဆိုတဲ့ ဝေါင်းဗင်္ဂါးတွေက ပြောင်ပြောင် ပေးသေရှ။ ငွေကသာ အရာရာမျိုးမှာ အောင်မြင်တယ်ဆိုတာကို ညီမောင်အသိသား မဟုတ်လား။ ဒီတော့ ဦးရွှေနှောင်းလို လူမျိုးဟာ ကျုပ်တို့အဘို့မှာ ပညာရှိများထက် အဘိုးတန့်ဟန်ကျ သဗျ။

အက။ အတည့်ပြောရမှာဖြင့်၊ နောင်ကြီးပြောတဲ့ စကားလဲ မှန်ရဲ့။ နို့ပေမဲ့ နောင်ကြီးက ငွေစကား ပြောသွန်း အားကြီးတယ်

ထင်တယ်။ အစ္စပါနီတ ကိုယ်ကျိုးသက်သက် ဖိလိပ်ကြီးလို ကိုယ့်ဘက် ထောက်တဲ့ သဘောတရား၊ သူယုတ်မာတို့ရဲ့ သဘောဖြစ်လေသော နောင်ကြီးတို့လို ကျုပ်တို့လို အသက်သာသမားများဟာ ဤသဘောတရားများကို များများကြီး ရှောင်ကြဉ်ဖို့ သင့်တယ်။

အဆို။ ဟော့ဟော့၊ ဘုရားအလောင်းရဲ့၊ တော်စမ်း။ မင့်ပါးစပ်ကမြင့် ဘုရား့ဘုရား ထောက်ကတော့ ကိုးယိုးကားသား။ ဟိုလူကြီးက ငွေပေးတော့လဲ မင်းမယူဘဲ နေတာမဟုတ်ဘူးတော်ကွယ်။

အကာ။ ဗြော်–ယူတာလဲ ယူတာ ထခြားပေါ့ နောင်ကြီးရဲ့၊ နို့ပေမဲ့ နောင်ကြီးက ငွေစကားပြောလွန်းလို့ပါ။ တကယ်ဆိုတော့ သူ့ခမြာကို ထော်မြောက်အောင်၊ ဝါသနာပါအောင် ဆိုသံလိုလဲ အောက်မေ့ကောင်းပါတယ်။

အဆို။ ဟာ–မင်းလိုဖြင့် ငါသဲ အောက်မေ့ တတ်သားပေါ့ကွ။ အေးလေ၊ ဘာတဲ့ပြောပြော သူက ငါးချမ်းပြီး နိုင်းစေတဲ့ အတွက်၊ တို့မှာ နာမည်တလုံး ရအုံးတော့မှာပေါ့။ သူ့ကိုသာ မြှောက်ပေး၊ ငွေတော့ ကျပြီးသားဘဲ။

အကာ။ တော်ခုံး၊တော်ခုံး၊ဟောဟိုမှာ လာနေပြီ။

—:o:—

## ခန်းကွက်–၂။

ဦးရွှေနှောင်းသည် သားမွေးအင်္ကျီကြီးကို ဝတ်ဆင်၍၊ နောက်ပါ အခိုင်းအစေ နှစ်ယောက်နှင့် ထွက်လာစေ။

ဦးရွှေနှောင်း။ အလို ဆရာတို့ဒီခါ စောစောဘဲ ကြွလာကြသကိုး၊ကိုင်းကိုင်း၊ဆရာ့ရဲ့ ရှုတွေးတူး ပညာကဗျာလေးတွေကို ဖြေကြစမ်းလေးရာ။

အကာ။ ဘာပြောတယ် သူဌေးမင်းရဲ့။

နှောင်း။ ဟား.... ဟား.... ဟား.... အနို့ ဘယ်နှဲ့ ခေါ်ရမလဲ။ အမိန့်ရှိကြစမ်းပါလေ။

အကာ။ ဪ၊ သူဌေးမင်းနှယ်။ ကျွန်းတော်တို့ရဲ့ သဘင် ပညာဟာ အဋ္ဌာရသ (၁၈)ပါးသော အတတ်တွေမှာ ပါဝင်ပါ တယ်ဗျ။

အဆို။ ဟဲ့၊ဟဲ၊ အဆင်သင့်ဘဲ၊ ဪရှိရဲ့လေ။

နှောင်း။ ကျုပ်ဗျာ၊ ဒီမနက် သိသိကလေး အချိန် နောက်ကျ သွားတယ်။ သည်းခံကြဗျာ—နော်ဗျာ၊ ဘာကြောင့်လဲလို့ ဆိုတော့၊ ကျုပ်က ယနေ့တော့ တကယ့်ဂုဏ်နဲ့ ဖြစ်နဲ့ ပြည့်စုံကြွယ်ဝတဲ့ လု ဂုဏ်တန်, ရွှေမြို့တော်သားများလို ဝတ်စား ဆင်ယင်ချင်တဲ့ ဆန္ဒ အာသီသ ရှိသကိုး၊ ဟုတ်၏၊ ကျုပ်မိတ်ဆွေတဦးက ရွှေမြို့တော်မှာ မပေါ်သေးတဲ့ ပုဝါတပိုင်လဲ လက်ဆောင် အဖြစ်နဲ့ ပို့လိုက်သေး တယ်။

အဆို။ မှန်ပါ၊ သူဌေးမင်းမှာ အရေးကြီးတယ်ဆိုရင်လဲ ဆိုင်း ခုတာပေါ့။

နှောင်း။ ဆဲ— ကောင်းသဗျာ၊ တယ်ကောင်း။ နောက်ပြီး တော့၊ အနှီလို ရှိသကိုး။ ကျုပ်ဆီကို ထိုင်မသိမ်းအင်္ကျီ တထည် ကိုလဲ အပို့ဖွတ်လိုက်လိမ့်မယ်။ ဒီတော့ ခင်ဆိုင်းဆိုင်းပေါ့ဗျာ..... နို့မှ.....

အကာ။ သဘောတော်အတိုင်းပါခင်ဗျား။

နှောင်း။ ဆဲ့ဆဲ၊ နို့မှ ကျုပ်ရဲ့ ဦးခေါင်းမှ ခြေဖျားတိုင်အောင်၊ ခြေဖျားမှ ဦးခေါင်းတိုင်အောင် ကျကျနန, ဖွဖွပပကြီး ဝတ်ဆင် ထားတာကို မြင်ရမှာပေါ့-ဟုတ်၏။

အဆို။ အင်း ..... သူဌေးမင်းနဲ့ ထိုင်မသိမ်းအင်္ကျီနဲ့ ဆိုရင် တယ်ကြက်သရေ ရှိမှာပါဘဲဗျား။

နှောင်း။ ငင်းနောက်၊ အနှီလို ရှိသေးသကိုးဗျ။ ထိုင်မသိမ်း အင်္ကျီဆိုတာမှာလဲ ကျုပ်အတွက် သီးသန့်ခြားနားပြီး ချုပ်လုပ်တဲ့ အင်္ကျီ ဖြစ်သကိုးဗျ၊ ဟုတ်၏။

အကာ။ အင်္ကျီကမြင့် တယ်ဖွာမနော်-သူဌေးမင်းရဲ့၊

နှောင်း။ အို–ဗုဒ္ဓ ဘာဖြစ်ကောင်းမလဲ၊ ယခု ဖွဲ့လိုက်မဲ့ အင်္ကျီမျိုးကို ရွှေမြို့တော်မှာ လူရည်ချွန် မင်းစိုးရာဇာများသာ ဝတ်စားဆင်ယင်ကြတယ်လို့ ကျုပ်အစ်ချုပ်သယားက ပြောသွားတာက လား-ဟုတ်စ။

အဆို။ ဧချွဲ ကန်ပါပေတယ်ချာ၊ဧချွဲကန်ပါပေတယ်၊

နှောင်း။ ဟဲ့ ကြွယ်တို့၊ နွယ်တို့၊ ဒီအကောင်တွေ ဘယ်သွားနေကြတာလဲ။

ကြွယ်။ ရှိပါ့ဘုရား၊ ရှိပါ၊ ဘာများ အလိုတော်ရှိပါသတုံးဘုရား။

နှောင်း။ ဘာမှတော့ အလိုမရှိပါဘူး၊ငါ့ခါတော ကြွားရဲ့လားလို့ ဝမ်းခေါ် ကြည့်တာ။ (ဆရာများဘက်သို့ လှည့်၍) ဟော–ကြည့်စမ်း၊ ကျုပ်အခု ဝတ်ဆင်ထားတဲ့ သားမွေးအင်္ကျီကြီးတော့ မဟန်ဘူးလား။

အကား။ အင်မတန် တင့်တယ်ခန့်ညားပါတယ်သူရွှေမင်း၊

နှောင်း။ (ဦးခွန်နှောင်းသည် သားမွေးအင်္ကျီကြီးကို ချွတ်၍၊ တရုတ်ရင်ဖုံးအင်္ကျီ ခပ်ကြပ်ကြပ်နှင့် ဟန်ပါပါ ရပ်လျက်) ဒီရင်ဖုံးအင်္ကျီကိုလဲ ကြည့်စမ်း၊ ဝတ်ရတာ နဲ့နဲ့တော့ ကသိကအောင့် အနှိုင်သော။

အဆို။ ဘွဲ့–ခေတ်အလိုက် ခါတော်ချိန်ဆိုတော့ အင်မတန်မှ ရှုပ်ထည်ကျေးပါပေတယ်၊ သူရွှေမင်း။

နှောင်း။ ကြွယ်။

ပထမအစေခံ။ ဘုရား။

နှောင်း။ ဟဲ့ နွယ်ကော၊

ဒုတိယအစေခံ။ ရှိပါ့ဘုရား-ရှိပါ၊

နှောင်း။ အေးအေး–ရှိရင် ပြီးရော၊ ကိုင်း တော်ပြီ၊ တော်ပြီ၊ အလုပ်စခန်းကလေး စလိုက်ကြအုံးမှရဲ့။

အဆို။ ဓဆို့ဒီလိုကိုး၊ ရှေးဦးစွာ ဟော–ကျွန်တော် တပည့်တော်ချာ စပ်ဆိုထားတဲ့ တေးတပုဒ်ကို နားတော်ဝင်တို့ဘဲရှု၊တပည့် ဆို

ပေတယ်လို့ ပြောစပ်တဲ့ အရေမှာ၊အင်မတန်မှ ထက်မြက်တဲ့ ပုဂ္ဂိုလ် ကလေးပါဘဲ၊သူဌေးမင်းရဲ့။

နှောင်း။ ပေါ့ ဆရာရဲ့၊ နေစမ်းပါဦး။ တပည့်က ဆရာထက် တော်ရအုံးမှာလား။

အဆို။ ဗြိဒ်—တပည့်က စပ်တယ် ဆိုဒါနဲ့၊ အထင် လွဲဘို့ မဟုတ်ပါဘူး။ဒီတပည့်မျိုးကတော့ ဆရာထက်တောင် ထက်ဆောင်း ထက်ပါတယ်။ ရှုစရာ ရှိရပါစေရဲ့၊ယုံပါတော့။ ဟဲဟဲ-နားတင် တော်မူပါ၊သူဌေးမင်း။

နှောင်း။ ဟဲ့ ဖြွယ်၊ ငါ့သားမွေးအင်္ကျီ ပေးစမ်းငါ အင်္ကျီ ဝတ်ပြီး နားတင်စမ်းမယ်၊ဟဲ့—နေဦးဟဲ့၊နေဦး၊မဝတ်ဘဲ နားတင် ရင် သာကောင်းလိမ့်မယ် ထင်တယ်။ ဟာယ်—ပေးတော့၊ပေးတော့၊ ဝတ်ပြီး နားတင်မှ သာကောင်းမယ်၊ဟုတ်စ။

(တပည့်က သီဆိုရမည်မှာ၊—)

ပြောင်းလိုသော ရွှေ၊ ခင်တို့ရွှေ တယ်နတ်မှာဖြင့်၊ ရွှင်တော် နိုင်ဘဲ။ ။

မျက်ထားတော် သုံ၊ မိတ်မိတ်ကယ် ရွှေရင်ဝံ့ခွာချည့်၊ စပယ်ငုံ မောဟူးရယ်ကြောင့်၊(မောင်မောင့်မှာဘျာ)ချူးလိမ့် မတွဲ။ ။

နှောင်း။ အင်း၊ ကောင်းတော့ ကောင်းပါရဲ့၊ နို့ပေတဲ့ ဖြင်း စရာကြီးလှကို ဖိပ်ချင်သွားတာဘဲ၊ခပ်ရွှင်ရွှင်မှ ကျုပ်က ကြိုက် တယ်ဗျ။

အဆို။ ဗြွတ်—ဒီလို ရှိတာကိုး သူဌေးမင်းရဲ့၊သီချင်းစပ် ဆို တာမှာ သူ့အခါပွဲနဲ့,အရသာကို လိုက်ပြီး အသံ သွင်းပေးရတယ်။ ဥပမာ၊—လွမ်းစရာအကြောင်း ဖွဲ့နွဲ့မယ် ဆိုရင်၊ အသံကလေးကိုက လွမ်းစရာအသံ ဖြစ်ပေါ်လာရမှာကိုး၊သူဌေးမင်းရဲ့။

နှောင်း။ နေစမ်း၊ နေစမ်း။ ကျုပ် လုပ်မှုတုံးက ရည်းစားစာ ပေးဘူးတယ်။ ခဲ့ဒီတုံးက ပေးတာစုန်တော်ပေါင် ရေးဘူးသေးတယ်။ တောက်.....ပါးစပ်ဖျားတွင် မေ့သွားတယ်။ နေစမ်းပေ၊ ဒီသီချင်း ထဲမှာ၊"ပေါ်ပြူပြူ ချက်ခိုးနဲ့"ဆိုတာ ပါပါတယ်။

အက။ ဘဲ့နဲ့၊ဘဲ့နဲ့၊ ပေါင်မြွမြွ မျက်ခုံး ပါတယ်၊

နှောင်း။ ဆဲ့၊ဆဲ၊ သတိရလာပြီ၊

အလုံ့မယ် ခေါ်ဂျူးတော၊
ချောလိုက်တဲ့ မောင်ညွာ၊
ပြောလိုက်ပါ့ သေချာအောင်၊
ယောင်နှင့်မယ် နှစ်ပါး၊
ကိုမှောင်းရဲ့ ချစ်ရောဝယ်၊
မြတ်စွိနေ့ ရူးရပါသိမ့်၊ ။
ပညာရှိ တပါးရှောင်ထွေး၊
သည့်လူမှာ ခက်ဆုံး၊
ပေါင်မြွမြွ မျက်ခုံးနှင့်၊
ခြေသလုံး နှစ်သွယ်၊ ။
ပဒေါင်းလို ပျော့ခြွင်းရှိ၊
လက်နှစ်ချောင်း ထည့်တယ်၊

တဲ့နဲ့ ပဒေါင်းသားများ။

အဆို။ ကောင်းပါ့ခင်ဗျာ။ ဇမ္ဗူဒိပ်ပါထက်ဂူတောင်ကျွန်းမှာ တွင် ပကာ၊ဂျန် သုံးကျွန်းမှာတော် ရှားပါတယ်၊သူရွှေမင်း။

အက။ တအာသွား,အလာ၊ ဝေယျာ,ဝေဒိမ်းမျှားလဲ တယ် ညက်ညောပါတယ်၊သူရွှေမင်း။

နှောင်း။ အမယ်၊ ဒါတောင် ကျူးဂ်ဟာ ဆရာနဲ့ ကျကျနန သင်ကြားရတာ မဟုတ်သေးဘူးဗျ။

အဆို။ သူရွှေမင်းခင်ဗျာ၊ ကျွန်တော် တရလောက် အစီရင် ခံစမ်းပါရစေ။ သူရွှေမင်းဟာ အင်္ဂါအမှတ်ချော,အကချော သင်တို့ ကောင်းတယ်။ ဘာဖြစ်လို့လဲ ဆိုတော့၊ ဒီပညာနှစ်ရပ်ဟာ ရှုံ့တဲ့ နေသကိုး၊သူရွှေမင်းရဲ့။

အက။ ဒီပညာတွေကို တတ်ပဘား ဆိုရင်၊ထိမ်မြွတဲ့ တရား ကို အလွယ်ကလေးနဲ့ ကျင့်နိုင်ပါတယ်၊သူရွှေမင်းရဲ့။

ချောင်း။ ဟေ့—ဆရာတို့ရဲ့။ ရှေးမြို့တော်သား လူ့ရာကျင့်, မင်းပိုးရာဇာတွေဟာ အတီးအမှုတ်,အကအခုန်ပညာကို လေ့လာ လိုက်စားကြသလားကွဲ့။

အဆို။ အင်မတန်မှ လေ့လာ,လိုက်စားကြပါတယ်၊ သူဌေး မင်း။

ချောင်း။ ဟာ—အနှီလိုဖြင့် ငါလဲ လိုက်စားမှာပေါ့ကွ။ နို့ပေတဲ့ ကျုပ်မှာက အချိန် မိုင်းဖြားတို့ ခက်နေတယ်။ ဘာကြောင့်လဲလို့ ဆို သော့၊ သိုင်းဆရာကိုလဲ ငှားထားတယ်၊ သပြိုဟ်ဆရာကိုလဲ ငှား ထားတယ်။ ဒီမနက်မှာဘဲ သူတို့ လာကြမိမ့်မယ် ထင်တယ်။

အဆို။ သပြိုဟ်ဆိုတာလဲ ကောင်းပါရဲ့၊ နို့ပေတဲ့ အတီး, အမှုတ်ဆိုတာမှာလဲ၊ ——

အက။ မှန်ပါတယ်၊ သူဌေးမင်း။ အကတို့ အတီး,အမှုတ်တို့ ဆိုတာမှာလဲ အင်မတန်မှ အရေးခရာကျပါတယ်၊

အဆို။ ဟော-သူဌေးမင်းရဲ့နိုင်ငံတော်၏ ကြီးပွားရာ,ကြီးပွား ကြောင်းကိစ္စမှာ၊ အတီး,အမှုတ်ပညာလောက် အသုံးဝင်တဲ့ ပညာ ဟာ ဘယ်မှာမှ မရှိဘူး။ မသေမချင်း မှတ်ဗျ။

အက။ ဟော—သူဌေးမင်းရဲ့။ မနုဿလူ့ဘုံမှာ အကပညာ လောက် အသုံးဝင်တာ ဘယ်မှာမှ မရှိဘူးဗျ။

အဆို။ အတီး,အမှုတ်ပညာ မရှိရင်၊ နိုင်ငံတော်ဟာ ဘယ် တော့မှ မတည်တံ့,မခိုင်ခံ့ဘူးဗျ။

အက။ ဟော—အကပညာ မရှိရင်လဲ၊ ဤမဟာပထဝီမြေကြီး ပေါ်မှာ ရှိတဲ့ လူသတ္တဝါတွေဟာ၊ဘယ်တော့မှ ငြိမ်း,သာသာယာယာ နေရမယ် မဟုတ်ဘူးဗျ။

အဆို။ လူမှု,လောကကြမ်းကြုတ်သတွေ၊ ခဏ,ခဏ စစ်မက် ဖြစ်ပွားကြတာတွေဟာ၊ အတီး,အမှုတ်ပညာကို ဂရု မစိုက်ကြလို့ ပေါ့။

အက။ ဟော—ဤလောကမှာ၊ ရှေး လွန်လေပြီးသော အခါက စ၍ ယနေ့ထက်တိုင် မဖြစ်သင့်ဘဲ ဖြစ်ကြရတဲ့ ဒုက္ခတွေ၊ ပညာရှိ

များရဲ့ အမှားတော်ပုံတွေ၊ စစ်ဗိုလ်များရဲ့ စစ်ရှုံးရတဲ့ အကြောင်းချင်းတွေဟာ၊ အကာပညာကို သေသေချာချာ မလိုက်စားကြလို့ပေါ့။

နှောင်း။ ဆရာတို့ စကားတွေ ဘဲ့နှဲ့ဟာတွေလဲ၊ ရှင်းကြပါဦးဟာ၊ ဆရာတို့ရဲ့။

အဆို။ စစ်ဖြစ်သွားတယ် ဆိုတာဟာ၊ လူမျိုးအချင်းချင်း မသင့်မြတ်ကြလို့ မဟုတ်လား၊ သူငွေးမင်းရဲ့။

နှောင်း။ အေး–ဟုတ်သကွ။

အဆို။ ဒီတော့–တကယ်လို့ ကမ္ဘာပေါ်မှာ ရှိတဲ့ ရှိရှိသမျှ လူခပ်သိမ်းတို့ဟာ အတီး၊အမှုတ်ပညာကို လိုက်စား၊ဝါသနာ ပါကြမယ် ဆိုရင်၊ စိတ်သဘောချင်း တူညီပြီး သင့်သင့်မြတ်မြတ် နေထိုင်ကြမှာပေါ့။

နှောင်း။ အေး–မှန်သပေါ့။

အကာ။ ဟဲ့ဟဲ့၊ ကျွန်တော်ကလဲ ရှင်းရဦးမယ်ပေါ့။ အကြင်သူတစ်ဦးသည် ရှေ့ရှေ့မှာသော်ရင်း၊ နိုင်ငံတော်၏ ကိစ္စမှာသော်ရင်း၊ ချွတ်ချော်မှားယွင်းသွားပြီလို့ ဆိုရင်၊ ထိုအကြင်သူအား "ဒီလူ–လှုပ်တာ့ ကိုင်တာဟာ ခြေဝါး မကျပါဘူး"လို့ ဝေါဟာရပြုတ် ပြောကြတယ် မဟုတ်လား၊ သူငွေးမင်းရဲ့။

နှောင်း။ အေး–ပြောတယ်ပေါ့။

အကာ။ ခြေဝါးမကျဘူး ဆိုတာဟာ၊ အကမတတ်တာက အစ မဟုတ်လား၊ သူငွေးမင်းရဲ့။

နှောင်း။ မှန်သပေါ့၊ ဆရာတို့နှစ်ယောက်စလုံး ဆိုင်တော်တဲ့ ဆရာတွေဘဲ။

အကာ။ ဒီတော့ အခု ကျွန်တော်တို့နှစ်ဦးစလုံးက သူငွေးမင်းကို အကပညာရေး၊ အတီးအမှုတ်ပညာရေး နှစ်ရပ်စလုံးကို ထိန်းချေချင်တဲ့ စေတနာက အင်မတန်မှ ထက်သန်နေတာကလား။

နှောင်း။ တော့ဘုရားပေါ့-ခေါင်ရော။ ကျွပ်မှာ အခုတော့ အနေတော် ခေါက်မိသွားပြီ။

အဆို၊ ကိုင်း။ ရှေးဦးစွာ သူဌေးမင်းကို ဆိုပုံဆိုနည်းကလေး ပြရဦးမှာပေါ့။ (အကသင် ဆရာဘက် လှည့်၍)ဆရာကလဲ သီချင်းဆိုတဲ့အခါ၊တပြိုင်ထဲရောပြီး ကပြကြရလိမ့်မယ်၊ ကိုင်း မိုးပတ် သီချင်း၊မိုးပတ်အကကိုဘဲ စကြစို့ရဲ့၊

ရှောင်း။ နေစမ်းပါဦး။ ဆရာရဲ့၊ မိုးပတ်သီချင်းဆိုတာ သာမည အညတြ တောသူ တောင်သားတွေတောင် လမ်းရိုးလျှောက်ပြီး ဆိုတဲ့ သီချင်းကလေးဘဲ၊မသေးနုပ်ဘူးလား ဆရာရဲ့၊

အဆို၊ ဒီလို ရှိသကိုး။ သူဌေးမင်းရဲ့၊ ရှေးရှေး မဟာသမတ မင်းများ ရှေ့လက်ထက်ခေတ်ကစပြီး၊ယခု တိုင်အောင် ကရန် မြွှေးတူး တဲ့ ရေပ်ပါးမှုဟာ ကျေးတောသားများက အစ ပြုပြီးမှ ထမြှေးမြှေး ဆန်းပြား သိမ်မွေ့လာတာကလား။ ဒီခေတ် ကိုး၊ဘွား၊ဘိ၊ဘင်တို့ရဲ့ ထုံးတီး နည်းနာအတိုင်း အမျိုးကို အမြွက် မဖုံးစေရဘူးဆို မဟုတ် လား။သူဌေးမင်းရဲ့၊

ရှောင်း။ ဒီလိုဖြင့် ကောင်းပါပြီ၊ကိုင်း-ဆိုပါတော့၊

အဆို၊ တို့တော့ မယ်တဲ့၊ဆိတ်တော့မယ်၊(၂)
ဘယ်ချောက်ကလာ ညာလှမ်းထိုးဘမ်းမိတော့မယ်၊
လေးတောင်ပြည့် ခန်းလယ်မှာ၊
ငါးတောင်ပြည့် ခန်းလယ်မှာ၊
မောင်ကြီးရွယ်တဲ့၊စပယ်ကုံးငယ်၊
အလိုချော ..... မင်းဘဲ့နဲ့တို့။

(အဆိုသင် ဆရာက သီဆိုသော အခါ အားလုံးတို့က တီးမှုတ် ကခုန်ရသည်)၊

ရှောင်း။ ဘဲ့နဲ့-ပြီးပလား။

အဆို၊ ပြီးပါပြီ၊သူဌေးမင်း၊

ရှောင်း၊ နင်း။အဟန်သလားဘဲ၊မှတ်စရာ ထယ်ကောင်း၊"လေး တောင်ပြည့် ခန်းလယ်မှာ၊ ငါးတောင်ပြည့် ခန်းလယ်မှာ"လို့ ဆို တော့၊ သူ့အခန်းဟာ ကျဉ်းကျဉ်းကလေးပေါ့၊ ဒီမှာပါဘဲလျှာ၊ဒီမှာ ပါဘဲ၊

အကာ။ အကာ-ဂေါ့ မကောင်းဘူးသား။သူဌေးမင်းရဲ့။

နှောင်း။ အင်း-မညှိုကြဘူးဗျ။ ဟို မိုးပတ်ကြီး ထည်ပင်းမှာ ဆွဲပြီး ကတတဲ့သူ ပေါ်ဟာ တယ်...ရှုန်းနိုင်သကိုး။

အညို။ သဘောင်ပညာ ဆိုတာဟာ အရေးရှိတဲ့ ပညာ မဟုတ်ဘဲကိုး။သူဌေးမင်းရဲ့။ ကျွန်တော်တို့မှာ သူဌေးမင်းအတွက် အရေးတတည်၊ သီချင်းအမျိုးမျိုး၊ အကာ အခန်းခန်းများကို စီမံ ထားပါတယ်။အင်မတန်လဲ ထူး၍ကျေးဇူးထိမ်းမွှေ့ပါတယ်။

နှောင်း။ တော်ကြပါပေတယ်ဗျာ။တော်ကြပါပေတယ်။ကျုပ်ကားမြီကရေ ညနေမှာ ဧည့်သည်တွေလာတာကို ထိတ်မနှုက ပြထားတော့၊ဆရာတို့ရဲ့ ပညာစွမ်းကို ပြရလိမ့်မယ်။

အကာ။ သူဌေးမင်းက ခိုင်းစေတော်မူရင် ကျွန်တော်တို့မှာ အကာလိုကား၊အချိန်မရွေး နှာခံရမဲ့သူများ ဖြစ်ပါတယ်။

အဆို။ ဒီလိုရှိသကိုး၊သူဌေးမင်းရဲ့။ တခါ နှစ်ခါ ဘိတ်မနှုက ပြရုံနဲ့ ဘယ်သင့်လျော်ပါ့မလဲ။သူဌေးမင်းလို၊ အင်း...... ဘောဂဗေဒနဲ့ ပြည့်စုံပြီး လောကတွင် ခမ်းနားခြင်း, ထိမ်းမွှေ့ခြင်း, ထင့်တယ်ခြင်း စသော ဂုဏ်ရေး ဝိသေသများကို ထိနားထည်တဲ့ ဂုဏ်ပုဒ်ရေး,ဂုဏ်ပုဒ်မြတ်များဟာ ထထိတင်းကို တကြိမ်တကြိမ် အမြဲမှီသာတင်တို့နဲ့ ရှောင်ဖြေ ကြတာကလေး၊သူဌေးမင်းရဲ့။

နှောင်း။ ဟော-ဆရာပြောတဲ့ ဂုဏ်ပုဒ်ရေး, ဂုဏ်ပုဒ်မြတ် များဟာ ဒီလိုဘဲ ရှောင်ဖြေ ကြသလား။

အညို။ ဒါပေါ့။

နှောင်း။ ဒီလိုဆိုရင်၊ ကျုပ်လဲ မရှောင်ဖြေဘဲ နေလို့ဘာဖြစ်မလဲကွဲ့။ဟုတ်စ၊

အညို။ ဆဲ့၊သူဌေးမင်းအိမ်မှာ သီတင်းစဉ့်တိုင်း အမြဲမှီသာတင်နှင့် ရှောင်းဖြေမယ်ဆိုတော့၊ သူဌေးမင်းရဲ့ အိမ်မှာ ဝေဝင်းတောက်တို့၊ဒိကျောင်းတို့၊ ကြောင်းပိုင်းတို့၊ ဆိုင်းဝိုင်းတို့၊ ပတ်တလားတို့၊ ထင်းကွင်းတို့၊ ဗုံတို့၊ဗုံရှည်ပတ်မတို့၊ နောက်ပြီး—နှဲ၊ခရာ၊တံမြှော်တို့၊ ထံရှည်တို့ —

နှောင်း။ ဟော့ဟော့–ဟိုဟာ ဘာခေါ်တယ်၊ ဆဲဆဲ– နှဲ့တဲ့ ဟုတ်စ။ အောင်ငင် ခင်ကြီးကြီးနဲ့ဟာ မဟုတ်ဘူး။ 'ကီး–တော့–တေ၁်'လို့များ မှတ်လိုက်ရင် တယ်လွှမ်းစရာ ကောင်းသကိုး ဆရာ ရဲ့ဒါတော့ ကျုပ်အသဲစွဲတဲ့ရို့၊ ကျုပ်အသဲစွဲတဲ့။

အဆို။ ဟုတ်ကဲ့၊ ဒါတွေ ဝယ်ဘို့ကိုတော့ ကျွန်တော့်ကိုသာ ငွေ မစေတော်မူပါ၊ ကျွန်တော်များ စီမံပေးပါ့မယ်။

နှောင်း။ ဟော့–နေဦးတဲ့၊ ကျုပ်ညှိသည့်တွေကို ညှိခံ ကျွေးမွေးတဲ့ အခါမှာ ဆရာတို့က အပြိမ့်နဲ့ ညှိခံရမယ် ဆိုတာ ကိုလဲ မမေ့ကြနဲ့ကွဲ့။

အဆို။ မိန့်စေတော်မူတဲ့အတိုင်း ဆောင်ရွက်ရမဲ့ လူများ ဖြစ်ပါတယ်၊ သူဌေးမင်း။

နှောင်း။ ရှင်းခေါက်၊ အက–ငလေးကလဲ ညက်ညောစေရ မကွဲ့။

အက။ အလိုတော်အတိုင်း ဖြည့်ပါစေမယ်၊ 'ချွတ်'ဟန်က လေးနဲ့များ အသုံးတော်ခံရရင် မကောင်းလားဗျာ။

နှောင်း။ နေ့–ဟုတ်လိုက်တာ၊ ကျုပ်က ချွတ်ဟန်ကို အင် မတန် သဘောကျတာလေး၊ အခုတောင် ကချင်လွှန်းလို့ အူထဲက ယားလာပြီ၊ ဟော့–ဆရာ့ရဲ့၊ လုပ်စမ်းပါအုံးကွ။

အက။ သံရုက် လိုသေးသဗျ၊ သံရှက်...... (ဦးရွှေနှောင်း လည်း ဆိုင်းဝိုင်းထဲမှ စည်တို့နှက်သော တုတ်တိုကို ယူ၍၊ သံရုက် ပြုလုပ်လေသည်၊ ဆရာက ချွတ်သံကို ပါးစပ်က ဆော်၍ အက သင် ရသည်)။ ကိုင်း–စကြစို့၊ တူး–တယ်–တယ်–တူနယ်–တယ်နယ်– တယ်နယ်–တယ်နယ်–တူနယ်–တယ်နှောင်း၊ တူး–တယ်နယ်– တယ်–နယ်–တယ်နှောင်း၊ ညာခြေကို ကြွဗျ၊ ညာခြေကို၊ တူး တယ် နယ်–တယ်နယ်–တယ်နှောင်း၊ ခါးကြီးက ကုန်းနေတာကိုဗျ၊ တူး– တယ်နယ်–တယ်နယ်–တယ်နှောင်း၊ အို– လက်တွေကို တောင့် ထားတာကိုးဗျ၊ လက်ကို ကွေးစမ်းပါ၊ တူး–တယ်နယ်–ဗေပုံ ချောင်းတယ်ခြေကို ကြွရုံးမှပေါ့ဗျ၊ တူး–တယ်နယ်–ဗေပုံချောင်း၊

နွှေခင်း။ ဟာမယ်လေးတွေနဲ့လဲ ဟန်ရဲ့ မဟုတ်ဘူး။

အဆို။ ပြောစရာ ထွက်မှ မရှိပါဘူး သူငွေမင်း။

နွှေခင်း။ နေဦးကွဲ့၊ စကားမစပ်၊ ရွှေနန်းတော်ကြီးက အမျိုးတော်တွေကို ခွတ်ခွန်းဆက်သတဲ့ နည်းနိဿယကလေးများ ရှိရင် သင်ပြကြစုံးမလေ၊ ကျုပ်မှာ ဒီလို အခွင့်ကောင်းများနဲ့ ကြုံကြိုက်ရနေသွေးမယ်ရှ ဟုတ်စ။

အတာ။ ပြောင်–နန်းတွင်းအမျိုးတော်ကို ခွတ်ခွန်းဆက်သတို့ ဆိုပါတော့။

ခွေ့ခင်း။ အေးလေကွဲ့၊ သူ့နန်းမယ်ကလေးက ခင်ခင်ဘားတဲ့ ကွဲ့ပေ့–ဒါကို ဆရာတို့ ဘသူ့ကိုမှ မှောက်မပြောခဲ့နေ၊ ကျုပ်က ဆရာတို့ကို အင်မတန် ချစ်လို့ ပြောပြတာ။

အတာ။ သင်ပြရတာပေါ့လေ၊ ကဲ–ထောက်ပေး ထောင်ပေး။

နွှေခင်း။ မဟုတ်ဘူးလေ၊ ဆရာက လက်ဦး အရင် ဆုပ်ပြမှပေါ့။

အတာ။ ကဲ–ကြည့်ပြီး မှတ်ဗျ၊ နန်းတွင်းအမျိုးတော် ဆိုတော့ မှိုင်ရှိသေသေ ခွတ်ဆက်ရမှာကိုးဗျ၊ ဒီတော့ ရှေ့ဦးစွာ လက်ကို ပေါ့ဒါလို ရှက်ခါးကို နဲ့နဲ့ ကုန်းလိုက်ပြီး နောက်ကို တလှမ်း ဆုတ်၊ ဒါဟာ အိနွှေခင့်ကိုဝိတုတ်ရဲ့ ဟန်ဗျ၊ နောက်ပြီးတော့မှ ရှေ့ကို တလှမ်း ထက်ပြီး ပါးစပ်က 'ကျွန်ုပ်နှုတ်သတို့ ဆောင်ရပါစ၊ မသာရေး' လို့ ဆို၊ ကိုင်း–မှတ်မိရဲ့လား၊ 'ဘုရား' ဆိုတဲ့ အသံကို ခပ်ကျယ်ကျယ် ရှည်ရှည်ကလေး ဆွဲရသဗျ၊ ဘာကြောင့်လဲ ဆိုတော့၊ 'ဘုရား' ဆိုတဲ့ အသံကို လူကြားအောင် ကျယ်ကျယ်ကလေး ဆိုလိုက်မှဖြင့် သူတို့က အလွန် နှစ်သက်တာကလေး၊ သူတို့ နှစ်သက်ပလေးဆိုရင် ကိုယ့်လိုဘ မြန်မြန် ပြည့်ရုံတာပေါ့ သူငွေမင်းရဲ့။

နွှေခင်း။ ပြောင်–အနွှေသတိုက်ပိုး မြန်ပြီး မြစ်မြမ်းပါစုံးလေ။

(ဆရာက သုံးကြိမ်တိုင်တိုင် ပြရမည်။)

အကာ။ ကိုင်း–'ဘုရား' ဆိုတာကို ထုးဖြစ်ပမ်း၊ ဆရာ မဖြ, နည်းနည်းကျတဲ့၊ ငါးပိရှုတ် ကင်တာစောင် ဆရာမဖြစ်ချင် အခက်သား ကလေး၊ ခင်ကျယ်ကျွပ်ဆိုဂု နော်။

နှောင်း။ ဘုရား...... အင်း၊ ထယ်လဲ နူးညှံ့ထိမ်နေပေါ့ကလေး နော်၊ ဆိုထိုအရာသာရှိလိုက်တာ၊ကောင်းပေ့ဗျာ။ ဆရာကို ထိပ်ကျေးဇူးတင်တာတဲ့။

—=း၀း=—

# အခန်း—၂။

## ခေါ်ကွက်—၁။

(အမိုင်းအခေ့,ကြွေယ် ဝင်လာစေ)။

ကြွေယ်။ သိုင်းဆရာကြီး အဖြစ်မှာ စောင့်နေပါတယ်ဘုရား။

နှောင်း။ ဟော–ဟုတ်လား၊ ကြွခဲ့ပါလို့ ပြောလိုက်စမ်း။(ဆရာများသက်ထို့ ဝှည့်၍)။ ဆရာတို့က ခက ဆိုင်းပြီး၊ ကျူင်ဓားသိုင်း ကစားတာကို ကြည့်ကြစုံးဗျ။

(သိုင်းဆရာလည်း ဓားနှစ်ချောင်းကို ထမ်း၍ ဝင်လာပြီးလျှင်၊ ဓားတချောင်းကို ဦးရွှေနှောင်းအား ဖွင်း၍ ပေးရသည်)။

သိုင်းဆရာ။ ကိုင်း–သူဌေးမင်းက ဓားအဖျားချင်း ထိလိုက်ဗျ၊ ဆဲ– ဟုတ်ပြီ၊ ခြေရှမ်း မကြဲစေနဲ့ဗျ၊ ရှေ့ဘဝါး,နောက်ဘဝါး ညီစေ့စေ၊ ခါးကိုလဲ မတ်မတ်ထားရမယ်၊ ခေါင်းကိုလဲ မော့ဗျ။ ဆဲ, ဆဲ–ဟုတ်ပြီ၊ ကျွန်တော်က တကြိမ်,နှစ်ကြိမ်,သုံးကြိမ်ထို ဆိုလိုက်ရင် သူဌေးမင်းက ရှေ့ကို တလှမ်းတိုးပြီး ဓားသွားချင်း ခိုက်လိုက်ရမယ်ဗျ၊ ခိုက်ပြီးတော့ နောက်တလှမ်း ဆုတ်လိုက်၊ ဆဲဒါ ခံစစ်ချုတ် နည်းလို့ ခေါ်တယ်၊ နောက်ပြီးတော့ ဘယ်ခြေဖြင့် ဘယ်ဘက်ကို လှမ်းပြီး ကျွန်တော့်ကို ဓားဖျားဖြင့် ချောက်ရမယ်ဗျ၊ ဆဲဒါက ထိုး စစ်ချုတ်နည်းလို့ ခေါ်တယ်၊ ကိုင်း-လုပ်ဖြစမ်း။အို–ခါးကြီးက ကုန်း နေပြန်ပြီ၊မျက်စိကလဲ ဟိုကြည့်,သည်ကြည့်နဲ့,၊မထောန်ရဘူးဗျ၊ကိုင်း-

လုပ်ပြပါဦး။ ဆဲ့၊ဆဲ–ဟုတ်ပြီ (ညို့ သိုင်းဆရာက)ကိုင်း-ဒီက ဓား ချက်ကို ရှောင်ဖူးနေပြီ၊ ဒီက ဓားချက်ကို ရှောင်မျှော့ ဆိုရင်း (ဦးရွှေ နှောင်း၏ ဝမ်းဗိုက်ကို ဓားဖြင့် သုံးချက်လောက် ထိုးရသည်။ ဦးရွှေ နှောင်း လဲးစေ)။

နှောင်း။ ဟာ ယယ်လေးဆေး။ ဘဲ့နဲ့ ဆရာတို့ ဟန်ရှဲ့လား။

အဆို။ ဇမ္ဗူဒီပါမှာတော့ ရှားပါတယ်၊ သူရွေးပင်း။

သိုင်း။ ယနေ့က ဆရာ သင်ကြားပြသထားတဲ့အတိုင်း၊ ဓား မထိုးခင် ရှေ့ဦးစွာ ဓားရေး ခင်းပြရတယ်ဆုံးဓားရေး ပြခြင်း ဆိုတာ ဟာ သိုင်းဆရာတို့ရဲ့ ပရိယတ္တိ ဟာသာ ခေါ်တယ်။ဆိုဒီ ဟာသာကို ပြကိုက်ပလား ဆိုရင်၊တာဘက်ရန်သူဟာ ဘယ်လိုလူတဲ၊ ဒူပညာ ဘဲ့ကလောက် ရှင်းတယ် ဆိုတာကို ချက်ချင်း မြင်ဆနိုင်တယ်။ဒီလို မြင်နိုင်ပလား ဆိုရင်၊ သူ မသိသေးတဲ့ သူ မကျွမ်းကျင်သေးတဲ့ အ ချက်အကွက်များကို ဘမ်းပြီး၊ ကိုယ်လိုရာ ခွေ့သွားအမိတ်အပိုင်းကို အလွယ်တကူ ချတ်ပိုင်းပြီး ယူနိုင်တာပေါ့။ ဓားရေး ပြခြင်းဆိုတာ မှာလဲ အရင်က ဆရာ သင်ကြားခဲ့တဲ့ အတိုင်းပေါ့။ဒါက 'ပြည်တော် ကြည့်' ခေါ်တယ်။ ဒါက 'ပဲ်းမိုး'၊ ဒါက 'နို့ရို့'၊ ဒါက 'ကျွဲကြို' ဟုတ် ပလား။ နောက်လဲ အမျိုးမျိုး ရှိသေးပေါ့လေ။ နောက်ပြီးတော့ တခု မှတ်စရာ ရှိသေးတယ်။ဇာနဲ့တို့အတတ်၊သိုင်းအတတ် ဆိုတာမှာ 'ခြေ ကွက်'ကို နားလည်ရမယ်။ ခြေကွက်ကို မတတ်သေးရင်၊ ဇာနဲ့တို့ ပညာ၊သိုင်းပညာမှာ မရုံလင်သေးဘူးလို့ ဆိုရမျှ။ နောက်ပြီးတော့ လိုအပ်တဲ့ အချက်ကြီးနှမ်ရ ရှိသေးသေး ဘာများလဲ ဆိုတော့၊ အ တိုချုပ် ပြောရမယ် ဆိုရင်၊ 'ကိုယ်ကသာ ပေးရမယ်၊ သူများ ပေး တာကို မယူရဘူး'တဲ့မျှ ဆိုလိုရင်းကတော့၊ မိမိကသာ ထိုးနိုင်ရ မယ်။ရန်သူ၏ ဓားချက်ဟာ ကိုယ်ဘက်ကို ဝင်မလာစေရဘူးတဲ့ မျှ နားလယ်ရဲ့ ဟုတ်သလား။ နောက်ပြီးတော့လဲ ဆရာ ခဏခဏ ပြောတုန်းပြီ။ ဓားကစားရာမှာ သင်ကြား၊ပြသထားတဲ့ နည်းနာ နိဿယများကို ရှေ့နဲ့ ဓားသစ် မမှတ်ရဘူး။ အခါအခွင့်နှင့် လျော်စွာ ဉာဏ်အသွေးမှတ်နဲ့ ယှဉ်၍၊ယှဉ်၍ ကစားတတ်ရမယ်။ ဆဲဒါက အ

ဈေးကြီးသေဗျ။သူ့ခွေးခင်းမှာ သောက်ကျင်သည်ဆို ရန်သူ၏ သေးချက်ကို ဉာဏသမ္ပယုတ်နဲ့ ဟုဉ်၍,ဟုဉ်၍ ပယ်ရှားနိုင်မယ် ဆိုရင်၊ရန်သူ သေးသွားဟာ၊ကိုယ့်သက်ကို ဘယ်တော့မှ မဝင်လာနိုင်ဘူး။

နှောင်း။ ဟြော်–ဉာဏသမ္ပယုတ်နဲ့ ဟုဉ်၍,ဟုဉ်၍ ကစား ထုတ်ပြီ ဆိုရင်၊ကိုယ့်မှာ သတ္တိနဲ့မှ ရှိပေတဲ့၊ရန်သူကို တိခဲ့,ရိခဲ့ ထိုးခုတ်နိုင်တယ် ဆိုပါတော့။

သိုင်း။ အစစ်ပေါ့။ ဆရာ မနေ့က ပေသပေသချာချာ ဖြန့်ပြီ မဟုတ်လား၊သူခွေးမင်းရဲ့။

နှောင်း။ ခွေး–ဟုတ်ပြီ၊ဟုတ်ပြီ။

သိုင်း။ ကြည့်စမ်း၊ ဓားသိုင်းဆက်ပလေးဆိုရင် အများက ချီးသ,ချီးညွှန်းလေရမယ်ဗျ။ ဆဲမောင်းဖျံ့ကိုင်ရေးဆိုတဲ့ အသက်ဟာ ဖွန်းခေတ်မှာ တွဲကာလောက် အရေးပါသလဲ။ မင်းညီ့,မင်းသား များသာ သင်ကြားကြရတာဗျ။ပဟာ-ဆရာတို့ရဲ့ ဓားသိုင်းအသက်နဲ့ ဆိုတော့ ညီအစ်ကို ပေါ်တယ်လို့ ဆိုရမှာပေါ့။ အသကား ဘာ မဟုတ်တဲ့ သဘောပညာတွေနဲ့တော့ မနိုင်းအပ်ဘူးဗျ။

အကာ။ ဟော့–ရှုရဲ့၊စကားပြောရင် ကြည့်ပြောနော်။

အဆို။ ဘုမိုလေပညာကို နှိုးတီးရေးသား မှတ်သလား။ကိုယ် ရှင့် ပါးစပ်ရုပ် အလို ချုပ်ထားစမ်း။

သိုင်း။ မင်းတို့ ပညာတွေက ဘာမှမိုက်လဲကွ။ငါ့ပညာနဲ့ ဆိုရင် မိုလ်းကြီးနဲ့ ဆီးသံလို၊……တယ်……။

အဆို။ ကြည့်စမ်း၊ကြည့်စမ်း၊ဘယ်မိုက်လုံး ထွားပါကလား။

အကာ။ ဗိုကောင်-သူ့နဲ့ အကောင်လဲ။

သိုင်း။ တယ်–ဟိုအကောင်ဟာ၊ ဖိုးသေသားအတ,ကလေးနဲ့ တွေ့ပြီးတော့ သေချင်တယ် ထင်တယ်၊နှင်ကော……။

အကာ။ လာလေ–သတ္တိရှိရင်၊လှုလုပ်ဆို။

နှောင်း။ ဒို–ဆရာတာလဲ နေစမ်းပါဦး။ ဗိုက ဆရာကြီးက ခံစစ်ခုတ်နည်း,ထိုးစစ်ခုတ်နည်းတွေကိုလဲ တတ်တယ်၊ဉာဏသမ္ပယုတ်နဲ့ ဟုဉ်,ဟုဉ်၍လဲ ရှုကို သတ်တတ်တယ်ဗျ။

အကာ။ ဒို—ဘာသစ်ရော, ညာစစ်ရော၊ ညာထားရော, မညာထား ရော နားမလည်ဘူးဟေ့—လာလာကွာ။

နှောင်း။ ဒို—ဒေါ်သာ မကြီးနဲ့လေ။

သိုင်း။ အမ်မာ-တယ် လှပါးဝတဲ့ အကောင်ပါကလား။

နှောင်း။ ဒို—ဆရာကြီးကလဲ အသာ နေပါလေ။

အကာ။ ဟဲ့-ဟဲ့......။

နှောင်း။ ဒို—ဆရာကလဲ ငြိမ်ငြိမ်နေမှပေါ့။

သိုင်း။ တယ်-ငါ၊ ကိုယ်ပါ ပစ်သွင်းလိုက်ရ။

နှောင်း။ ဒို—ဆရာကြီးကလဲ သည်းညည်း ခံမှပေါ့။

အကာ။ လာစမ်းပါစေလေ၊ တယ်—နဖူးပြင် ရိုးတင်လိုက်ရ မလား။

နှောင်း။ ဒို—ဆရာကလဲ၊ ဒေါ်သာ ရွှေမထားနဲ့လေ။

သိုင်း။ တယ်-ငါ၊ ဟောသလို ညာခြေကို ကြွပြီး ခေးနဲ့ ချုန် ထိုးလိုက်ရ။

နှောင်း။ အမယ်လေးနေကြပါအုံးရျ။

အကာ။ တယ်—ခုပင် ဆွဲဆောင့်ပြီး၊ဖနှောင့်နှာ ပေးလိုက်ရ မကောင်းဘဲ နေပါတော့မယ်။

နှောင်း။ တောင်းပန်ပါရစေ၊ ဆရာ့ရှု၊

အဆို။ ဗို-အသာထပါးကွက်သားကို ငါပါ ပိုင်းလှဲမယ။

နှောင်း။ အမယ်လေး-တော်ကြပါအုံးရျ၊ ကျုပ် အသဲနှလုံး တုန်လွှန်းလှိုပါချေတို့။

(ဤသို့ ရန်စကား ဆိုကြ၍၊ရန်ဖြစ်ဟန် ပြင်နေကြစဉ်)။

—=xox=—

ခန်းကွက်—၂။

(သင်္ကြိုဟ်ဆရာလည်း ရုတ်တရက် ထွက်လာစေ)။

နှောင်း။ ခက်ကုန်ပါပြီ-ဆရာကြီးရဲ့၊တော်ပါအုံးရျ၊ ဒီလူတွေကို ဆရာ့ခွေ ဖြစ်စမ်းပါအုံး။

သဂြိုဟ်ဆရာ။ ပေါ့ လူတွေ၊ ဘဲ့နဲ့ ဖြစ်ကြတာသဲ၊ အသိန့် ရှိကြစမ်းဖုံးလေ။

နှောင်း။ အမယ်လေး ဆရာကြီးရဲ့၊ ရုပ်ပညာက သာတယ်၊ ကိုယ့်ပညာက သာတယ်နဲ့ ညှင်းကြပြီး နိုက်ကြမလို့ပေါ့။

သဂြိုဟ်။ ကြွပ်–ဆရာတို့နှယ်၊ တယ်ခက်သကိုး၊ တပေဝဲ့နဲ့တဒေါက် ဒေါသ ရွှေထားကြမယ်ဆိုရင် ဘယ်ကောင်းနိုင်မလဲ၊ ဆရာတို့ ဒေါသကထောက်ချမ်းဝန်ကို မလွှမလောတူးဘူး ထင်တယ်။ ဒေါသ ရွှေထားတာဟာ တိရစ္ဆာန်နဲ့ တူသပေါ့၊ ပညာရှိမြွေတသိက်နဲ့ ထိမ်းသိမ်းရပ်ချုပ်မှ လမ်းမှန် ရောက်တော့မပေါ့။

အာဂ။ ဗျာ–ကိုယ့်ကိုယ်ကိုသာပြီး စော်ကား၊ မော်ကားနဲ့ မင့်ပညာက ဘဲ့နှာခေလ၊ ညာခွနှာခေသေးနဲ့၊ ဗျာ အစိုးမရှိတိုင်း တိုင်းထွာသဲခရေး နေတာကို ခံနေရမှာသားပေါ့၊ ထို—။

သဂြိုဟ်။ ကြွပ်–ဆရာ့နှယ်၊ ဘာသံလဲ ဒေါသကြီးသကိုး။ ဩဗ္ဗာမှန်ပသော ဗောဓိကျွန်းမြတ်ဘုံ၌ ခေတ်၊ သည်းခံခြင်းသည်ပရမီ ဖြစ်ခဲ့သော၊ တခေါ၊ အကျင့်ပေသည်းလို့ သုံးလူ့ထွန်ထား၊ သမ္ဗုဒ္ဓ ဖြစ်စွာဘုရားက ပေါ်တော်မူထားတယ် မဟုတ်လားပေါ့။ ပေါဝ– အကောဓေ့ ဇိနေကောဓံ။ အဓေဘာဒေ့၊ အချုပ် မထွက်ခြင်းဖြင့်။ ဇိနေကောဓံ၊ အချုပ်ထွက်သူကို အောင်ရာသည်လို့ ဆိုဖြန့်တယ် မဟုတ်လားပေါ့၊ အကြွင်းသူသည် "ဗိတ်ခြေဖြဆိုးပင်မိစတ်ကို ဆယ်နှိုက်ိုး ပတ် ကြွေ့ပြီးလျှင်၊ ရွှေပပ၊ ရွှာကို ဆေးပတ်၍ ခွါကာမှ ပညာဒီ ရကြီးကို လောက်ိုးတွင် ထွတ်ထွန်းရှု၊ ဝင့်ကမ်းမှ ထောက်ဆန့်နိုင်ပေ သည်" လို့ စဉ်သိူးရှုညာကာ ဆိုမဟုတ်လားပေါ့။

ဘိုင်း။ သယ်–ရွှာရပ်လို့၊ နှင်တို့သာဝင်သည်တွေက ငါ့ပညာ နဲ့ နှိုင်းနိုင်းရအောင် တန်သသလား၊ ရှာသာသေး။

သဂြိုဟ်။ အို–ဒေါသမထွက်ပါလ ဝရုားကို ရွှေမထားအပ်ဘူး ပေါ့၊ အကြွင်းသူတို့သည် လောကီကသ်ေရာဂါလွှကို အားပေးတတ်သော ပညာတွေကို ရက်တရက်ပြင် ပြနေရေက အရိုးအနှိုးတည်းဘဲ့၊

ပညာနှင့် သုဗ္ဗိ စင်ကြယ်သော ကိုယ်ကျင့်တရားသာလျှင်၊ လောကုတ္တရာတည်းကို ဖြောင့်တန်းသတဲ့ဗျ။

အကာ။ ဒီလိုပါ၊ဆရာကြီးရဲ့။ ကျွန်တော်က အကပညာဆိုတာဟာ လောကမှာ ထိုက်တန်သလောက်တော့ အတိုးတန်ပါသေးတယ်၊ ချွတ်ချုံးအပ်ပါဘူးလို့ ပြောမိတာပါ။

အဆို။ ကျွန်တော်ကလဲ တူရိယာပညာဟာ မဟာပြဿနာကြီးများ တရှုသို့ ဆင်းသက်တဲ့နေရာ စဉ် ဂုဏ်မသေးခဲ့တဲ့အကြောင်းကို ပြောပြတာပါ။

သိုင်း။ ပေါ့ဒီဝေးသိုင်းအတတ်၊ စစ်ဆင်, စစ်ထိုး စက်ကြီး သန္တရားအတတ်များဟာ လောကမှာ မသင်တဲ့ မနေအပ်၊အမွန်မြတ်ဆုံးတဲ့လို့ ကျုပ်က ဆိုတယ်၊ ကိုင်း-ဘာပြောကြဦးမလဲ။

သဂြိုဟ်။ အလို ကျူးသော့ မိုက်လ်ကြီး၊ မင်းတို့ ဘယ်မိုက်တဲ့ သတ္တဝါတွေတဲ့။ ဟော့- ငါ့ပညာဟာ သုံးလူ့တွင် ထား သဗ္ဗညုမြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူတဲ့ ပိဋကတ်ကျမ်းတွေကွ။ ဟော့၊ ထိုတရားအရှိ နှောင်းကို မနှောဘဲနှင့်၊ စကားဆို တောင်လိုမမောက်နိုင်တဲ့ကွ၊ ကြားဘူးကြရဲ့သလား။ ထွီ-ရွံ့သကွာ၊ မင်းတို့လို လောက်ဝေ့သမား, ဖက်ရွက်စား ဓာတ်သမားတွေက ရှူးရှူးမိုက်မိုက် အတတ်တွေကို ပညာလို့ချေား ခေါ်ချင်လို့လား၊ ရှုဝါးဝတို့။ ထွီ-ရွံ့ သကွာ။

သိုင်း။ ကြည့်စမ်း၊ ကြည့်စမ်း။ ဟ......တယ် ငါပြောလိုက်ရ မကောင်းတဲ့ နေတော့မယ်။

အဆို။ ဟဲ့၊ ပခန်းသော့ ချည်ပါသား လွှတ်ရာသွားစမ်း၊

အကာ။ ဖယ်စမ်း မခဲ့စမ်းနဲ့၊ ဒီသီလကြောင်ကြီးကို ပြေးနှံ့လိုက်စမ်းမယ်။

သဂြိုဟ်။ ဟဲ့၊ ရှေးရေးတောင်းတွေ၊ သတ္တိရှိရင် လုပ်စမ်းကွာ, လုပ်စမ်းကွာဟု (ဆို၍ ခေါင်းနှင့် ဝင်၍ တိုးရသည်)။

နှောင်း။ အို......ပညာရှိကဝိကြီးရဲ့။

သကြိုဟ်။ သယ်–အယုတ်တမာကောင်တွေက ဖော်ကား ရှိ။

နှောင်း။ သည်းခံတော်မူပါ၊ ဆရာကြီး။

ထိုင်း။ လေသလေ၊ သတ္တိရှိရင်။

နှောင်း။ အို–ဆရာတို့ကလဲ ဒေါသကို ထိန်းဆည်းမှပေါ့။

သကြိုဟ်။ ဖယ်စမ်းအေ၊ ဒီအန္ဓပုထုဇဉ်တွေကို ဆုံးမလိုက် စမ်းမယ်။

နှောင်း။ အမယ်လေး၊ သူတော်ကောင်းကြီးရဲ့။

အကာ။ ဟဲ့–ကျားချေဦးလေ။

နှောင်း။ အို–ငြိမ်ငြိမ်လေ၊ ငြိမ်ငြိမ်။

သကြိုဟ်။ ဟဲ့–အနှမိုက်လေ့၊ လူမသိသာတွေရဲ့။

နှောင်း။ အို–ပညာရှိကြီးရဲ့။

အကာ။ တယ်–ပတ်ကြမ်းတီးပြီး နားရင်း တချက်လောက် အုပ်လိုက်ရ။

နှောင်း။ အို–ဆရာကလဲ၊ အလကား ဒေါသကြီးနေတာကိုး။

သကြိုဟ်။ ဟဲ့–သူမိုး့ဘိန်းစား၊ ဘုန်းခေါင်းပလာစကား၊ လူညာ့၊ သူယုတ်မာ၊ သူသတ်တော်ချော်၊ ဖြည့်တန်ဆာမသား။

နှောင်း။ အို–ပညာရှိကြီးရဲ့၊ ဆရာတို့ကလဲ နေကြပါဦးဗျ။ ပညာရှိကလဲ တဆိတ် သည်းခံမှပေါ့။ အမယ်လေး–ဆရာတို့ကလဲ တဆိတ်၊ အို–ဆရာကြီးကလဲ သူတော်ကောင်းဆို၊ ပိဋကတ်တော်တွေကို ကျွမ်းကျင်တယ်ဆို၊ လုပ်ကြပါဦး–အချင်းတို့။

(ဆရာ့ချွေး လုံးထွေးသတ်ပုတ်၍ ဝင်ကြစေ)။

—=:o:=—

## ဇာတ်ကွက်–၃။

(ဦးရွှေနှောင်းနှင့် ကြွယ်၊ နွယ်တို့ ကျန်ရစ်ခဲ့ရမည်)။

နှောင်း။ ဟာမယ်လေးရဲ့လေး– သတ်ကြဗျာ၊ သတ်ကြ။ ကျုပ် တော့–ဖတ်ဖတ်ကို မောသွားတာဘဲ။ ကြည့်ပါဦး၊ သူတို့ကို ဖြန်

လိုက်ရတာ သားမွေးအင်္ကျီကြီးခေတောင် အဝေဝေ ကြေမွသွားတော့တဲ့။ ကျွန့်နှစ်ကောင် ဇင်ကြား ဖြစ်ခဲ့ပြတ်ကာလေး မခံနိုင်ဘူးဗျ၊ သတ် ကြဲဗျာ၊ သတ်ကြ။

—–ဿ၀ဿ—–

## စာခေါ်ကွက်-၄။

(သင်္ကြိုဟ်ဆရာလည်း ခေါင်းသပါင်းကို ဖြင့်နှင့် ပတ်ကာ ထွက်လာသည်)။

သင်္ကြိုဟ်။ ကိုင်း၊ကိုင်း-ရာရိုက်များ ရှိဘူးလား။

**နွှာင်း။** အောင်မယ်လေး၊ ဆရာကြီးရယ်-ဘယ်နှယ်များ နာသွားသလဲ။-မှန်း။

သင်္ကြိုဟ်။ အို-ထိခွင့်ပြုပါဘူး။ ကျုပ်က ပညာရှိဆိုတော့၊ ဓန္တီ့ထရေးကို ကောင်းကောင်းကြီး ကျွန်ုပ်တတ်ပါသယ်၊ နေနှင့် ဖုံးဟာနေ့-ဒီအကောင်းတွေရဲ့ ညှပ်ပတ်ရတိပ်တဲ့ အထက်တွေကို ဒဲ့လည်းပုညလို တသသုန် ချိုးလိုက်ရလို့မှာပေါ့။ ကဲ နေ-ဘာရယ် အကျယ် ဖြေမ်းသွားပါတဲ့၊ ဒါ့ကွ ကြမ်းဝါးတုလို့ လောကုန်တယ်၊ ဂုဏ်ရိုက် ပေးစမ်း။

**နွှာင်း။** ဒီလို ဖြိုးယယ်-ဆရာကြီးရဲ့၊ ရှေးဦးစွာ ကျွန်ုပ်ဝင်ထဲ ဆန္ဒအာသီသကို နှုံ့ဝေဘက် အမိရင်ခံချင်တယ်။ ကျွန်ုပ်သင်ဟာ ဇမ္ဗူဒိပ်-ဟော်ကျွသတောင်ကျွန်းမှာ ပညာရှိ-ဇဗ်ဘသချုကြီးရယ်လို့ အခေါ် ခံချင်တာကလား။ နို့ပေတဲ့ ဂုဏ်ဝုဇ္ဇွေး ရေးချေပေါ် ဆိုတာသို့၊ ကျွန်တော့ ပိဘများက ကျွန်တော့ကို ငယ်ငယ်က ပညာ မသင်ရဲ့သာ ပညာရှိကြီး မဖြစ်ရသာကို၊ ဟုတ်စတ်ဒါးတွေ ဝေ့ရိ ရှင် သူ့ကျွန်ကို ထိတ် မိဘ်ဆို တာပဲဗျာ။

သင်္ကြိုဟ်။ အင်း-မိတ်ဆိုးမယ် ဆိုရင်လဲ ဆိုးသင့်ပါရဲ့၊ ဘာ ဖြစ်လို့လဲလို့ ဆိုတော့၊ ဝေဒဘဏ်ထိဂျမ်းမှာ-"မသတာဝနိမိတ္တ ပိဘာ သတ္တု၊ ဇာတဝ ဓာဝေသ ထိကျွိတာ"လို့ ဆိုသကိုးဗျ၊ သူဝွေမင်းတော့ ကြားဘူးမှာပေါ့၊ သူဇွေးနင်းက ပါဠိ နားသည်တယ် မဟုတ်လား။

ရွှေသင်း။ အင်း — နားလည် — ပါ — ရဲ့၊ နို့ပေတဲ့ ဝေပည့်နဲ့ ဆရာရင်ဝေတော့ ဝေပည့်ရှုပ်ထွေးတာ ဘာသာရေးမှု နားမလည်နိုင်တဲ့ အနေမျိုးနဲ့ ဆရာ့ဘက်မှာ အခုက ပြီး လက်ကြီးချောအကြီး ဟုတ်ကြီး ဖြစ်တော့ ကျွန်တော်က မေးမယ်၊ ရုပ်ရှင် ဆရာကြီး ရွက်ဆဲလေယ်မှ ဘဲ့ ပါမွကာဝေသာ အနက်ပြန်မှ ဘယ်လိုပါတဲ့ ဆရာကြီးခင် ဗျား။

သပြေဖြတ်။ ကြေငြာ — ဒီလိုပါဘဲ့ဗျ။ ဝေသာကား၊ ဝေသာတန္ဓ၊ ဝေသာ၊ အမိသည်၊ ရုပ္ပကန်၊ သားတို့၏ ဝေဒနာရှိသော ပြည်၏၊ ပီသားအသဘသည်။ ရုပ္ပကန်၊ သားဘို့၏၊ သဘြလုံးရှိသော ပြည်၏၊ ဂေဟ၊ အသဘမ်းကြောင့် နည်းပဟုမှုကား၊ ဗာဒေဝ၊ ထပ်စဉ်အခါ၌၊ နုသီလ၌ဘဝ၊ အပဋိတ်ကို မသင်ခဲ့သည်၏ အဖြစ်ကြောင့်တည်းတဲ့။

ရွှေသင်း။ ဝေဘက် — ဒီပါဠိ ထယ်မှန်တဲ့ ပါဠိ ပေဘဲဗျာ၊ ဟုတ်လား။

သပြေဖြတ်။ ဘဏ္ဍာရေး(၁၀)ပါးရှိသည့်အနက်အချို့အချို့သော ပညာရှင်များကို သူ့ရှေ့ နဲ့-နဲ့တော့ နားထည်ရဲ့နော်။

ရွှေသင်း။ ဒီ — တော်ပေါ့၊ ကျွန်တော်ဟာလေ ဝေဘက်ထက် ထင် ပေဘာ-နေခင်ပြီးတော့ ဘယ် ရှေ့ထပ်သယ်၊ ဆရာကြီးရဲ့။

သပြေဖြတ်။ ကိုင်း — ဘယ်ပညာကို အဦးဆုံးပြီး သင်ချင်သလဲ၊ သပြေဖြတ်များ မသင်ချင်ဘူးလား။

ရွှေသင်း။ သပြေပင် — သပြေဖြတ်ဆိုတာ ဘာတဲ့လဲ ဆရာကြီးရဲ့၊

သပြေဖြတ်။ ဒီ — သပြေဖြတ် ဆိုတာပေဘာ၊ ပေဘာ-တချောင်တို့ရဲ့ ဝေး သင်္ချိုင်းနဲ့ ကမ္ဘာထတ်နီး၊ ရုပ်သင်္ချိုင်းနဲ့ ကမ္ဘာထတ်နီး၊ ထဆယ်ပို့ကြောက် သင်္ချိုင်းနဲ့ ကမ္ဘာထတ်နီး၊ ပါရမီအရေး ကြည့်ရည်းမှုပြီးသကလေ၊ မြေရ၊ ရေရ၊ လေရ၊ နေရ ကြောဝန္တာ၊ သဘင်းမျက်နှာတို့ ချာချာ ထည်ရဲ့အောင် တကျန်တော်၏၊ ဟောမိပည့်၊ ရှေ့ညာဝင်ပင်၌၊ ဟေရ် ငါး ပါးကို အောင်၍ အနုဿာရ၏၊ ဝေနေပုံတို့ကို နုစ္စာန်အရောက် ကယ် ထင်တော်မူသော သုံးလူ့ထွဋ်ထား၊ သဗ္ဗညုမြတ်ဗုဒ္ဓရှင်ဘုရားဟာကြီး တော်မူတဲ့ သုတ်ပိဋကတ်၊ ဝိနည်းပိဋကတ်၊ အဘိဓမ္မာပိဋကတ်ရယ်

ရှိ ပိဋကတ်သုံးပုံ ရှိတဲ့အနက်၊ အဘိဓမ္မာပိဋကတ်ထွက် တရားတွေ ကို ဖေါ်တာကိုး၊ သုဓမ္မမင်းရဲ့။

နှောင်း။ အမယ်မယ်လေးရဲ့-လေးတဲ့၊ နို့- နေပါဦးဆရာကြီးရဲ့၊ အဘိဓမ္မာပိဋကတ်ဆိုတာကရော ဘာတွေ ရေးထားတာလဲ။

သင်္ဂြိုဟ်။ ဪ—အဘိဓမ္မာပိဋကတ်ဆိုတာဟာ ဓမ္မသင်္ဂဏီ တဲ့၊ ဝိဘင်းတဲ့၊ ကထာဝတ္ထုတဲ့၊ ပုဂ္ဂလပညတ်တဲ့၊ ဓာတုကထာတဲ့၊ ယမိုက်တဲ့၊ ပဋ္ဌာန်းတဲ့ဗျ။

နှောင်း။ နို့-သင်္ဂြိုဟ်ဆိုတာကရော။

သင်္ဂြိုဟ်။ သင်္ဂြိုဟ်ဆိုတာက အဘိဓမ္မတ္ထသင်္ဂဟ ဆိုတဲ့ စ ကားဗျ။ အပိုင်းအားဖြင့် ကိုးပိုင်း ရှိသဗျ။ ဟော—စိတ်ပိုင်းတဲ့၊ စေ တသိက်ပိုင်းတဲ့၊ နောက်ပြီးတော့ ပကိဏ်းပိုင်းတဲ့၊ ဝီထိတဲ့၊ ဘုံတဲ့၊ ရုပ်တဲ့၊ သမုစ္စည်းပိုင်းတဲ့၊ ဤလေးနောက်ပြီးတော့ ကမ္မဋ္ဌာန်းပိုင်း တဲ့ခုနှင် မှတ်ထားဗျ။ အဲဒါတွေကို သရုပ်ခွဲနည်း၊ ဟိတ် ရုတ်နည်း၊ ရုတ်စေတနာ ဝင်နည်း၊ နောက်ပြီး လိုအနက် သမ္ဗန်နည်းတဲ့၊ အို—သင်စရာတွေ အများကြီးပေါ့။ ဟော၊ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် အသင်္ခါရိကစိတ်။ သောမနဿ သဟဂုတ် ဒိဋ္ဌိ ဂတ သမ္ပယုတ် သသင်္ခါရိကစိတ်။ အို— ဒါတွေ တတ်ရင် ပြီးတာ ပေါ့။

နှောင်း။ ဟာဗျာ စကားတွေကလဲ အခေါ်ရခက်လိုက်တာ၊ ဒါ တော့ ကျွန်တော်မသင်ပါရစေနဲ့ နားညီးလွန်းလို့ပါ၊ဟုတ်စ။

သင်္ဂြိုဟ်။ ကိုင်း—ဒါဖြင့် နီတိကျမ်းများကော။

နှောင်း။ အင်း—နီတိတဲ့လား။

သင်္ဂြိုဟ်။ ဟုတ်တယ်။

နှောင်း။ နီတိ.....ခဲ့၊ တဲ့နှာတွေလဲ ဆရာကြီးရဲ့။

သင်္ဂြိုဟ်။ နီတိဆိုတာဟာ ပါဠိစကားဗျ။ 'နီ'ဆိုတာ 'ဆွဲပြ ခြင်း'အနက်ထွက်သဗျ။နီတိကျမ်းဆိုတော့ ဤကဲ့သို့ ကျင့်အပ်တယ်၊ ဤကဲ့သို့ မကျင့်အပ်၊မပြောအပ်ဘူးလို့ ဆွဲတဲ့ကျမ်းဗျ။ ဥပမာ— အလသဿ ကုတောသိပ္ပံ၊ အလသဿ၊ မျိုးဓနာသုသည်၊ ဂရု

တောသိပ်ပဲ၊ ပညာ အဘယ်မှာ ရှာရမည်နည်း။ ဒါမျိုးပေါ့။ နောက်ပြီး တော့၊ ခေတ်ကာလမှာ မိမိကိုယ်ကို မိမိ ဘယ်လို ဆင်ခြင်ရမယ်၊ မိမိ မိဘကို မိမိ ဘယ်လို ချစ်ရမည်နည်း-ဆိုတာ ... ပြ... သူ့ခန့်မှန်းချင့်ရှိ-

မှောင်။ ဒါလဲ ဟုတ်သယ် မထင်ပါဘူး၊ ကျောင်းဆရာက သူ့ ကိုယ်ကို သူ ရှာဘတ်၊ သူ့ဆီမှာကြီး လုံးရှိ၊ ဘယ်လို ဆင်ခြင်ရ မသေး၊ ဘာမှမသေးနဲ့၊ ကျွန်တော် ကောင်းတယ် ထင်ရင် ဘာမဆို လုပ်မှာဘဲ။ဥပမာဗျာ၊—ကျွန်တော့မှာ ဒေါသထွက်စရာ အကြောင်း တခု ရှိတယ်-ဆိုပါတော့၊ဒီလို ဆိုရင် ဒီဒေါသကို မျိုသိပ်ထားရမှာ လား။မဆင်ခြင်နိုင်ပါဘူးဗျာ။

သပြိုဟ်။ ကိုင်း၊ကိုင်း—ဗေဒင်ကျမ်းဓကာ။

မှောင်။ အင်း—ဒါကဓကာ၊ဘာတွေလဲ။

ဘဂြိုဟ်။ ဗေဒင်မှာ အရင်းခံ့ရှာသောကျမ်းများကတော့ သက္ကတ ဘာသာဖြင့် ရေးသားထားတဲ့၊ သာမ ဃဇု ရုက္ခကျမ်းတွေကို ဆို သဗျ။သာမဗေဒင် ဆိုတာက ဓာတ ဆိုတဲ့ အန္တသံမှ ရတဲ့ နိုချည်နှင့် ထပ်ဖူးဖော်ခြင်း အခမ်းအနားကို ဆိုသဗျ။ ယဇု ဆိုတာက ယဇ် ပူဇော်တဲ့ နည်းနိသျကို ဆိုသဗျ။ရုက္ခ ဆိုတာက အဂ္ဂိ-မိုး၊ရွှေကြို-ရိုစင်း၊ တိမ်၊သမိဘ-နေ၊ဝရုဏ ဘောင်းကင်၊မရုတ-လေမုန်တိုင်း အစ ရှိတဲ့ နတ်တို့ကို ချီးမွမ်း ပူဇော်တဲ့ ဂါထာတွေကိုးဗျ၊ပေါ့—ကျုပ်တို့ မြန်မာ နိုင်ငံတော်မှာ အသုံးပြုတဲ့ အကောင်း၊အဆိုး တွက်နည်း၊ဟောနည်း ဗေဒင်များကတော့ ဖြို့ဟာန်ကျမ်း၊ ရာဇမတ္တဏ်ကျမ်း၊ သုရိယ သိဒ္ဓန္တကျမ်းများက လာသတဲ့ကိုး။ ဓာတ်သဘာဝတ်ရှိ၍ ခေါ် သဗျ။ ဆဲမိ အတတ်မှာ မဟာဘုတ်တိုင် တွေ့နည်းက ချွေ ပြဿဒါး၊ ပြဿဒါး၊ စန်းတို့၊လက်တို့၊ နောက်ပြီးတော့ သူရွှေ၊ သောကြာ၊ ဗုဒ္ဓ၊ စန္ဒြာ၊ သောရီ၊ ဂုရု၊ တနင်္ဂနွေ-ဆိုတဲ့ ဂြိုဟ်ကြီး အခေါ်ပတ္တို့၊ နောက်ပြီးတော့ စနေစွေ့ရဲ့မှောင်း၊ရာဇ်ကောင်း နက္ခတ်၊ သူ့အရိပ်ယာယီ ဆိုတဲ့ ယာယီကိန်း အတိုင်း ဟောနည်းတို့၊ နောက်ပြီးတော့—နမ နှုတ

ခြမြင် ပေါသနည်းတဲ့၊ နံပေါ်နံရတ်တဲ့၊ ခြေခံတိတိတဲ့၊ အို–နောက် အများကြီး ရှိသေးတယ်။

မောင်း။ ဟာ–များတော့ချည်ကသေး၊ ဆရာရဲ့၊ ကျွန်တော်က သူငွေးဖျူးဆေခင်ပေါ့သေးမှာ မဟုတ်ဘူး။

သပြိုဟ်။ ကိုင်း၊ကိုင်း–သူငွေးမင်းရဲ့ အလိုတော်ကိုသာ အမိန့်ရှိပါတော့လား။

မောင်း။ ကျွန်တော့် အလိုကတော့ ဒီလို ရှိသကိုး၊ကျွန်တော် က တဘာတ်ရှင် စသုံး ပေါင်းပေါင်းပြီး ရွတ်ဘာတ်သရုပ်ဆောင်ချင် တာကိုးဗျ– ဟုတ်စ၊ ကကြီးခရ နောက်ထိုးဖြင့် 'ကဲ' ဆိုသလိုပေါ့ ဗျာ၊ဟုတ်စ။

သပြိုဟ်။ ခြေပြင်—–ဖြစ်မှ ဖြစ်ရလေ၊သာရုများ၊သာရှ၊သာရ၊ အလိုတော်အတိုင်း သင်ပြရတာပေါ့၊ သင်ဆို သည်လို ရှိသကိုး၊ ကျုပ်တို့မှာ အာဝရိယာဝါ၊ သူပဒေသ၊ ဂရုပဒေသ၊ သဒ္ဒေါပဒေသ ဆိုသလို၊အက္ခရာ၏ သဘောသွားကို စဉ်းစားလိုက်တော့၊ အင်း—– အက္ခရာတဲ့၊ ရှည်းတဲ့၊သရတဲ့၊သဘောတကျရှဲ့လေးဗျ၊ နောက်ပြီးတော့ ရွတ်သတ်ရာမှာလဲ ဂရုတဲ့၊သဟုတဲ့၊ဇီဝတဲ့၊ရသာတဲ့၊တပြောတဲ့၊ နှမ်းပြောတဲ့၊ တပြောသွဲတဲ့၊နောက်ပြီးတော့ ကမ္ဘာင်းတဲ့၊ပရုတ်တဲ့၊ ရွာနံ့တဲ့၊ ဒီလို အစီအစဉ် ရှိသကိုးဗျ၊ ဆဲ–ဒါတွေကို ရပြီး 'သရှ' ဆိုတဲ့ အသံ ထွက်လာသကိုးဗျ၊ ဒီတော့–အက္ခရာတို့ အရအပေါင်း ဖြစ်တဲ့ ဝဏ္ဏထဲက သရဆိုတာကို ဈေးဦးစွာ သိသင့်သဗျ၊ ဒါမှ ပင်ရင်း အသံကိုးဗျ၊ပင်ရင်း အသံ ဆိုတော့၊အာ–အာ–အီ–အီ–စသည် ဖြင့် အများကြီးဗျ၊ နောက်ပြီးတော့ အင်–အင့်–အင်း၊ အုံ–အုံ့–အုံး၊ အိန်–အိန့်–အိန်း–စသဖြင့် များစွာ ရှိသဗျ။

မောင်း။ အို–ဒါတွေကို ကျွန်တော် အကုန်ကြားဘူးသမို့။

သပြိုဟ်။ အ–သရကို ရွတ်ဘာတ်တဲ့ အခါမှာ၊ ပါးစပ်ကို မကျဉ်း၊မကျယ် ဖွင့်ရသဗျ၊ ကိုင်း–ဆိုကြည့်စမ်းပါ။

မောင်း။ အ–အ၊ ဟုတ်သမို့။

သပြိုဟ်။ အာ-သရကို ရွတ်ဖြန်တော့ပါးဝင်ကို ဖြဲပြီး ဆိုရသဗျ။

နွှာင်း။ အာ-အာ။ ရွှေ—ဟုတ်လိုက်လေ။ တယ်ဆိုတို့ ကောင်းသဗျာ။

သပြိုဟ်။ ဟော၊ အု-သရက တမျိုးဗျ၊ ရွတ်လိုက်တဲ့ အခါ အောက်နှုတ်ခမ်းနဲ့ အထက်နှုတ်ခမ်းနှစ်ခုဟာ ရှေ့သို့ ရပြီး အသံ ထွက်ရသဗျ။

နွှာင်း။ အာ-အာ-အု-အု-အု။ တောက်တော်နေပုဗျာ။

သပြိုဟ်။ ဟော၊အင်း-ဆိုတဲ့ အသံကို ရွတ်ဖြန်တော့ တမျိုးဗျ။ သေသတို့ပန်းထိုးသော်ရှင်း၊ စိတ်ညစ်ထိုးသော်ရှင်း၊ ဝင်္ဂသင်ကြီး ရှုလိုက်သလို ဆိုရသဗျ။ကဲ—ဆိုကြည့်စမ်း။

နွှာင်း။ အင်း......အင်း ...... အင်း......။ထိတ်ဟုတ်သဗျာ၊ ဆရာကြီး တော်ပါပေတယ်။ အင်း ......အင်း......။ဆရာကြီးကို ကျွန်တော် အိပ် ကျေးဇူးတင်တာဘဲ။

သပြိုဟ်။ နောက်ပြီးတော့၊'ဖြော်'ဆိုတာ ရှိသေးတယ်၊ဒါကို တော့ ထက်ပို့း နှုတ်ခမ်းနှစ်ခုကို ဖရတယ်။နောက်ပြီး-အောက်မေးကို နဲနဲ ရှိုဆိုရတယ်။

နွှာင်း။ ဖြော်......ဖြော် ...... ။ ဟုတ်သချို့၊ ဆရာပြောတဲ့ အတိုင်းဘဲ ဆရာရဲ့၊အာ...... အု ......အင်း...... အော်......။

သပြိုဟ်။ နောက်ပြီးတော့၊ 'ဖြော်'ဖို့ ဆိုလိုက်တာနဲ့ ထပြင် နက်၊ဝမ်းနဲ့ကြည်ကွဲတဲ့ သဏ္ဍာန်ဟာ မျက်နှာမှာ ပေါ်လာသဗျ။မယုံ ရင် လုပ်ကြည့်စမ်း။ ခေါင်းဟာ နဲနဲ ငြိမ့်ပြီး၊ မျက်နှာကလေးကလဲ နဲနဲ ညောင်းသွားလိမ့်မယ်ဗျ။

နွှာင်း။ ဖြော် ...... ဖြော်......။ မှန်လှချေကလား ဆရာရဲ့၊ ကျွန်တော့မှာ ယေယေက ဒါမျိုးတွေကို မသင်ခဲ့ရတာ စိတ်မကောင်းဘူးဗျာ။

သပြိုဟ်။ ကဲ၊ကဲ—နက်ဖြန်ခါကျတော့၊ ဗျည်းကို သင်ရသေး တာပေါ့။

ခွေခင်။ ချည်းကို ရွှတ်ဆိုရင်လဲ အခုလိုဘဲ နက်နဲ ခက်ခဲတဲ့ သဒ္ဒါတွေ ပါသေးသလား ဆရာရဲ့။

သပြိုင်။ ပါပေါ့၊ ဟော-'ဏ'လို့ ဆိုလိုက်ရင်၊ ထက်ဦး ပါးစပ်ကို ဖွင့်ရသဗျ၊ နောက် အာခုရင်းနဲ့ လျှာရင်းကို ထိပြီး ချက်ခြင်း ရွှတ်လိုက်ရသဗျ။

ခွေခင်။ ဏ ..... ဏ ..... ဏ ....၊ တယ်ဟုတ်ပါသလား ဆရာရဲ့၊ ကောင်း—တယ်ခက်ကောင်းပါသလားနော်။

သပြိုင်။ ဟော 'န'ကို ဆိုစမ်း၊ ထက်ဦးပါးစပ်ကို ဖွင့်လိုက်၊ နောက်ပြီး လျှာထိပ်နဲ့ အာထိပ်ကို ထိပြီး ရွှတ်လိုက်၊ နှာခေါင်းထဲ ကအသံ ထွက်လာအောင်ပေးတယ်။

ခွေခင်။ န ... န ... န ...။ ဟုတ်သမျှ၊ မှန်လိုက်တာ ဆရာရယ်၊ ငါ့နှယ် အမေ့အဖေတို့ကိုသာ ကမေ့သဲချင်တော့တာဘဲ၊ သူတို့ ကျွန်တော့ကို ဒါတွေ မသင်ခဲ့ဘူး။

သပြိုင်။ ဟော-'ရ'ကို ဆိုစမ်း၊ လျှာထိပ်ကို အာထိပ်သို့ ပင့်ပြီး ယူလိုက်၊ နို့ပေတဲ့ အာခေါင်ကို ထိပ်ပြီးထိမထားနဲ့၊ လေ ထုတ်လိုက်တဲ့အခါမှာ ထွက်လာတဲ့ အသံဟာ ဒလိမ့်ဒလိမ့်နဲ့ လိမ့်လာ ပေမယ်ဗျ၊ ဟော—ရ ... ရ ....။

ခွေခင်။ ရ ..... ရ .... ရ ..... ဟုတ်သလား၊ ဆရာကြီး တော်ပါပေတယ်ဗျာ၊ ရ ... ရ .... ရ ...၊ ကျွန်မတို့ငယ်ငယ်က မသင်ခဲ့ရတဲ့ နှမ်းတို့ကို နှုးပြသဗျာ၊ ရ ... ရ ... ရ ...။

သပြိုင်။ ကိုင်း—ကိုင်း၊ နောက်ကို အများကြီး သင်ရသေးတာပါဗျာ။

ခွေခင်။ သင်ပါ၊ ဆရာကြီးခင်ဗျာ၊ သင်ပေးတော်မူပါ၊ စားလေးမယ် ကျွန်တော့မှာ တိုးတိုးကလေး ပြောစရာတခု ရှိတယ်၊ တဆိတ် မှီအနား တိုးစမ်းပါ၊ ကျွန်တော့်မှာ မှန်နန်းတော်ထဲက အမျိုးသမီး ချော ချောကလေး တယောက်နဲ့ မေတ္တာ သက်ဝင်နေတယ် ဆိုပါတော့၊ ဆဲဒါ ကျွန်တော်က နန်းဟန်နဲ့ ဖန်းဟန်ပါပါ မှာတမ်းတစောင်လောက် ရေးချင်တယ်၊ ဒီတော့ တတ်အားသ၍ ဆရာကြီးက ကူမတော်မူပါ

ဆိုတော့ ခေါင်းပန်ပါတယ်။အားလဲ နာပါရဲ့ ဆရာကြီးရယ်၊ ကျေး
ဇူးကို မမေ့ပါဘူး။

သတိုးဟန်။ ပြောပါ–ဒီသို့လား။

ခွေးသင်း။ မှန်ပါတယ် ဆရာကြီး၊ ကျွန်တော် ဆရာကြီးရဲ့
ကျေးဇူးကို မမေ့ပါဘူး။

သတိုးဟန်။ ကျေနပ်ရတာပေါ့ဗျာ။ ကိုင်း–သူဌေးမင်း ရေးချင်တဲ့
မှာတမ်းကို လင်္ကာသွားနဲ့ ရေးမလား။

ခွေးသင်း။ လင်္ကာသွားနဲ့တော့ မရေးချင်ဘူးဗျ။

သတိုးဟန်။ ဒါဖြင့်–စကားပြေနဲ့ဘဲ ရေးမယ်ဆိုပါတော့။

ခွေးသင်း။ ဟာ– ဒါကိုလဲ မကြိုက်ဘူး။ ဘာကိုမှ မကြိုက်ဘူး
ဆရာကြီးရဲ့။

သတိုးဟန်။ ပြောပါ–ကြင်ပါတိ၊ သူဌေးမင်းနှယ်၊စာဆိုတာမျိုး
ဟာ လင်္ကာသွားနဲ့ မရေးချင်ရင် စကားပြေနဲ့ ရေးရတယ်၊ စကား
ပြေနဲ့မှ မရေးချင်ရင် လင်္ကာသွားနဲ့ ရေးရတယ်ဗျ။

ခွေးသင်း။ ဘာဖြစ်လို့လဲ ဆရာကြီးရဲ့။

သတိုးဟန်။ စာရေးတယ် ဆိုတာဟာ စကားပြေနဲ့သော်ရင်း၊
လင်္ကာသွားနဲ့သော်ရင်း ရေးရတယ်၊ ဒီနှစ်နည်းအပြင် ဒီ့အပြင်နည်း
မရှိတော့ဘူး၊သူဌေးမင်းရဲ့။

ခွေးသင်း။ ပြောပါ–စကားပြေနဲ့ လင်္ကာသွားက လွဲလို့ တခြား
နည်း မရှိဘူးဆိုပါတော့။

သတိုးဟန်။ ဟုတ်ပ ဒါကြောင့် သင်္ကေတကိုမဆို စကားပြေနဲ့ မရေးချင်ရင်
လင်္ကာသွားနဲ့ ရေးရတယ်။ လင်္ကာသွားနဲ့ မရေးချင်ရင် စကားပြေနဲ့
ရေးရတယ်၊ စကားပြောတဲ့အခါမှာလဲ ဒီအတိုင်းဘဲဗျ။

ခွေးသင်း။ ပြောပါ–အခု ကျွန်တော်စကားပြောလိုက်တော့၊ ဘာ
ခေါ်သလဲ။

သတိုးဟန်။ စကားပြေ ခေါ်တာပေါ့။

ခွေးသင်း။ အလို–နေစမ်းပါဦး ဆရာရဲ့။ အခုနေ ကျွန်တော်
က 'ဟဲ့–မယ်မှုံ၊ ထီးတို့ ဘိနပ်တို့ကို ယူခဲ့လိုက်စမ်း။ ပဏ္ဏာကြီးတွေ

ထည့်ထားတဲ့ ငါ့ ကဗျာပါသေတ္တာကို ယူခဲ့စမ်း'လို့ ဆိုလိုက်ရင် အဲဒီ စကားဟာ စကားပြေလား ဆရာရဲ့။

သပြိုက်။ အေးပေါ့ စကားပြေပေါ့။

နှောင်း။ ကြည့်စမ်း၊ အနှစ်လေးဆယ်တိုင်တိုင် ကျွန်တော် စကားပြေတွေကို ပြောနေတာပါကလား။ အခုက ဒီလိုမှန်း မသိရ တာ နှစ်ချည်းလိုက်ပါဘိ ဆရာရယ်၊ အခုမှဘဲ ဥာဏ်အလင်းရပေ တော့တယ်၊ ကျေးဇူးပါဘဲဆရာရယ်-ကျေးဇူးပါဘဲ။ ကဲ့၊ ကဲ -ကျွန် တော့မှာ ဒီလိုရေးရင် မကောင်းဘူးလား။ (ခေါင်းကုတ်၍ စဉ်းစား ပြီး)၊ "မနှင်းသွေး၊ အချစ်ဖြူရယ်။ အချစ်ဖြူရဲ့ မျက်လုံးသေးသေးလေးများ ဟာ ဇူချက်အခင်မတန် လှပါသဖြင့်၊ သည်မောင့်မှာ အချစ်ဇောနှင့် မျှော်လှပါပြီ" အဲဒါလို ရေးချင်တာဘဲ။ ဆရာကသာ ရှေ့စကား နောက် စကားကို နေရာတကျ ထားပေးပါတော့။

သပြိုက်။ ကောင်းပါပြီဗျာ၊ ဒီလိုရေးသာပေါ့။ "ရွှေဆိပ်နှင်းဖြိုင်၊ ကြွရှန်းပွင့်၊ ဝန်းတင့်ရွှေရောင်၊ သစ်ရတနာ အဖူ၊ မေတ္တာရှုချစ်ပါရှု ရှော်ပြီးလျှင်၊ တော်ဝင်တဲ့ နှမကလေးအား ချစ်သွေးနှင့် မေတ္တာဖွား ပေးလိုက်ပါသည်"၊ နောက်ပြီးတော့မှ နှမကလေး၏ ....

နှောင်း။ ဟာ -ဒီလို မဟုတ်ဘူးဗျ၊ ဒီလိုမရေးချင်ဘူးဆရာရဲ့၊ ကျွန်တော်ရေးချင်တာက ခုနက ပြောသလို "မနှင်းသွေး၊ အချစ်ဖြူ ရယ်။ အချစ်ဖြူရဲ့ မျက်လုံးကလေးဟာ ဇူချက်အခင်မတန် လှပါသဖြင့်၊ သည်မောင့်မှာ အချစ်ဇောနှင့် မျှော်လှပါပြီ" အဲဒီလို ရေးချင်တာ ဆရာရဲ့။

သပြိုက်။ ဟုတ်တယ်၊ သူ့ရှေ့နောင်းရဲ့ မှာထားဆိုတော့ နဲ့နဲ့ ခွဲခွဲ ခွဲခွဲ ရေးရတယ်။

နှောင်း။ ဟာဗျာ ဟင့်အင်း-ဟင့်အင်း၊ ကျွန်တော်ပြောတဲ့ အတိုင်း တသသဝေမတိမ်း ရေးစေချင်တယ်၊ ဆရာကြီးကသာ စကား အနေအထားကို နှန်းဟန်နဲ့ မန်းဟန်ပါပါ ပြောင်းပေးပါ။ ကဲဒေါ ဆရာကြီးက အမျိုးမျိုး ပြောင်းပေး၊ ကျွန်တော် ကြိုက်ရာကို ရွေး ယူမယ်။

သင်္ကြိုဟ်။ လောက်ဦးဆုံး သူရွှေးမင်း ဆိုသလို "ပနေန်းသူ အမျိုးဖြစ်ရယ်၊အမျိုးရဲ့ မျက်လုံးတော်ဟာ ရှချက် အင်မတန် ထူးပါသဖြင့်၊သည့်ဆောင်မှာ အချစ်ဓာနဲ့ ပျောလှူပါပြီ၊"ဟုတ်တဲ့လား။ ဒီလိုမှ မဆိုချင်ရင် "အမျိုးရဲ့ မျက်လုံးတော်ဟာ ရှချက် အင်မတန် ထူးပါသဖြင့်၊သည့်ဆောင်မှာ အချစ်ဓာနဲ့ ပျောလှူပါပြီ၊ပနေန်းသူ အမျိုးဖြစ်ရဲ့။"ကဲ-ကြိုက်သလား။ ဒီလိုမှ မဆိုချင်သေးရင်၊ "အမျိုးရဲ့ မျက်လုံးတော်ဟာ ရှချက် အင်မတန် ထူးပါသဖြင့်၊ပနေန်းသူ အမျိုးဖြစ်ရယ်၊ သည့်ဆောင်မှာ အချစ်ဓာနဲ့ ပျောလှူပါပြီ"။ ဒီလိုမှ မဆိုချင်သေးရင် "သည့်ဆောင်မှာ အချစ်ဓာနှင့် ပျောလှူအောင် အမျိုးရဲ့ မျက်လုံးတော်ဟာ ရှချက်အင်မတန် ထူးပါကလား၊ ပနေန်းသူ အမျိုးဖြစ်ရဲ့။" ဒီလိုမှ မဆိုချင်သေးရင် 'သည့်ဆောင်မှာ အချစ်ဓာနှင့် ပျောလှူပါပေါ့ ပနေန်းသူ အမျိုးဖြစ်ရဲ့၊ အမျိုးရဲ့ မျက်လုံးတော်ကလေးများကလဲ အင်မတန်မှ ရှချက်ထူးသကိုး"။ ဒီလိုမှ မဆိုချင်သေးရင်...... ......

ဒွှောင်း။ တော်ပါပြီ၊တော်ပါပြီ။ ဆရာကြီးက ဘယ်ဟာကို နန်းဟာန့်ပန်းဟာန် အပါခုံးထို့ ထင်သလဲ။

သင်္ကြိုဟ်။ သူရွှေးမင်း အသိန့်ရှိတဲ့ "ပနေန်းသူ၊ အမျိုးဖြစ်ရယ်၊ အမျိုးရဲ့ မျက်လုံးကလေးဟာ အင်မတန်မှ ရှချက် ထူးပါသဖြင့်၊ သည့်ဆောင်မှာ အချစ်ဓာနှင့် ပျောလှူပါပြီ"၊ ဆိုတဲ့ဟာပေါ့။ ဒါက နန်းဟာန့်ပန်းဟာန် အပါခုံးတဲ့ဗျ။

ဒွှောင်း။ ပေ၊ ဟုတ်သလား။ တောက်ဒါတော့ ကျွန်တော် ဝေ်ပေါ်က ကျကျနန ပေါင်ခဲ့တူးဖိုသလေပေါ့။ ကြည့်စမ်း၊ ကျွန်တော်ဟာ ဉာဏ်အကောင်းချင်သားလား ဆရာရဲ့။ တွေးဖူးပါသဲ ဆရာရယ်။ဆရာ့ကျေးဇူးကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး။

သင်္ကြိုဟ်။ ကိုင်း–တော်တောက်ပြီ၊ တော်တောက်ပြီ။ ဆရာ ပြန်ခုံးမယ်။

ဒွှောင်း။ နက်ဖြန်နဲ့နက်တော့၊ခပ်စောစော ကြွခဲ့ပါနော်၊ဆရာ။ ကြွခဲ့ပါနော်–နော်–နော်။

—=း၀း=—

## ဇာတ်ကွက်—၅။

(မြို့ရွာ နှင်းနှင့် ကြွယ်၊ ငွေယိမ်းတို့ ကျန်နေခဲ့စဉ်။)

နှင်း။ ဟော့ ငါ မှာထားတဲ့ ထိုင်မသိမ်းအင်္ကျီကို အခု ထောင် လာမပို့သေးဘူးလား။

ကြွယ်။ မပို့သေးပါဘူးရှင့်။

နှင်း။ တယ်—ဒီခွေးမသား အင်္ကျီချုပ်တဲ့ အကောင်၊ ငါ မှာထားတဲ့ အချိန်မှာတောင် မလာပို့သေးဘူးလား။ ဒီနေ့ဟာ ငါ့မှာ အင်မတန် အရေးကြီးတယ်ကွ။ ဒီအကောင်ကို ငါ ရှုံးလာပြီ။ မြွေ ပွေးကိုက်ခွေး။ ခေါင်း—ခွဲပစ်လို့ ထောင်းပိုက်ချင်တာပဲ။ ခွေးမသားခွေးဘိုရှုံးငါ.....ဘယ်.....။ (အခန်းတွင် ခေါက်တုံ့ ခေါက်ပြန် လျှောက်၍ ဒေါသထွက်တီးနေစဉ်)။

—=ㅇ=—

## ဇာတ်ကွက်—၆။

(အပ်ချုပ်သမား၊ ဘိနပ်ချုပ်သမားနှင့် နောက်လိုက် သပည့်သုံးယောက်တို့ ဝင်လာစဉ်။)

နှင်း။ အောင်မာ၊ ခုမှ လာကြတော့။ ငါ မင်းကို မျှော်နဲ့ ထောင်တုတ်ထိုက်နေတာပဲ။ မင်း ကံကောင်းသွားတယ်။ ထိုရဲ့ လေ။

အပ်ချုပ်သမား။ သူဌေးမင်းခင်ဗျား၊ စိတ်လဲ မရှိပါနဲ့။ ကျွန် တော့မှာ သူဌေးမင်းအတွက် ထိုင်မသိမ်းအင်္ကျီကို အလှ ကျအောင် သပည့်သင်္ကာသား နှစ်ယောက်အချုပ်နဲ့ ဒီရင် ချုပ်လုပ်ရပါ တယ်။ ဒါကြောင့် နှောင့်နှေးခြင်း ဖြစ်ရတာပါ။ ကျွန်တော် သူဌေး မင်းကို အင်မတန် ရှိုးသေပါတယ်။

နှင်း။ ဟော့ ဟိုသနားကောင် မှီးမိုက်တဲ့ မင်းတို့အဘ ထရုပ်ရှင်ဖိုး အင်္ကျီဟာ ကြည့်လိုက်တော့ ထွန်းရောနဲ့နဲ့တောင် ပြဲသွားပြီ။ ဒါ ဘယ်နှယ် လုပ်မလဲ။

အင်ချင်။ နေ့သက်ခဲလေ့။ ရှောင်လွှဲနေပါတဲ့ သူဌေးမင်းရဲ့။

မှောင်း။ ငါ့သဌေး၊ ရှောင်ရမှာလား။ ကြင်ထွန်းထို တွဲဘောင် ထွက်သွားပြီ၊ (သမန် ဘိနပ်ချုပ်သမားဘက်သို့ ဖူညွှန်၍)၊ ဟိုအ ကောင်ကလေး မင်းချုပ်ပေးလိုက်တဲ့ ဘိနပ်ဟာလဲ သိပ်ကြပ်တာ တဲ့။ အရ ငါ့ခြေထောက် နာနေပြီ။ မင်းတို့ တယ်ခက်တဲ့ အကောင် တွေပဲ။ ငါ ဘဲ့နဲ့သတ္တဝါတွေနဲ့ လာတွေ့နေရပါပြီ။

ဘိနပ်ချုပ်သမား။ ဒီမိုနာပါဘူး၊ သူဌေးမင်းရဲ့။

မှောင်း။ ဘာပြောတယ်၊ ဘာ ...... မနာဘူး။

ဘိနပ်ချုပ်။ မနာနိုင်ပါဘူး၊ သူဌေးမင်းရဲ့။

မှောင်း။ ဟေ့–အကောင်၊ မင်းတိုးအော မနာနိုင်ဘူးလား။

ဘိနပ်ချုပ်။ သူဌေးမင်း စိတ်က ထင်လို့ပါ။

မှောင်း။ နာလိုသာ နာတယ်-လို့ စိတ်ထဲက ထင်တာပေါ့ကွ။ (ခြေထောက်ကို ပြလျက်)၊ မင်း-တိုးအောကို သေသေချာချာ ကြည့် စမ်း၊ ဖူးနေတာဘဲ။

အင်ချင်။ ပေါ–သူဌေးမင်း၊ ရှုစားတော်မူပါခင်ဗျား။ သူ ဌေးမင်း မှာတော်မူတဲ့ ဝိုင်ယထိမ်းအင်္ကျီပါဘဲ၊ မိုယ်းကြီးရောင်၊ သက်တန့်ရောင်၊ ဖက်ခါးတောင်၊ ပိုးချည်တောင်စာ၊ လည်ကုတ်ဥာ ကဲ့သို့၊ မြွာလို မြွာ၊ ဝါလို ဝါ၊ ရှုခါ ရွှေရုံခါညီ၊ ကျိုးရွှလို တခြမ်း၊ မရမ်း ပေါင်ပေသောင် ရောပေါင်းပြီး၊ ထိ.နန်း ဆန်းသည့်ဘက် ဆန်းအောင် ချုပ်လုပ်ထားပါတယ်၊ ဒီလို-ချုပ်လုပ်နိုင်တဲ့ ပညာသည်များဟာ မြန်မာနိုင်ငံမှာ မရှိသလောက်ပါဘဲ၊ သူဌေးမင်းရဲ့။

မှောင်း။ ဒါက ဘာတွေလဲကွ၊ အင်္ကျီအနားမှာ ပန်းထိုးထား ရသလား။

အင်ချင်။ အနို–သူဌေးမင်းက ဘယ်နေရာမှာ အလိုတော် ရှိတယ်လို့ အမိန့် မပေးဘဲကိုး။

မှောင်း။ ဒါက အမိန့် ပေးနေရအုံးမှာလားကွ။

အင်ချုပ်။ ခြင်ခံ—လိုတာကို မိန့်မှပေါ့၊သူဌေးမင်းရဲ့ရှိပေတဲ့ ရွှေမြို့တော်ကြီးမှာ၊ရွှေမြို့တော်သားများနှင့် တကွ မင်းမိုးရာဇာများ ဟာ အင်္ဂျီအနားပန်းကိုမှ နှစ်သက်တော်မူကြသတဲ့။

နှောင်း။ ဟော—သူတို့ နှစ်သက်ကြသတဲ့လား။

အင်ချုပ်။ မှန်ပါတယ်၊သူဌေးမင်း။

နှောင်း။ အေးသဘောသွား၊ဒီလိုဖြင့် ငါလဲ နှစ်သက်တာပေါ့။

အင်ချုပ်။ သူဌေးမင်းက လည်ပတ်မှာ ပန်းထည့်ချင်တယ် ဆိုရင်လဲ ဖြင့်ထည့်ပေးရတာပေါ့။

နှောင်း။ ဟော့—တော်ပါကွာ၊ မဖြင့်ချင်တော့ပါဘူး။

အင်ချုပ်။ အားပေးပါ မနေပါနဲ့၊သူဌေးမင်းရဲ့၊ကျွန်တော်တို့မှာ သူဌေးမင်းရဲ့ အမိန့်ကို နာခံရမဲ့ လူများ ဖြစ်ပါတယ်။

နှောင်း။ အမယ်—မဖြင့်ချင်ပါဘူးကွာ။ မင်း စီရင်ပုံဟာ အင်မတန်မှ သေသပ်ပါတယ်။ဟော့—ခေါင်ရဲ့၊ငါနဲ့ ကြည့်လို့ ကောင်းပါ့ မလားကွဲ့။

အင်ချုပ်။ ဟာ—ဘဲနဲ့ အမိန့်ရှိတော်မူပါသလဲ၊ သူဌေးမင်း။ အင်မတန်မှ ကြည့်လို့ ကြက်သရေ ရှိပါတော်ကော၊ဟော—ပန္နဒေသ မှာ တချော်ဓာနေတဲ့ ပန်းမျိုးသရေကြီး၊ဦးကြာညွန့်တောင် ထက်မြင် ချပြီး ငိုရမျ၊သူဌေးမင်းဟာ ဒီလိုဝတ်ဆင်ပြီးနဲ့ ဆိုရင် ပန်းမျိုးမျိုးပန်း မျိုး၊ ရွှေဝါရဲ့ ရုံးရပါစေရဲ့၊ယုံပါတော့။ နောက်ပြီးတော့ နတ်တို့ဖန် ရောင်ကန့် အသင့်ကြာ အသင့်-ဆိုသလို၊ သူဌေးမင်းရဲ့ အရှိန်ကြောင့်၊ ကျွန်တော့်မှာ ကုန်ဘက်ပညာသည့် မိတ်ဆွေတယောက် တိုးထေ ပါတယ်။ဟော—သူပါတဲ့ သူဌေးမင်းရဲ့၊သူ့အစွမ်းကတော့ မင်းကြီး သက်တော်ရှည်တို့၊ နန်းရင်းဝန်တို့ ပေါင်းဆင်တဲ့ ခေါင်းပေါင်းဖြူ အော့လုံးများ အင်မတန် အလုပ်ကောင်းတယ်၊သူဌေးမင်းရဲ့၊ နောက် ပြီးတော့—ခေါင်းကြီးတွေရဲ့တို့ ဖြင့်သစ်ဘုရင်၊အချောအချောကြီး က ချစ်စနိုးနဲ့ ဆက်သတော်မူလိုက်တဲ့ ဖြင့်သစ်ပုဝါဖြူမျိုးလို ဆန်း ပေ့တှာ့ရုဆိုတဲ့ ပုဝါပန်းပေါက်လဲ အင်မတန် အဆောက်ကောင်း တယ်၊သူဌေးမင်းရဲ့။

နှောင်း။ ဟော့-နေစမ်းပါဦး၊ ငါ့လူရ၊ ခေါင်းပေါင်းဖြူပေါ့လုံး မှာ နောက်က ထောင်နေတဲ့ အစ,နှစ်ပဟာ ယုန်နားရွက်ကလေးနဲ့ တယ်တူသကိုးကွ၊ဟုတ်စ။

အပ်ချုပ်။ တူပေါ့။

နှောင်း။ (အပ်ချုပ်သမားနှဲ့ ဝတ်ဆင်ထားသော ရင်ဖုံးအင်္ကျီ ဆင်ကို သေသေချာချာ ကြည့်၍)၊ ဟော့-လူရ၊ ဒီအင်္ကျီဆင်ဟာ၊ မင်း-မနေ့က ငါ့ကို ချုပ်ပေးလိုက်တဲ့ အင်္ကျီဆင်နဲ့ တယ်တူပါ ကလားကွ။

အပ်ချုပ်။ ဟာ-သူဌေးမင်း ဝတ်လိုက်တော့၊အင်မတန် ကြက် သရေ ရှိတာကလား။ဒါနဲ့ ကျွန်တော်ထဲ သူဌေးမင်းလို ကြက်သရေ ရှိမလားလို့ အဆင်တူ,တထည် ချုပ်ပြီး ဝတ်ကြည့်ပါတယ်။

နှောင်း။ ကြက်သရေ ရှိတာကတော့-ဟုတ်ပါ့ရဲ့။နို့ပေတဲ့ မင်း တို့နဲ့ ငါတို့လို ပဟာဆွေး ဆန်နေတဲ့ လူမျိုးနဲ့ ဆိုတော့၊ဂုဏ်ချင်း ဖြစ်ချင်း တူတာ မဟုတ်ဘူး၊ကြားလား၊ ဝတ်ရဘူး။

အပ်ချုပ်။ ဟုတ်ပါခင်ဗျာ၊ကျွန်တော် နောက်ကို မဝတ်တော့ ပါဘူး၊ဒါထက် ထိုင်မသိမ်းအင်္ကျီကို ဝတ်ကြည့်စမ်းပါဦး၊သူဌေး မင်းရဲ့။

နှောင်း။ အေး၊အေး-မှန်းစမ်း။

အပ်ချုပ်။ ဟာ-သူဌေးမင်းကတဲ့၊ ဟန် ကိုယ်ဟိတ်နဲ့ ခန့် ရှူတို့ တဲ့၊ သူဌေးမင်းတယောက်လုံး လုပ်နေတာဘဲ၊ ကိုယ့် ကိုယ်တိုင် ဝတ်လို့ ဘယ်တင့်တယ်မလဲ၊ ဟော-ကျွန်တော်က အလိုက်သိစွာ တပည့်တပန်းတွေကို ခေါ်လာတယ်၊ ထိုင်မသိမ်းအင်္ကျီ ဆိုတော့ ရေမြေသခင်,ပြည့်ရှင်မင်းများသာ ဝတ်ဆင်တဲ့ ဝတ်လဲတော် ဖြစ် လေတော့၊သူတို့ ဝတ်စားဆင်ယင်သလို တခမ်းတနား ကျင်းပပြီးမှ ဝတ်ရတာမျိုးကလား၊ ဟော့-တပည့်တို့၊ တပည့်တို့ ....(တပည့်သုံး ယောက်လည်း ဦးရွှေနှောင်းအနီးသို့ ချဉ်းကာ လာရလေ၏)၊ဟော- မင်းမိုးရာဇာမှ စ၍၊ ရွှေမြို့တော်သား-လူဂုဏ်တန်,လူရည်တတ်များ

ဝတ်စား, ဆင်ယင်ပေးသလို၊ ကျောကျွန်း - ရှိရှိသေးသော အမူတော် ထမ်းလိုက်ကြပြင်း-ကွယ်ဘီ။
(တပည့်သုံးယောက်လည်း ဦးရွှေနှောင်းအား ရှိရှိသေသေ အင်္ကျီကို ဝတ်ပေးစေ။ ဦးရွှေနှောင်းလည်း ကုန်းလိုက်, ကွလိုက်,လမ်း လျှောက်ကြည့်လိုက်နှင့် နေစေ)။

ပထမတပည့်။ (ခါးကို ညွတ်၍ ဦးတိုက်ကာ) ထိပ်တင် သခင်ကြီးဘုရား။ ကျွန်တော်များအား သနား,ဂရုဏာ ရှေ့ထား၍ ဆုတော်,လာဘ်တော်များ ပေးသနားတော်မူပါ။ထိပ်တင်,သခင်ကြီး ဘုရား။
နှောင်း။ ဟော–ဘဲ့နှုံ၊ဘဲ့နှံ့တဲ့ကွ။
ပထမတပည့်။ ထိပ်တင်,သခင်ကြီးပါတဲ့ဘုရား။

နှောင်း၊ ထိပ်တင်,သခင်ကြီးတဲ့လား။အောင်မာ ထိုင်မသိမ်း အင်္ကျီဝတ်လိုက်တာနဲ့၊ ငါ့အခေါ်အဝေါ်ဟာ ဟောသေးဆီ,ဟောခွေး များရဲ့ အင်္ဂလိပ် ဒုပါသာတယ်မှတ်တယ်၊ ဟုတ်။ အေးသကွာ။ ရှောက်မွဲကြီးနဲ့သာ နေမယ် ဆိုရင်၊ ငါဟာ ဆင်းရဲသား အစားထဲ ကလို နေမှာဘဲနော်ဟုတ်။ "တောင်းမှာ အကွင်-လူမှာ အဝတ်" ဆိုသလို၊ထိုင်မသိမ်း ဝတ်လိုက်တော့၊ ငါ့မိမွေးတိုင်း,ဘမွေးတိုင်း အင်္ဂလိပ်ဟာ မညီဘူးနော်၊ ဆိုရဲ့လား။ ကိုင်း–ရော့၊ ရော့၊ ရော့။ ဒေါင်းအင်္ဂါဒေတွေကွ။မြင်ဘူးကြရဲ့လား။
ဒုတိယတပည့်။ (လက်အုပ်ချီကာ)။ ကျွန်တော်များမှာ ထိပ် တင်ကြီးရဲ့ ကျေးဇူးသစ္စာတော်ကို ပါဏုပေထံ-အသက်ထက်ဆုံး မမေ့ပါဘူးဘုရား။
နှောင်း။ "ကျေးဇူးသစ္စာတော်"တဲ့လား။ ဟဲ့–ဒီစကားဟာ သာမညစကား မဟုတ်ဘူးဟ၊ဒီစကားလဲ ငါ်းသုံး,နှန်းသုံးစကားပေါ့ ဘဲလား။ ကိုင်း–ရော့၊ရော့။ငါ၏ ကျေးဇူးသစ္စာတော်ကို စောင့်ဆို, ရှိသေတဲ့ အတွက်ကွ၊ဆိုရဲ့လား။

တတိယတပည့်။ မှန်ပါ၊ ကိုယ်တော်ကြီးအား ကျန်းမာ ချမ်းသာပါစေဆိုတဲ့ ပန်းသာဖြူညှာင်ခြေ ဆောင်း၍ နေ့ညမပြတ် ဆုတောင်းပါမယ်၊ ကိုယ်တော်ကြီးရဲ့။

နှောင်း။ ဟာ—ဘွဲ့နဲ့တဲ့၊ ကိုယ်တော်ကြီးတဲ့လေး။ ကိုယ်တော်ကြီးဆိုတဲ့ စကားမျိုးဟာ ရှင်ဘုရင်တို့မင်းသားတို့ကို ခေါ်ဝေါ်တဲ့ စကားဘဲ၊ မင်းလဲ ခုတော်တော် ယိမ်မာခရေးခြားရှိတဲ့ ကျွန်ကြီးပါဘဲ လေးကွဲ့။ (ထမေဘာက်တည်း ပြောရာဆုံးသည်မှာ) အင်း- ဗိုအကောင်ဟာ နေ့ခင်းထင်ပြီး 'ဆင်ဖြူများရှင်ဘက်နှင်းကြောသော်ခင်'လို့ ဆိုရင် ငါ့မှာ ပါသတဲ့ ငွေကလေး ပြောင်ရချည်ရဲ့။ (တဖန် တတိယတပည့်ဘက်သို့ ရှည့်၍)၊ ကိုင်း—ခရော့-ရော့-သောဘာ ငါ့ကို ကိုယ်တော်ကြီးလို့ ခေါ်တဲ့အတွက်ကွ။

တတိယတပည့်။ ကိုယ်တော်ကြီးဟာ အင်မတန်မှ စေတနာ သဒ္ဓါတရား ထက်သန်ပါပေတယ်၊ ကိုယ်တော်ကြီးဘုရား။

နှောင်း။ (ထမေဘာက်တည်း ပြော)။ ။အင်း၊ တော်သေးရဲ့၊ ရှိသမျှကလေး အကုန်ပေးရတော့မလို့၊ တော်သေးရဲ့၊ တော်သေးရဲ့။

(အပ်ချုပ်သမားဘိနပ်ချုပ်သမားနှင့် တပည့် လက်သားများ ဝင်ကြခေ။)

—=:o:=—

## အခန်း—၃။

### ခင်းကွက်—၁။

(ထိုမသိမ်း ဝတ်ဆင်ထားသော ဦးရွှေနှောင်းနှင့် ငွေပတ်၊ ငွေယ်တို့ ကျန်ရစ်ခေ။)

နှောင်း။ ဟေ့အကောင်တွေ၊ ဘာ ပေးခုတလဲ။ ငါ အခု ဖြိုဖြင်သေးရပ်ဆုံးမှာ ရှောက်ပြီး၊ ဗိုအင်ကျီနှင့် ဟိတ်ရတ်မလို့၊ ကြားရဲ့လားမင်းတို့နှစ်ခုယောက်ဟာ၊ သူများ မြင်ရင်၊ ငါ့ ကျွန်တွေ

လို သိမှတ်ကြရအောင်၊ ငါနေဝင်က ရှိရှိသေသေ လိုက်ခဲ့ရမယ်၊ ကြားလား။

ကြွေပယ်-ငွေယ်။ ကြားပါ့ဘုရား၊ ကြားပါ၊

နှောင်း။ ငွေယ်၊ မယ်မှုံကို ခေါ်လိုက်စမ်း၊ အိမ်မှာ ဖြစ်တို့ ဆင်ဘို့ နေရာ ချထားရဦးမယ်၊ ဟေ့-နေတော့၊ နေတော့၊ သူ လာ နေပြီ၊

## ခန်းကွက်-၂။

(မယ်မှုံ ဝင်လာခဲ့၊)

နှောင်း။ ဟဲ့-မယ်မှုံ၊

မယ်မှုံ၊ ဘာလဲရှင့်၊

နှောင်း။ ငါပြောတာ နားထောင်စမ်း၊

မှုံ၊ အမ်မယ်လေးရဲ့လေးဟဲ့၊ ဟား ဟား ဟား ဟား······

နှောင်း။ ဟဲ့-ဘာရိတာလဲ၊

မှုံ၊ ဟား······ဟား ·····

နှောင်း။ ဒီခကောင်မ၊ ဘာဖြစ်လာတာလဲ၊

မှုံ၊ ဟား······ ဟား······ ဘဲ့နှာကြီးကို ဝတ်ထားရတာလဲ၊ ကိုကြီးနှောင်းရဲ့၊

နှောင်း၊ ဘာပြောတယ်၊

မှုံ၊ အမ်မယ်လေးရဲ့လေးဟဲ့၊ ဟား······ ဟား······

နှောင်း။ ကြည့်စမ်း၊ ဒီခွေးမွေးကိုက်မဟာ၊ ငါ့ကို ဒီနေရသလား။

မှုံ၊ ကိုကြီးနှောင်း၊ အသာ နေစမ်းပါဦး၊ ရီစမ်းပါရစေဦး၊ ဟား······ဟား······

နှောင်း။ ဒီခကောင်မ၊ ငါ လုပ်လိုက်ရ၊

မှုံ၊ အားရအောင် ရီစမ်းပရစေဦး ကိုကြီးနှောင်းရဲ့၊ ဟား-ဟား ·····

နှောင်း။ ဟဲ့—တော်ပဲ့။

မှုံ။ ကိုကြီးနှောင်းက တယ်ရီစရာ ကောင်းသကိုးတော့၊ ဟား……

နှောင်း။ ကြည့်စမ်း၊ဒီကောင်မဟာ။

မှုံ။ အဲမောင်ရဲ့ဒီလိုလူမျိုးတော့ မကြုံဘူးပါဘူးတော့၊ဟား……

နှောင်း။ တယ်—ငါဒေ—လေးလေးဒေ။

မှုံ။ ဆောကာလေး၊ဆောကာလေး ဟား…… ဟား……

နှောင်း။ ဟဲ့-မယ်မှုံနင် ဒီတခါ ရှိရင် ဆံပင်ဆွဲဆောင့်လိုက်မယ်၊

မှုံ။ ကဲ-တော်ပါပြီ၊တော်ပါပြီ၊အဟီး။

နှောင်း။ ခြေတော နားထောင်စမ်း၊ အိမ်မှာ တိုးလိုးတန်းလန်းတွေကို သိမ်းထားလား။

မှုံ။ အဟီး—အဟီး။

နှောင်း။ နောက်ပြီးတော့လဲ အိမ်ဦးခန်းကို ရေနဲ့ ဝင်ဝင်……

မှုံ။ အဟီး—အဟီး၊

နှောင်း။ ရေနဲ့ ဝင်ဝင် ဆေးကြောရမယ်။

မှုံ။ အဟီး—အဟီး—အဟီး။

နှောင်း။ ကြည့်စမ်း၊မိုပြန်ပြီ။

မှုံ။ (ခွက်ထိုးခွက်လန် ရယ်မှု) ကိုကြီးနှောင်းရေ၊ မိမှုံကလေးရဲ့ ဆံပင်ကို ဆွဲဆောင့်ချင်ရင် ဆွဲဆောင့်လိုက်ပါတော့၊မိမှုံကလေးဖြင့် မရီရရင် သေရပါလိမ့်မယ်၊ကိုကြီးနှောင်းရဲ့၊ ဟား…… ဟား……

နှောင်း။ တယ်-ဆွဲထောင်းပြန်တော့မယ်၊

မှုံ။ ကိုကြီးနှောင်းရေ၊မယ်မှုံကလေး မရီရရင် သေရွာ စွမ်းရပါလိမ့်မည်၊ကိုကြီးနှောင်းရဲ့၊ဟား……ဟား……ဟား……

နှောင်း။ ဒီကောင်မဟာ ပေတေတေနဲ့၊ ဟဲ့—အခုရှုတ်မ၊ ငါ ပြောတာကို နားထောင်စမ်းပါ။

မှုံ။ ကဲ—ထောင်ပါပြီတော်၊ ထောင်ပါပြီ၊

နှင်း။ ညှော်ဘောင်း၊ စောင်ဘောင်းတွေကို ငါ ဘီတ်သား တယ်၊အိမ်ကို ရှင်းရှင်းလင်းလင်း ထားစမ်း၊ကြား၊ရှဲသေး။

မှူး။ ဒီညှော်သည်တွေကလဲ ခဏခဏ လာတဲ့ ရှင်ရှိနှမယ် ခင်ဗျား၊မယ်မှူး စိတ်ညစ်ရှာပါပြီ။

နှင်း။ အောင်မယ်နှင် စိတ်ညစ်တာနဲ့၊ ငါ့ ညှော်သည်တွေ မသာရုပ်တွေဘူးလေ၊ရှူ ပါး ဝတ်နှင် ဘောင်တော် ထနှင်းဟောင်း......

မှူး။ မဟုတ်ပါဘူး၊ ကိုကြီးနှင်းရဲ့၊ ညှော်သည်တွေကလဲ လာရတဲ့ မလာနိုင်ဘူး၊တွေ့ဘာရော၊ပေါ်တာရ၊ အသေနေတာ၊ ဘိန်း သေရော၊ဇာတ်သမားရော၊လူညာရော၊ လွန်တဲ့ လွှန်ရှာပါတယ်။

—=။ဝ။=—

## ဇာတ်ကွက်—၃။

(ဒေါ်ခါ ထွက်လာစေ)။

ဒေါ်ခါ။ ဖဲသတော့၊ ဆဲတော့၊ ဖြစ်ရပုံများ ပြောတဲ့ မပြောချင် တော့ဘူး၊တဲ့နဲ့ဟာကြီးကို ဝတ်ထားရသလဲ၊ သူများ မြောက်ခေး တိုင်း အကောင်း မှတ်လို့၊ မောင်မင်းကို လူပြောင်တွေက အချူး လုပ်နေတာ၊လူမိုက်ရာကြီး မောင်မင်းချယ် ချွတ်ပါ။

နှင်း။ အောင်မယ်၊မယ်မင်းတို့လို မသိသားဆိုးဝါး၊ရူးနှမ်း နှမ်းတွေဘာသာ ရှိမှာ၊သွားပါ။

ခါ။ မောင်မင်းလုပ်ပုံတွေဟာ မတော်ပါဘူးတော်၊ အရပ်က ရိုင်းသချော်ကြပါလိမ့်မယ်။

နှင်း။ မယ်မင်းအရပ်ကတော့ ဘာရှိသိုလဲ၊ထွီ-ရွံစရာ။

ခါ။ မောင်မင်းသာ ရူးတာ၊ အရပ်က ရူးတာ မဟုတ်ဘူး၊ ဒီ ထင်နဲ့ နေရတာ စိတ်ညစ်ရှာပါပြီတော်၊ ဘယ်တုန်းမှ ကိုယ့်အိမ် မှာ ကိုယ် စိတ်အေး၊လက်အေးနဲ့ မနေရဘူး၊ တနေ့လာလဲ ဇာတ် သမား၊ဆိုင်းသမားတွေနဲ့၊ ထရုံးရုံး၊ တနေ့လာလဲ တရုတ်ရွှေညည့်ညည့်၊

သာသာလေးယံ ဇရင်ကျနေတာဘဲ။ အိမ်နီးနားချင်းကိုလဲ အားနာပါဦး၊ မောင်မင်းရဲ့။

မှုံ။ မေမြဲ့ပြောတာများကိုလဲ နားထောင်ဦးမှပေါ့-ကိုကြီးနှောင်းရဲ့။နေ့တိုင်း,နေ့တိုင်း လူပေါင်းစုံမြဲတာပါ။ကာ မြေမှုံကို တသူ လှုပ်ပစ်နှိပ်မှာလဲ။ခါး ကုန်းရတွန်းလို့ သေရတော့မယ်။

နှောင်း။ ဟဲ့–မိမှုံ၊ နင် ကျွမ်းဆန်ထဲ ကြွက်ချေး လာမရောစမ်းနဲ့။တိတ်တိတ် နေစမ်း။

ခါ။ မယ်မှုံကို သွားပြီး ကြိမ်းမောင်းမနေနဲ့။မယ်မှုံက မောင်မင်းထက် အပုံကြီး လိမ္မာသေးတယ်။ တကယ်တော့–ဗိုအသက် ဗိုအရွယ် ရောက်မှ ဇာတ်သမားတွေနဲ့ ကလေး,ခုန်လား။

မှုံ။ နောက်ပြီးတော့ကော– မမရဲ့၊ ဟိုဓားကြီးနဲ့ လှံကာရော အိမ်ဦးခန်း တက်ပြီးခုန်လား,ပေါက်လား။ မြေနဲ့ ဆောင့်လို ဆောင့်။ အိမ်ကို သွက်သွက်ခါလို့ ရက်မတွေလဲ ပြုတ်ကျပါပြီ။

နှောင်း။ ဟဲ့–မယ်မင်းရော၊မယ်မှုံရော တော်၊ရှာ မရှေစမ်းနဲ့။

ခါ။ မဟုတ်ပါဘူး။ဗိုအသက်,အရွယ် ရောက်မှ ကချင်,ခုန်ချင် သေးသလား။

မှုံ။ ဟော၊ ဟော–ဓားကြီးကို ကိုင်ပြန်ပါပြီ၊ မဟုတ်ပါဘူး၊ ဓားကြီး တရမ်းရမ်းနဲ့ ကိုကြီးနှောင်း-လူများ သတ်ချင်လို့လား။

နှောင်း။ တိတ်နေ–နှင်တို့ ဘာအမှန်,ကမ်းလမ်း သိတဲ့ဟာတွေလဲ။ ဒါ–ပညာတွေပဲ၊ပညာတွေ။

ခါ။ တကယ်ဆို၊ သီးချိန်တန် သီး,ပွင့်ချိန်တန် ပွင့် ဆိုသလို၊ အရွယ် ရောက်လာတဲ့ ကိုယ့်သမီးကလေးကို နေရာ ချထားဖို့ စဉ်းစားရောပေါ့။

နှောင်း။ လာစပ်တဲ့လူ ပေါ်လာရင်၊ ပေးစားလိုက်မှာပေါ့။ ဒါက ဘာ အရေးကြီးသလဲ။ ငါ့ဝါသနာကို လာလာပြီး ဖျက်လို ဖျက်ဆီး မလုပ်စမ်းနဲ့။

မွံ။ နောက်ပြီးတော့လဲ မမှုံ။ ဘာဆရာ ဆိုတား၊ ညာဆရာ ဆိုလား၊ မသိပါဘူး။ အဲဒါနဲ့ တနေ့ကလုံး ခေါင်းချင်း ဆိုင်ပြီး တ တွတ်တွတ်နဲ့။

နှောင်း။ အေး၊ တတွတ်တွတ်နဲ့-ဘာဖြစ်သလဲ။ ငါက ပညာရှိ ကြီးများနဲ့သာ စကားပြောပြီး ပညာကို ဆည်းပူးနေတာ၊ နင်တို့ ဘာ နားလည်လို့လဲ။

ခါ။ ဒါဖြင့် ကျောင်းပြန်နေပါဦးလား၊ ဘုန်းကြီး အဆော် ခံနေအောင်။

နှောင်း။ ဆော် ဘာဖြစ်သလဲ၊ ပညာရရင် ပြီးရော။

မွံ။ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်—နာနာကလေး ဆော်ပေးမှ လိမ္မာလာမယ်။

နှောင်း။ ဆော်ပေးမှ လိမ္မာမယ်၊ ဘာဖြစ်သလဲ။

ခါ။ ဒီတော့မှ ဖောင်းဒိုး ချုံးချွမ်းချွမ်းတွေ ပျောက်ကုန်မယ်။

နှောင်း။ အေးတော့ဖြစ်တော့။ နင်တို့နဲ့ ဘာကြည်ပြောရတာ ပါး စပ် ညောင်းတယ်။ အခု ပယ်မင်း ပြောလိုက်တဲ့ စကားဟာ ဘာ စကားလဲ၊ သိရဲ့လား။

ခါ။ ကျုပ် ပြောတာကို ကျုပ် ဘာဖြစ်လို့ မသိဘဲ နေရမှာလဲ။ ကျုပ် ပြောတာတွေဟာ အကောင်းချည်းပဲ။ မောင်မင်း နေပုံ ထိုင်ပုံ ပြောင်းဖို့၊ မချူး၊ မချွမ်းဖို့ ပြောတာ၊ သိရဲ့လား။

နှောင်း။ ပဲ့—ဒါမေးတာ မဟုတ်ဘူးဟ။ အခု ပယ်မင်း ပြော တဲ့ စကားဟာ ဘာစကားလဲလို့ မေးတာ။

ခါ။ အို—သူကြိုက်-နတ်ကြိုက်-ဘုရားကြိုက်တဲ့ စကားပေါ့။

နှောင်း။ ဘောင်မယ်ကလေးရဲ့ လေး၊ ဒါကို မေးတာ မဟုတ် ဘူးဟ။ ကဲ၊ ကဲ—ငါ အခု ပြောလိုက်တဲ့ စကားဟာ ဘာစကားလဲ၊ သိရဲ့လား။

ခါ။ ဘာခု မဟုတ်ဘူး၊ အချူး စကား။

နှောင်း။ ဟဲ့–ခါကို မေးတာ မဟုတ်ဘူးဟ။ တယ်ကြွပ်ပါကလား။ဒီအရိုက်ခံကြောင့် တခက်ဘဲ။အခု မယ်ဆင်းနဲ့ ငါနဲ့ ပြောတဲ့စကားတွေဟာ၊ဘာစကားလဲလို့ မေးတာ။

ခါ။ သိနိုင်ပေါင်။

နှောင်း။ ဘဲ့နဲ့ခေါ်တယ် ဆိုတာကိုတော့ သိရဲ့လား။

ခါ။ အို….. သူ ခေါ်ချင်သလို ခေါ်တာပေါ့။

နှောင်း။ အမယ်မယ်လေး၊ မယ်ခါလေး–ဆဲခါ စကားပြေစကားလို့ ခေါ်တယ် ခင်ဗျ၊ သိရဲ့လား။ ဘယ်စကား,ဘယ်စာကို မဆို၊ စကားပြေနဲ့ မပြော,မရေးချင်ရင်၊လင်္ကာသွားနဲ့ ပြောရ,ရေးရတယ်။ လင်္ကာသွားနဲ့ မပြော,မရေးချင်ရင်၊စကားပြေနဲ့ ပြောရ,ရေးရတယ် ဟဲ့။ မယ်ဆင်းရဲ့၊ (မယ်မှုံဘက်သို့ ဖုည့်၍) ဟဲ့–မယ်မှုံကလေး၊ "ကြော်"လို့ ဆိုလိုက်ရင်၊ဘာလုပ်ရသလဲ၊သိရဲ့လား။

မှုံ။ ရှင်။

နှောင်း။ ဟော–"ကြော်"လို့ ပါးစပ်က မြည်လိုက်ရင် ဘာလုပ်ရသလဲ။

မှုံ။ ဘာ့နှာ-လုပ်ရမှာလဲတို့။

နှောင်း။ ကဲ၊ ကဲ– "ကြော်"လို့ ဆိုလိုက်စမ်း။ နင် သိလိမ့်မယ်။

မှုံ။ ကြော်။

နှောင်း။ ကဲ–နင် ဘာလုပ်သလဲ။

မှုံ။ အို–ကြော်လို့ ဆိုလိုက်တာပေါ့။

နှောင်း။ (သက်ပြင်းကြီး ချလျက်)၊ အင်း…..နင်တို့ တယ်ရိုးဝေးတဲ့ ဟာတွေကိုး။နင်က"ကြော်"လို့ ဆိုလိုက်တော့ နင်ဘာလုပ်သလဲလို့ မေးတာဟ။ဒီမှုံရဲ့။

မှုံ။ ဖြစ်မှ ဖြစ်ရလေ၊ ကိုကြီးနှောင်း ပြောသလို လုပ်တာပေါ့-တော့။

နှောင်း။ အင်း–ခက်တာဘဲ၊ ဘဲ့နဲ့ ရွေးတွေနဲ့ လာတွေ့နေရပါလိမ့်နော်။ ဟဲ့–မယ်မှုံ၊ဒီမှာ ကြည့်စမ်း။ ဟော–"ကြော်"လို့ ဆို

လိုက်ရင်းထက်ဦး နှုတ်ခမ်းနှစ်ရကို ချွဲသို ရလိုက်ရတယ်။ နောက်ပြီးတော့၊အောက်မေးကို မှုန့်လိုက်ရတယ်၊ "ခြေဘ်"ကဲ-ဖြစ်တယ် မဟုတ်သေး။ မဟာ-ငါ ဝင်းနဲ့ကြည်ကွဲတဲ့ မျက်နှာ လုပ်ဖြမယ်၊ ကြည့်၊ကြည့်-"ခြေဘ်"......

မှုံ။ အင်း - ပညာကြီးပါပေတယ်နော်၊

ခါ။ အင်မတန်မှ ထူးကဲပါပေတယ်၊ ကိုပိုရုတတ်အိုးကြီး တော့၊

နှောင်း။ အောင်မယ်နင်တို့တော် သဘောကျသေပြီ၊ ဒီပြင် "အာ"တို့ "အင်း"တို့ "နှ"တို့ "ရ"တို့ အများကြီး ရှိသေးတယ်၊

ခါ။ တော်ပါ၊ဒါတွေကို အကောင်း မှတ်ထို၊ ကိုယ့်ကိုကိုယ် ရူးလို ရူးမှန်း မသိ၊

မှုံ။ ဒါတွေ အစေတော့တော ဘာ အကျိုး ရှိခုံမှာတဲ့လဲ၊ကိုကြီး နှောင်းရဲ့၊

နှောင်း။ မဟာ-မဟာ-မဟာ-ပြောရင်း ဆိုရင်း မောက်လာ ပြီ၊ သွား-သွား-သေးသေးဆိုးဝါးတဲ့ မိန်းမတွေရုင်တို့ မျက်နှာကို ငါ မကြည့်ချင်ဘူးသွားပါ၊

ခါ။ မဟုတ်ဘူး-မောင်မင်း၊ မောင်မင်းဟာ အသက်လဲ ကြီးပြီးတာမဟုတ်တဲ့ ရူညာ့ရူးတွေ ပြောတာကို သဘောကျ နေရသလား။ သင်းတို့ထဲတွေကို နောက်-မထောပါစေနဲ့။ ပြောလိုက် ပါပေရဲ့၊

မှုံ။ ကြမ်းကို ခြေနဲ့ ဆောင့်တဲ့ ဟိုအကောင်များ ထရင်၊ ပါးကို ချွတ်ချယ်၊

နှောင်း။ (ရင်ဘတ် တီး၍) အမ်မယ်လေး-မယ်မှုံလေးဆိုင်း ဆရာကြီးကို သွားမေ့နဲ့ ခင်ဗျာ။ သူက ခါးကြီးနဲ့ ဗိုက်ကို ထိုးသတ် လိုက်မှာ။ ဒီကောသက် မိုက်လုံးထွားတဲ့ မယ်မှုံ၊ သူက ခေါင်းမခင် ငါက အရင်ဆုံးလိုက်မယ်၊ (ဦးဖြူနှောင်းထည်း ဒေးတစင်း ယူ၍ ဒေးတစင်းကို မယ်မှုံအား ကမ်းပေးပြီးသွင်)ဘိုင်းညာတာသေးမှာ ယာတ် နဲ့ ယှဉ်၍ယှဉ်၍ ထိုးရမနေ၊ ဖြစ်ပေတော့။ချွေကို တစ္စမ်းတိုးပြီး

ဘေးချင်း ရိုက်လိုက်စမ်း။ အဲဒါ ခံစစ်ရတ်နည်းလို့ ခေါ်တယ်။ နောက်ပြီးတော့ဘယ်ခြေကို ဘေးဘက်သို့ တစ်လှမ်း လှမ်းပြီး၊ ငါ့ကို ဘေးနဲ့ ချောက်လိုက်စမ်း။ အဲဒါကို ထိုးစစ်ရတ်နည်းလို့ ခေါ်တယ်။ အဲဒီလို သာ ကစားမယ် ဆိုရင်၊ တဘက်ရန်သူဟာ ဘယ်တော့မှ ကိုယ့်ကို မထိုးနိုင်ဘူးကွဲ—ငါ့ကို ထိုးစမ်း၊ထိုးသာ ထိုးပါ။ အစမ်းပေါ့ ဟ။ကဲ—ထိုး။

မှူး။ (မယ်မှုံလည်း ဓားဖြင့် ဆင့်ကာ,ဆင့်ကာ ဦးရွှေနှောင်း၏ ဗိုက်ကို ဓားနှင့် ထိုးရင်း)ထိုးတယ်တော်၊ထိုးတယ်တော်။

နှောင်း။ အမယ်လေး၊အမေရဲ့။ ဟဲ့—တော်ပါတော့ဟ၊ တော်ပါဦးဟ၊ဟဲ့—တရိစ္ဆာန်မ၊ရုံးမ—ကစေ့မ—တိုင်းဒါမရဲ့။

မှူး။ နို့—ထိုးဆို၊

နှောင်း။ နင်က ခံစစ်ရတ်နည်းကို မပြသေးဘဲ၊ ထိုးစစ်ရတ်နည်းကို အချင် ပြသကိုး ဟဲ့။ ငါမှာ ဓားရေးတောင် မခင်းရသေးဘူး။

ခါ။ ခြောင်း—ကလေးကလေးနဲ့၊ ချူးလဲ ချူးပါစေ့၊ မောင်မင်းရယ်၊မောင်မင်းမှာလဲ ထီးဟန်,နန်းဟန်တွေကို တုပတဲ့ နေရာ စပြီး၊ချူးတော့တာဘဲ။

နှောင်း။ ထယ်၊ မယ်မင်း ဘာနားလည်လို့လဲ။ ထီးဟန်,နန်းဟန် မဟာဆန်တယ် ဆိုတာ မြင့်မြတ်တဲ့ သဘော၊သိမ်မွေ့ညှို့တဲ့ သဘောကို ပြတာဟ၊ ကုန်သည်,ဆင်းရဲသားနဲ့ ပေါင်းသင်းနေလို့ ဘာ ထူးဆန်းမှာလဲ။

ခါ။ မထူးပါဘူးတဲ့တော်၊မထူးပါဘူးတဲ့။ ဒါကြောင့်၊ ဟိုတုံးထိုက ရွာသားနဲ့ ပေါင်းသင်းနေလို့ အကျိုးထူးကြီး ဖြစ်ထွန်းနေတာပေါ့လေ၊တယ် ပြောလိုက်ရ မကောင်းဘဲ ရှိနေတော့မယ်။

နှောင်း။ ဟေ့—တိတ်စမ်း၊ တိတ်စမ်း။ မယ်မင်းတို့ ဘာမှ သိတတ်တဲ့ မိန်းမတွေ မဟုတ်ဘူး။ဒီလူကို အညာတရ မှတ်ထိုက်တာ။ ထီးနန်းကို ပေါက်ရောက်တဲ့ မင်းလုလင်ပဲ့ အိမ်ရှေ့လား။ သူနဲ့ ရှင်ဘုရင်ဟာ နှုးတင်,ပေါင်တင် နေကြတာကွဖေါ်လိုလူမျိုးနဲ့ ပေါင်းရသင်း

ရတယ် ဆိုရင်၊အင်းပေါ့,အင်မတန် ဂုဏ်ရှိတယ်မှတ်ထိုက်ရဲ့လား။ သူ့ခမြာကလေးဟာ ငါ့ကို ဘဲ့လောက် ဂရုစိုက်တယ် မှတ်သလဲ။ သူ့ကများ ဂရုစိုက်,အရေးယူမှဖြင့် ငါ့မှာ ဆိပ်ဆိပ်ပြီး အေးနေသွားတာဘဲ။

ခါ။ ဂုဏ် ကြီးတော်မူပါပေတယ်တော်၊ ဂုဏ် ကြီးတော်မူပါပေတယ်။ဒီမှာလေ မောင်မင်း၊ကျုပ် ပြောမယ်။ သူက အရေးယူတာတော့ ဟုတ်ပါရဲ့၊ မောင်မင်းဆီမှာ ကပ်ကပ်ပြီး ငွေချေးတာက ခက်တယ်။

နှောင်း။ အောင်မယ်၊ဒီလို ဂုဏ်နဲ့,အသရေနဲ့ ပြည့်ဝတဲ့ လူမျိုးကများ ငွေချေးတာတယ် ဆိုရင် လွန်ရော့မေ။ ဂုဏ်ရှိတာသာ လိုချင်းကွာ၊ကြည့်စမ်း၊သူ့ခမြာဟာ ငါ့ကို"အစွေ့တော်,အစွေ့တော်" နဲ့ ဘဲ့လောက် ထည့်ကျေးသလဲ။

ခါ။ အေး–ထည့်-ထည့်သာနေ၊ တော်တော်ကြာ လူတောင် ပေါင်ရအုံးမယ်။သူက မောင်မင်းအတွက် ဘာများ လုပ်ပေးဘူးလို့လဲ။

နှောင်း။ သူ့ကျေးဇူးတွေ ငါ့မှာ ဘဲ့လောက် ရှိတယ် မှတ်သလဲ။အချဉ်ကများ ဆိုရင် မဟာသလို မှားမှားနဲ့ မှတ်ထားမှာ။

ခါ။ ပြောပြစမ်းပါအုံး၊မောင်မင်းရယ်၊ ကျုပ်တို့လဲ မှတ်သားစမ်းပါရစေ။

နှောင်း။ ဟော့–မယ်မင်းတဲ့တယ် ရှာနေတယ်၊ တော်ဆို တော်၊ ငါ မပြောနိုင်ဘူး။ သူချေးတဲ့ ငွေကို ပြန်ရရင် ပြီးရော မဟုတ်လား။

ခါ။ ဆပ်ပါလိမ့်မတော်၊အားကြီး ဆပ်ပါလိမ့်မယ်။

နှောင်း။ ဆပ်မှာပေါ့ကွ၊သေသေချာချာ ဝန်ခံသွားတာဘဲ။

ခါ။ မောင်မင်းကလဲ၊သူ့စကားကို တကယ်ယုံနေတာကိုး။

နှောင်း။ ယုံတာပေါ့ကွ၊"မင်းမှာ သစ္စာတဲ့"၊သူလဲ ခင်းတဲ့၊

ခါ။ ယုံနိုင်ပါဘူးတော်။

နှောင်း။ ဟယ်ခါ၊ ဟယ်မင်း ထယ်ခေါင်းဘတဲ့ မိန်းမပါက လား၊ မြန်ဆင်ပါးယပ်ထို့ ဝါကို သေသေသချာချာ ထည့်ထည့်ကျေး ကျေး မှာသွားသေတွ။

ခါ။ ရှူးလိပ် ရေဒွှတ်ဘာကော မြန်လာလိမ့်ဆုံးမယ်။ မောင် မင်းငွေတော့ မြန်မလာတော့ဘူးထို့ မှတ်လိုက်။ မောင်မင်းကို ထည့် ထည့်ကျေးကျေးနဲ့ချည်း ထပါဝင်ရိုက်တာ များဖွပါပကောလား။

နှောင်း။ တိတ်တိတ်နေစမ်းဟိုမှာ လာနေပြီ၊

ခါ။ အင်း......ငွေထပ်ချေးရအောင် လာတာပါဘဲ။ မျက်နှာကို က ကျောက်ရော ရောက်ထားသလိုဘဲ၊

နှောင်း။ ဟော့-တော်ဆို၊

——း၀း——

## ခန်းကွက်—၄၊

(လုံးဘိုရှာစား၊ ဒမောင်ခမောင်ဆင် ထွက်လာစေဦးဖွဲ့နှောင်း ထည်း ဘိုနှင်ကို ချွတ်၍ ခရီးဦးကြိုပြုစေ။)

မောင်မောင်ဆင်။ ကျန်းကန်သာသလို့ မာတော်မူပါစ၊ အဒေ့ တော်မင်းခင်ဗျား၊

နှောင်း။ မှန်လှပါ၊ ရှာစားမင်းက ပိုသဆေသ ယေဗျာ့ကြောင့် ကျန်းမာပကတိ ချမ်းသာစွာ ရှိပါတယ်။ဟုတ်ကဲ့၊ ရှာစားတော်မင်း အလိုရှိတာကို မိန့်တော်မူပါ။ ကျွန်တော့မှာ အမြဲ နှသံ့စောင့်စား လျက် ရှိပါတယ်။

မောင်မောင်ဆင်။ သူဌေးကတော်ကြီးတော ကျန်းမာစွာ ရှိ ပါသလား ခင်ဗျား၊

ခါ။ ဟုတ်ကဲ့၊ ဒီလိုပါဘဲ။

ဆင်။ အဒေ့တော်တို့များ ဝတ်စား ဆင်ယင်လိုက်ကြပြီဆိုရင် အင်မတန်မှ ကြက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပေတယ်နော်။

နှောင်း။ ခွေးဖြ-ရှာစားမင်းကလဲ နှစ်သက်တော်မူသကိုး။

ဆင်။ ဟုတ်ကဲ့၊ ထိုင်းသိမ်းအင်္ဂျီ ဆိုတော့၊ အင်မတန်မှ အဆင်ပြေတာဘဲ။တော်ကြီးဘုရားရဲ့ ရုပ်ပွားတော်သား နုနုနယ်နယ် ကလေးများတောင် အခု အနေအထားတော်လို လောကကြီး ဆန်းကြယ် ခြင်း၊တင့်တယ်ခြင်း၊ခမ်းနားခြင်း ဆိုတဲ့ ဟတ္ထဘာကို မမြင်ဖူး ဘူး။ယုံပါတော့၊အနေအထားတော်များ။

နှောင်း။ ယုံပါတယ်၊ရှုစားတော်မင်းခင်ဗျာ။

ဒါ။ (တကိုယ်တည်းပြော) ဘုန်းကြီးရှူးနဲ့ ဖွေးဘူးနဲ့တော့ တွေ့နေပကောသေး။

ဆင်။ ကြောင်းတက်တာ အဆင်ကို ရှုစားစမ်းပါရစေဦးလေ။ အင်း၊အဆင်ကလေးကဖြင့် တယ်ထိုးလဲ ယဉ်ပါပေတယ်ဗျာ၊ ယဉ် ပါပေတယ်။

ဒါ။ (တကိုယ်တည်း)ရှူးကြပ်ဘဲနော်၊ရှူးကြပ်ဘဲ။

ဆင်။ ကျွန်တော့မှာလေ၊ အနေအထားတော်ကို တနေ့ကလေး မတွေ့ရ မဖူးရဘူး ဆိုရင်၊ နေနိုင်သောက်အောင် ဖြစ်ရပါတယ်။ ယုံပါတော့ အနေအထားတော်မင်းများ။ ရှူးခက်ကိုယ်တော်ကြီးမှာ ကျမ်းသစ္စာ ဆိုပံ့ပါမဲ့၊ အနေအထားတော်ရဲ့ မဟာဂုဏ်၊ သီလဂုဏ်၊ သဒ္ဓါသမ္ပတ္တိဂုဏ်များကို စုံးတင်ထင်ပြီး ပြောလိုက်ရတာ မော နေတာဘဲ။ထသနုနုန်နက် တော်ကြီးဘုရားရဲ့ ညီလာသဘင်မှာတောင် အနေအထားတော်ရဲ့ အကြောင်းကို အမွှမ်းတင်ပြီး ချောက်ကြားခဲ့ရသေး တယ်။

နှောင်း။ အို–ရှုစားတော်မင်းနှယ်၊ ခုကွဲရှာထို ထိပ်ပြီးလဲ အရေးယူတော်မမူပါနဲ့။(မယ်ခါတက်ထို ကြည့်၍)၊ မယ်ခါ ညီလာ သဘင်မှာတဲ့ကွဲ ကြားလေသေး။

ဆင်။ အို–အနေအထားတော်ကလဲ၊ဘိနပ်ကို ချွတ်ထားသကိုး။

နှောင်း။ ရှုစားတော်မင်း ခင်ဗျား၊ ခုနေရာ ခုး၊ တော်နေရာ တော်တဲ့၊ ခိုးသေအစ်သည်၊ ကိုင်းခြင်းအစ်သည် ဆိုတဲ့ စကားကိုလဲ ဆောင့်တတ်ပါတယ်။ကျွန်တော်ဟာ ပရိုင်းပါဘူး။

ဆင်။ အို–ကိစ္စ မရှိပါဘူး။စီးတော်မူပါ၊စီးတော်မူပါ။ အဆွေတော်မင်းရဲ့၊ ကျွန်တော်တို့မှာ အင်အားနဲ့ ချစ်ခင်ရင်းနှီးကြတဲ့ မိတ်ဆွေချင်းပဲ။စီးတော်မူပါ၊စီးတော်မူပါ၊အဆွေတော်ရဲ့၊

နွားခင်း။ အလိုတော် လိုက်လို့၊ အမိုက်စောင်သား ခါးသာလို့မပီး ပါရစေနဲ့။ရှာစားတော်မင်းရဲ့၊

ဆင်။ အို–စီးသာ စီးပါ၊ဗိုးရိမ်စရာ မရှိပါဘူး၊

နွားခင်း။ နေပါစေ၊ရှာစားတော်မင်းရဲ့၊ ကျွန်တော်တို့မှာ ရာဇဂုဏ်ကို ရိုသေရသူ ဖြစ်ပါတယ်၊

ဆင်။ အဆွေတော်ကလဲ၊ ထယ် ခက်သကိုး၊ ကဲ–အဆွေတော်က ရှုတ်ရင်၊ကျွန်တော်ကသဲ ရှုတ်ရလိမ့်မေ့။

နွားခင်း။ ကြောင်– ကျွန်တော့မှာ ပိုင်းရာ ရှေ့နေပြီ၊ ရှာစားတော်မင်းခင်ဗျား။(ဘိနပ်ကို ဖြုတ်၍ စီးရသော်)။

ဆင်။ အို– ရှာစားတော်မင်းသော့ဘာလေး လှလှပပပါနဲ့။ ကျွန်တော့မှာ ဆိုတော့၊ အဆွေတော်မင်းရဲ့ ပြီတာ ဖြစ်ပါတယ်၊ အဆွေတော်မှာဆိုတော့ ကျွန်တော်၏ မြို့ရှင် ဖြစ်ပါတယ်၊

ခါ။ (တကိုယ်တည်း)။ဒါတွေ ထိပြီးသားပါ။

ဆင်၊ အဆွေတော်မှာ ကျွန်တော်အား ကြည်ဖြူစွာ ခေတ္တာ ဝုဏ္ဏဂုဏ် ရွေးထား၍ မြောက်မြားစွာသော ငွေတော်များကို ချေး၄ှား ခဲ့ပါတယ်။ ဒီတော့ အဆွေတော်ရဲ့ သဒ္ဓါတရားတွေကို စဉ်းစား လိုက်ပထား ဆိုရင်၊ ကျွန်တော့မှာ ကျေးဇူးတင်၍ မဆုံးမကုန်သ တော့တာဘဲ ဖြစ်ပါတယ်။

နွားခင်း။ အို–အဆွေတော်မင်းကလဲ၊ကျေးဇူးတွေကို ပေါ်နေ ဖြန့်ပါပြီ၊မလိုပါဘူး၊အဆွေတော်မင်းရဲ့၊

ဆင်။ ဘဲ့နှဲ့ မလိုပါဘူးလဲ။ ကျွန်တော်မှာသော သူတော်ရဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့တတ်ဘူး။အခု ချေးငှားထားတဲ့ ငွေ ကို ဆပ်ပေးဘို့ရာ အမြဲအဆင်သင့် ရှိပါတယ်။

နွားခင်း။ မှန်ပါ၊ အစကတဲက ယုံကြည်ရင်း ရှိပါတယ်၊အဆွေတော်မင်း။

ဆင်။ ယခု ဈေးကိုသာချခြင်း အကြောင်းကလေး၊ ရင်းငြီးများကို ရှင်းလင်းချက် ကိစ္စအတွက်ပါပါတဲ့။

နှောင်း။ (မယ်ခါ့ဘက်သို့ ဖျည်းကိုင်း ဘဲ့နှဲ့မှို၊ ငါ့ပြောတာ မဟုတ်ဘူးလေး။

ဆင်။ ကျွန်တော်တာ သူများနဲ့ ခြေးငြိမ်းများကို ဘယ်သူ့ကသာမှ ကြာရှည်ပေါ်မြင့်ရွာ မထားဘတ်ဘူး၊ အဆွေတော်ရှဲ့။

နှောင်း။ (မယ်ခါ့ဘက်သို့ ဖျည်းရှိ) ကဲ—ငါ့ခြောတာ မမှန်ဘူးလေ။

ဆင်။ ငြိမ်းချင်းကို ရှင်းရအောင်။

နှောင်း။ (မယ်ခါ့ဘက်သို့ ဖျည်းရှိ)၊ ယေမင်းတို့ပြာ ရယ ဘက်သားကို ရွတ်ချပြီး ပြောတို့သာ တတ်တယ်။

ဆင်။ ငြိမ်းအသုံးကို အဆွေတော် မှတ်မိသေးရဲ့လား။

နှောင်း။ မှတ်မိပါတယ်၊ဟော ရေ့ရေ့၊ ဟော့ဒါ စာရင်းပါ တဲ့ယထ္ထမအကြွင်း ဈေးတတက ခေါင်းခေါ်ပြားခရ-၂၀ိ-ကျ။

ဆင်။ ဟုတ်ကဲ့။

နှောင်း။ ရတိသာသကြွင်း-၅၀ိ-ကျ။

ဆင်။ အင်း။

နှောင်း။ နွမ်းရှပေါင်းသော့-၇၀ိ-ဆိုပါတော့။

ဆင်။ ဟုတ်ပြီ။

နှောင်း။ ထတိသာသကြွင်း ကဏ္ဍပါခရဝ်ကြီးများ ဝယ်တို့ ဆို ပြီးခေါ်ပေါင်း-၁၃၀ိ-ကျ။

ဆင်။ ဟုတ်ပြီ။

နှောင်း။ နေ့သက် ပြတက်ရွှစ်ဝယ်တို့ ဆိုပြီး-၅၀၀ိ-ကျ။

ဆင်။ နေ့သာ်တော့။

နှောင်း။ နေ့သက်တခါ ပြင်သစ်ခရမ္မေးတို့၊ ပိုးတို့၊ ဗတို့ ဝယ်တို့ ဆိုပြီး ငွေ-၂၅၀ိ-ကျ။

ဆင်။ ဟုတ်ပြီ။

နွှောင်း။ နောက်တခါ ဝန်ကထောက်ကလေး ရွှေစက်တော်ဘုရား ဖူး သွားကြ ဆိုပြီး ငွေ-၁၀၀ိ-ဗျ။

ဆင်။ ဟုတ်ကဲ့၊ ၁၀၀ိ-ပါတဲ့။

နွှောင်း။ နောက်တခါ တော်ကြီးဘုရားထံ အကန်တော့ ဝင်တဲ့ ဆိုပြီး ငွေ-၃၀၀ိ-ဗျ။အဲဒါ အားလုံးပဲ။

ဆင်။ ကိုင်း—အရုရု ပေါင်းကြည့်တော့၊ ဘယ်နှစ်ထောက်ပါလိမ့်။

နွှောင်း။ အင်း ......ပေါင်း ၁၃၅၀ိ-ဗျ။

ဆင်။ ဟုတ်ပြီ၊ပေါင်း-၁၃၅၀ိ-နော်။ ဆဲ့ဆဲ၊ အားလုံးပေါင်း ငွေ-၁၅၀၀ိ ပြည့်သွားအောင် နောက်ထပ်ငွေ-၁၅၀ိ-ကိုသာ အဆွေတော်က မစတော်မူပါဖို့။ ပြန်ဆပ်ဖို့ကတော့ မိတ်သာ ချတော်မူပါ၊အဆင်သင့်ဘဲ ရှိပါတယ်၊အဆွေတော်မင်းရဲ့။

ဒါ။ (ဦးရွှေနွှောင်းဘက်သို့ ဗွည့်၍)၊ ဆဲတော့၊ဆဲတော့၊ ဘဲ့နဲ့ ရှိ၀။အစက ကျုပ်မပြောဘူးလား၊မောင်မင်းရဲ့။

နွှောင်း။ (မယ်ဒါသို့ ပြန်၍)၊တိတ်တိတ်နေပါ။

ဆင်။ အဆွေတော်ကိုလဲ အားနာပါရဲ့၊ခကာခကာ နုတ္တခပဲရော ရောက်နေမလား၊အဆွေတော်ရဲ့။

နွှောင်း။ အို—မရောက်ပါဘူး၊မရောက်ပါဘူး။

ဒါ။ (ဦးရွှေနွှောင်းဘက်သို့ ဗွည့်၍)၊ အင်း မောင်မင်းကို တော့ ဖျားချည့်နဲ့ ဝမ်းချနေပြီ၊ တောင်တော်ကြာတော့ နွားပြာကြီး အောက်သွား မရှိဘဲ နေတော့မှာပါဘဲ။

နွှောင်း။ ဟော့ -တိတ်စမ်း။

ဆင်။ အဆွေတော်မှာ အခုချက်ခြင်း မတွယ်တဲ့ ဆိုရင်လဲ ကျွန်တော် အခြားမှာ ရနိုင်ပါတယ်၊အတွက် မရှိပါဘူး။

နွှောင်း။ အို—တွယ်ပါတယ်၊ဘဲ့နဲ့ မတွယ်ရမှာတုံး။

ဒါ။ (ဦးရွှေနွှောင်းဘက်သို့ ဗွည့်၍)၊ မောင်မင်းကိုတော့ အမိန်းလိုက် ဝါးသေးတော့မှာပါဘဲ။

နွှောင်း။ တိတ်တိတ်နေ့ ဆိုရင် မနေဘူးလား။

ဆင်။ အို–အားနာစရာ မဟုတ်ပါဘူး။ မလွယ်သေးရင်လဲ မလွယ်သေးဘူးပေါ့၊ပြောသာ ပြောပါ။

နှောင်း။ အို–လွယ်လိုက်တာမှ၊ အရအောင် ထုတ်ပေးလိုက်နိုင်သေးတယ်၊

ခါ၊ (ဦးရွှေနှောင်းသို့)၊ ဒီအကောင်ဟာ ပခုန်းသားတော့ထိ ရှိသေး။

နှောင်း။ ငါ တယ် လုပ်လိုက်ရပြင်ပြင်မနေစမ်း။

ခါ၊ ဖောင်မင်းကို ပြုက်ချနေတာ၊

နှောင်း။ မကြီးခါ၊ပြင်ပြင်မနေစမ်းပါကွယ်၊ မယ်မင်းကြီးမရှိ၊

ဆင်။ ကျွန်တော့မှာ အဆွေတော်မင်း ထိတဲ့အတိုင်းဘဲ၊ကျွန်တော်က ဆိုရင် ငွေထုတ်ချေးမဲ့ သူတွေ အများကြီး ရှိပါတယ်။ နို့ပေတဲ့ အဆွေခင်ဗျား ကျွန်တော်နဲ့ဆိုတာမှာတော့၊ တအူထုံဆင်း ညီရင်းအစ်ကိုလို ချစ်ခင်ကြတဲ့ မိတ်ဆွေကြီးတွေကိုး၊ ဒီလို မိတ်ဆွေကြီးများ ရှိရက်သားနဲ့ တခြားဆီမှာ သွားပြီး ချေးငှားမယ် ဆိုရင် မိုင်းရာ ကျတော့မယ်ထင်လို့ အောက်မေ့လို့ပါ။

နှောင်း။ မှန်ပါတယ်၊မှန်ပါတယ်။ အဆွေတော်ကလဲ ကျွန်တော့ကို ငယ်အရေးယူ ဂရုစိုက်တော့ကိုး၊နေအုံး၊ ကျွန်တော် ငွေ ထုတ် သွားယူလိုက်အုံးမယ်၊

ခါ၊ (ဦးရွှေနှောင်း)၊ဟော့ ခေါင်းမင်းရှဲတဲ့နှလဲ၊တကယ် ချေး ရော့သလားကွဲ၊

နှောင်း။ အို–မယ်မင်းကလဲကွယ်၊အဆွေတော်ဟာ သားချေ ရှိုကျိုလ် မဟုတ်ပါဘူး။ ငါအကြောင်းကိုအတောင် တော်ကြီးတရားရဲ့ ညီသသသတင်မှာ အရေးယူ ပြောသေးတယ်၊ နောက်ပြီးတော့လဲ ထုံးဘိုးစွာစေးမင်းကွဲ၊ ဒီလို ရှိုကျိုလ်မျိုးက ငွေသာချေးရက်သားနဲ့မှ ငါတို့က မချေးလိုက်ဘူး ဆိုရင်၊ရာဇဝင် မိုင်းတော့မပေါ့၊ မယ်ခါရဲ့။

ခါ။ ခက်လိုက်တာနော်၊ ကိုယ့်ကို ညာထိုမှ ညာမှန်း မသိဘူး၊ ပြောချင်ပါဘူးတော်၊ ရောက်တော့သာ......

(ဦးရွှေနွားဝင်းလည်း ငွေထုပ် ဝင်၍ ယူလေရာ၊ မယ်ခါတို့ ကျန်ရစ်ခဲ့လေ၊)

—။း၀း။—

ဇာတ်ကွင်း—၅။

ဆင်။ မျက်နှာတော် ညှိုး၊ ဘာအလို ကျပါသလဲ၊ မယ်တော်ရား။

ခါ။ အို—ဒီ "ဘုရား" တွေကို ဒီအိမ်မှာ သေသေစေဖို့ ကြွေပါစေနဲ့၊ ခြောက်ထိုး ပင့်တော်၊ အခေါ် ရဲ့-အရည်ပွတ်တွေကို ကျုပ်တို့ မကြိုက်ပါဘူး။

ဆင်။ မယ်ရဲ့-ဘိုးချောဘာမျောက်တော ပြောင်ပါသလား။ ဘယ် များ သွားနေပါလိမ့်။

ခါ။ မောင်နဲ့ ဘာမှ မဆိုင်ပါဘူး။ သူ ရှိချင်တဲ့ နေရာမှာ ရှိမှာပေါ့။

ဆင်။ အမ္ဘို—ကျွန်းဝန်သာထို့ ဒေါပါရှုလားဗျ။

ခါ။ အို—မောင့်အဖို့ ဘာစျေးသားမှ မပါဘူး။ သူ့အချင် မသယ်၊ မယ်ချင် မယ်ဘူး။

ဆင်။ ပြော် ...... ဒီလိုပါ မယ်ရှဲ့။ မယ်တို့ မောင်က နုးတေလေး ကို တော်ကြီးဘုရားရဲ့ ပွဲကြည့်ဆောင်တော်ကို လိုက်ပို့ချင်လို့ပါ။ အခု တော်သုံးတော်ကွက်စီပဲ ဝေဟာဆရာ၊ ဘာသက်တော်ယောင် ရောက်နေတယ်၊ မယ်ရဲ့။ မယ်ကို မောင်များ ဗိုလ်ပုံငါရုံ ... နေတာတဲ့။

ခါ။ အို—အခုဘဲ မိုးချုပ်နိုးထို့ မေတ္တာပါပြီ။

ဆင်။ မဟာ ခုမှိုတဲ့ အရွယ်တော်များ ဘယ်လိုလဲ ကြက်သရေ ရှိမယ်နော်။ အခုတော် အဝေဝ် ထင်တာတဲ့။

ခါ။ အောင်မယ်–ချွေးကလေး အရောင်– ပါးချက်၊ နားချက်။ ကလေး၊ ကလေးနဲ့ လူကို လာပြီးဘယ် ...... ငါ ......။

—=:o:=—

**ခန်းကွက်–၆။**

(ဦးရွှေနှောင်းသည် ငွေထုပ်ကို ပိုက်၍ ထွက်လာသော)

နှောင်း။ ဟော–အရှေ့တော်၊ငွေ–၁၅၀ကို ဝိုးလို့။

ဆင်။ အားနာစရာကြီး–အရှေ့တော်ရယ်၊ ဒီကျေးဇူးတွေကို ကျွန်တော် ဘယ်နဲ့လုပ်ပြီး ဆပ်ရပါ့မလဲ၊ အရှေ့တော်ကို ကျွန်တော် ထာဝရ မှတ်ထားမယ်။ မင်းရေး၊ မင်းမှု စ၍၊ ထီးထဲ၊ နန်းထဲက ကိစ္စများနဲ့ ပတ်သက်လာရင်၊ဟောဒီ–ကျွန်တော်ရဲ့ ရင်အုံ ပြွမ်း ပြွမ်းပြွမ်း ကြီး ကွဲသွားပေစေ၊ ကျွန်တော် ဆောင်ရွက်ပေးမယ်။ အရှေ့တော် ဒီအတွက်တော့ မပူနဲ့၊ သိလား။

နှောင်း။ ကျေးဇူးပါဘဲ၊ အရှေ့တော်မင်း။ အရှေ့တော်ရဲ့ ကျေးဇူးက ပိုလို့ များပါတယ်။

ဆင်။ ဟော–ကျွန်တော့ အာမများလဲ၊ တော်ကြီးဘုရားရဲ့ ပွဲကြည့်ဆောင်တော်မှာ ပွဲကြည့်ချင်တယ် ဆိုရင် ပြောပါ၊အဆောင် ရှိမိဖုရားများနဲ့ ရောပြီး ကြည့်ရပါစေ့မယ်။

ခါ။ အို–ကြည့်ချင်ပါဘူး။ ကြည့်နိုင်ပါဘူး။

ဆင်။ (ဦးရွှေနှောင်း၏ အနီးသို့ ချဉ်း၍)၊ ကျွန်တော် ပေးရှိ လိုက်တဲ့ စာရွှာ ရခဲ့မဟုတ်လား။

နှောင်း။ ရတယ်။

ဆင်။ နို–ခင်ခင်ထားကလေးဟာ အချက်ကို ငုံပြီး အရှေ့ တော်ရဲ့ ဆိမ်ကို ယခု ညအေ လာမယ်လို့ ပါတယ် မဟုတ်လား။

နှောင်း။ ပါတယ်။

ဆင်။ ဩ ဒုတိယရင်သာ အရှေ့တော်က လောကဝတ် ကြွပြုန် စေရမယ်ဗျ၊ 'အချို့၊အချဉ်၊' ဝေးဘွယ်၊သောက်ဘွယ်–ပွဲတော်ရှုပ် ဆိုတာလဲ မထစ်လပ်စေရဘူး၊ အရှေ့တော် စိတ်ညစ်ထားတဲ့ အမြွှံ

နဲ့လဲ တမျိုး,တဖုံ ဈော်ဖြေဘာပေါ့။ နောက်ပြီးတော့ အဆွေတော် ပေးဆက်လိုက်တဲ့ လက်ဆောင်ကိုလဲ၊ ခင်ခင်ထား လက်ခံ့,သိမ်း ပိုက်ဘို့ မဲ့ကို ကြိုးစားရတယ်။ သူဘာလေးက အချော့ကြိုက် ကလေးဗျ။

နှောင်း။ ဒီဘက်ကို လာစမ်းပါ၊ဟိုက ခေါင်းမြီးကြီး ကြား သွားပါ့မယ်။

ဆင်။ ကျွန်တော်လေ၊ အဆွေတော်ဆီကို လာချင်လိုက်တာ၊ ဒီကိစ္စသာလဲ မပြီးနိုင်၊ လူတို သေချင်တာပါဘဲ။ ခင်ခင်ထားက တော်တော် အမြွှေကြီးတဲ့ မိန်းကလေးဗျ။ အဆွေတော် ဆက်သ လိုက်တဲ့ မြလက်စွပ်ကြီးကို ယူပါ့မဲ့ အကြောင်း အမျိုးမျိုး ချော့ မော့ပြီး တောင်းပန်ရတယ်၊ အခု နောက်မှ သူက လက်ခံ့,သိမ်းပိုက် တော်မူသဗျ။

နှောင်း။ အနို—သဘောတော ကျရဲ့လား။

ဆင်။ ဒီ—သဘောကျပေါ့၊ သဘောကျတို "မောင်မောင်က လဲ ထားထားကို ထယ် သစ္စါတော်မူသဘောကိုး"ဆိုတော့ နှုတ်က ရွတ်တရက် ဆိုလိုက်သေး။

နှောင်း။ အောင်မယ်လေးဟဲ့— ငနှောင်းရေ၊ နှစ်-သောပါဟဲ့၊ (ခုံပြီး မိမိ၏ နှုတ်ခမ်းမြဲကို လက်ဝါးနှင့် ပိတ်ခေ၊)

ခါ။ မယ်ပုံ့-ညှည့်အကိုကြီးတော့ ဒီတောင်နဲ့ ကြာကြာ တွဲနေ ရရင် ရှူးထိုးမယ် ထင်တယ်၊မယ်ပုံ့ရဲ့။

ဆင်။ နောက်ပြီးတော့—ဒီ မြလက်စွပ်ကြီးဟာ၊ ဖြည်တန်တဲ့ အကြောင်း၊ အင်မတန် မြတ်နိုး,ရုံမက်တွန်းရှိ ထားထားကို ဆက် သတဲ့ အကြောင်း ပြောပြသာကိုး။

နှောင်း။ တော်သိုက်လေ-ရှာ၊မြင့်မိရဲတောင်ဦးမက ကျေးဇူး ကြီးလှပါပေတယ်၊ အဆွေတော်ဘို့လို ရုပ္ပလ်ဝရ,ရုပ္ပလ်မြတ်များ ကတောင် ပိုင်းဝန်း,ကူညီတယ် ဆိုတာများ၊ ထိပ် အသနာဘို့ ကောင်းတော့တဲ့။

ဆင်။ ဪ–ဘာ အနေခက်စရာရှိသလဲ။ မိတ်ဆွေအချင်းချင်း ဒါလောက်မှ မဆောင်ရွက်ရဘူးလား။ ကျွန်တော့မှာ ဒီလိုတာဝန်မျိုး ကြုံတွေ့ရခဲ့ကော အတွေ့အတင် ဘာရှိနေလဲ။

နှောင်း။ ဟာ–ဘာရှိနေမလဲ။

ခါ။ မယ်မှုံရေ–ဒီအကောင်တော့၊ ငါ့ ဖျာဆိပ်ထဲမှာ ဝပ်လျှိုး ရှူးရှူပြီနော်။

ဆင်။ မိတ်ဆွေဖြစ် ပေါင်းသင်းတဲ့ နေရာမှာ၊ ကျွန်တော်ဟာ သေ ကိုယ့်အတွက်ကို ဘာမှ စဉ်းစားတဲ့သူ မဟုတ်ဘူး။ ကြည့်ပါလား၊ အဆွေတော်က ခင်ခင်ထားကလေးကို ကြိုက်တယ်လို့ ပြောလိုက်ရင် ကျွန်တော် ချက်ခြင်း ဆောင်ရွက်ပေးတယ် မဟုတ်လား။

နှောင်း။ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ ဒါကြောင့် အဆွေတော့်ကို ကျေးဇူးတင်ရတာပေါ့။

ခါ။ မယ်မှုံ–ဒီကောင် ဘယ်ကတော့များမှ ပြန်မှာတဲ့လဲ။

မှုံ။ ခေါ်တော့လာတာသဲ-မရဲ့။ အခုမှ သူတို့နှစ်ယောက် ထင်မထားဘဲချနေတာတဲ့။

ဆင်။ အဆွေတော်ကိုလဲ ကျွန်တော်က ချီးမွမ်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့၊ အဆွေတော်က ရုပ်ရှည်လ,နှုတ်ခမ်းလေးများ လိုချင်,ဖျာဆိပ် ရှိထားတဲ့ ဖုယ့်ပယကလေးတွေကို ပေးတော်သကိုး။ အရလိုသော ငွေဝ,ကြေးဝ အကုန်ခံပြီး ကျောက်ခဲကောင်း,ရွှေကောင်း ကလေးများနဲ့ နှံ့နှံ့ ပေးပြီလို့ ဆိုရင်၊ ဒီရုပ်ရှည်ကလေး ကိုယ့်ထက်တွင်း ရောက်နေရော။ ယောင်–ရိုးပေါ်က ဆိုကြားသင်းကြီးဟာ နားကောင်းကြီးနဲ့ ဆင်ထားတောင် ပေါ်ထက်သနိုပြီး ပြန်ပြေးရတုံးမယ်။

နှောင်း။ ကောင်းကလေး အတွက် လုံ့စရာ,ကျေစရာ ရှိရင်၊ ရှိတဲ့ စည်းစိမ် ပြုတ်သွားပေစေ၊ အဆွေတော်ရဲ့၊ ကျွန်တော်က ခင်ခင်ထားတို့လို နန်းတော်သူ မိန်းမိန်း,ရိုရို,အပျိုကလေးများ ရ ပယ်-ဆိုရင်းဆိမ့်မှာလဲ ကြိုက်သရောတာရ၊ ကျွန်တော့်မှာလဲ မင်္ဂလာ တယ်လှရှုံ့ နေရော။

ခါ။ မယ်မှုံ့သူတို့ တိုးတိုး,တိုးတိုးနဲ့ ဘာများ ပြောနေကြတာလဲ၊တိတ်တိတ်သွားပြီး နားထောင်စမ်း။

ဆင်။ ခင်ခင်ထားနဲ့တော့ တွေ့ရပါစေ့မယ်၊ စိတ်သာ ချပ်။ တွေ့လို့ ရှိရင် နန်းတော်သူကလေးများဟာ ဘယ်နှယ်ထောက် ချော၊ ဘယ်နှယ်ထောက် လှ၊ ဘယ်နှယ်ထောက် ထည်ဝယ် ဆိုဟာ သိရအောင် စက္ခုပသာဒကို ကျကျနနကြီး အသုံးပြုရမဗျ။

ရှောင်း။ ဒီ—ဒီလိုနေရာမျိုးမှာ ရှောင်းတို့က အသက်ကြီးပေမဲ့ ရုပ်တတ်ထိပ်မိမယ် မှတ်သထားဟော မျက်စိကို အသုံးပြုတဲ့ နေရာမှာ မြေမျက်စိကိုတောင် သုံးဖြလိုက်ဦးမယ်။ ဟား—ဟား—

ဆင်။ ဟား......ဟား......ဟား......ဟား......မိလို့ပေါ့။

ရှောင်း။ အနို—ခင်ခင်ထားကလေး လာရင်၊ ဖြောင့်ဖြောင့်တန်းတန်း စကားပြောရအောင် အိမ်က ခေါင်းမြီးခြုံကြီးကို တခြားမှာ ပို့ထားရင် မသင့်တော့ဘူးလားဗျာ။

ဆင်။ ကောင်းပေါ့ အရှေ့တော်ရဲ့၊ ဒါမှ အေးအေးဆေးဆေး နှစ်ပါးသွားရမှာပေါ့။ အနို—ထမင်းသုံးဆောင်ဖို့အတွက် ကျွန်တော် နန်းသုံးတဲ့ စားတော်ချက်တွေကို မှာထားလိုက်မယ်၊ အရှေ့တော်ကသာ ကုန်ကျသမျှ စရိတ်ကို တော်သလို ပေးလိုက်တာပေါ့။ ညည့်ခင်း ဖျော်ဖြေဖို့ အငြိမ့်သဘင်ကလေးလဲ ပါစေရမယ်ဗျနော်။

ရှောင်း။ (နောက်သို့ လှည့်ကြည့်၍ မယ်မှုံ့ကို မြင်သော အခါ ဆွဲ၍ ထောင်းပြီးလျှင်) ကြည့်စမ်း အချူး၊ ချောင်းပြီး နားထောင်တယ်၊လားလား-သွား၊ ရှုံ့ခရာ၊ လာ အရှေ့တော်၊အပြင်ကို သွားမယ်။(ဆို၍ မောင်ခမောင်ဆင်နှင့် ဝင်သွားစေ)။

—=း၀း=—

**ခန်းဆက်ကွက်—၇၊**

မှုံ့။ အမယ်လေး မယ်ရဲ့၊ထောင်းလိုက်တာ သေလှချေ့။ ဟုရှ တော့ တရှရှဲ မယ်ရဲ့၊ ဘာရယ်ဖို့တော့ သေသေချာချာ မသိ

ခွဲဘူးအပြင် ငယ်ငယ်တုန်းလဲ ပြောဘူးတယ်။ မောင်ကို တခြားမှာ မိုးသေး
ယင်ထိုလဲ ပြောတယ်။

ခါ။ ဆဲ–ငါထင်တာနဲ့ မတွေ့ပါဘူး။ အစထဲက မိလူကြီးကို ငါ
မသက်သာဘူးအေ့ရဲ့။ ခြေပ်–ကိုးနှောင်း၊ ကိုးနှောင်း။ အံ့ကြံ့၊ အိုးမှ
ငယ်မှုတွေ သောက်ပြန်နေပါပြီ။ ရှက်စရာအေး။ ငါ့တော့ ပယ်ထိုသာ
ဒိုလိုက်ချင်တော့တာဘဲ။ ထွီးကလေးမျက်နှာကိုမှ မနေထောက်ဘူး။ အို–
ဒါတွေကို တွေးနေလို့လဲ အကျိုးမရှိပါဘူး။ သူထိုက်နဲ့ သူကံပေါ့။
ဟို မောင်ပန်းဖွား ဆိုတဲ့ သူငယ်ဟာ မဆောင်ဘူးလား။ ငါ့တော့
ကလေးချင်းလဲ မေ့ထွာရှိနေကြတယ် ထင်တယ်။

မှုံ။ ဟုတ်.....ကဲ့၊ မမ ....ရှဲ့နေရာချလိုက်ရင် အကောင်းသား
တဲ့နေ့သက်ပြီးတော့ ကျွန်မလဲ မမ.....ရှဲ့ဟို ....ဟို ....ဟိုမောင်ပန်း
ဖွားနဲ့ ပါတတဲ့ ရှုနဲ့ ကြိုက်.....ကြိုက်....ကြိုက်.....ကြိုက်.....နေ
တယ်။ သူလဲ ငိုးရှိုးသားသားပါဘဲမမရဲ့။

ခါ။ အောင်မယ်၊ ထက်စသက်တော့၊ သူတို့ တကြိုက်ထဲ့၊ တ
ညာတ်ထဲကိုးညီးတို့ဟာ ဟုတ်မှ လုပ်ကြပါအောင်ရယ်။

မှုံ။ ဟုတ်ပါတယ်၊ မမရဲ့။

ခါ။ ကဲ-ဒါဖြင့် မောင်ပန်းဖွား အိမ်ကို လာသည်ပါဦး၊ စာခမောင်
ယင်းကိုလဲ ငါကြည့်ပြီး ပြောရမှာပေါ့။

မှုံ။ ဝမ်းသာလိုက်တာ မမရယ်၊ ကျွန်မ မောင်ပန်းဖွားကို
သွားခေါ်လိုက်ဦးမယ်၊ (တကိုယ်တည်း ပြောရင်းမှာ)၊ တချက်
ရတ် နှစ်ချက်ပြတ်တဲ့ မယ်မှုံရေ့ညီး မိတခါမှ မတွန့်ရင်ဘယ်တော့
တွန့်ဦးမှာလဲ။

—ဆဲ—

ခန်းကွက်-၈။

(မယ်မှုံ၊ မောင်ပန်းဖွား၊ မောင်ကိုးဆောင်းတို့ ထွက်လာစေ၊)

မှုံ။ (မောင်ပန်းဖွားသို့) အခုနဲ့ သင့်လိုက်လေ မောင်ကလေး
ရယ်၊ သစ်သစ်ရဲ့ တမန်တော်ကြီး လာပြီလေ။

မောင်ပန်းရွှာ။ အို-မကောလေး၊အခု ညာခုံးမထို ထောတာပေါ့ လေ။

မှုံ။ အို–တဲ့ရှာ ညာရမှာလဲကွဲ့။

ရွှာ။ မလှုတ်ပါဘူး၊မသရယ်၊တော်ရုံ့ကိုသာ ကြွတော်မူကြပါလေမရဲ့ ပမ်ဳိးကေား သစ်သစ်က နောက်ထင်ပြီး ဘာများ မသာသာစခန်း ဖွင့်ခုံးမှာတဲ့လဲ၊ဒီကလူမှာဖြင့် ယုံမိတာတွေ မှားကုန်ပါပေါ့ထေားမေမရဲ့။

မှုံ။ အို–မောင်ကလေးကလဲ၊ တဲ့နဲ့ ဖြစ်တာတဲ့တုံး။ (မောင်ဆောင်းဘက်သို့ ဖုညွှန်၍)၊ကိုရင်ဆောင်း၊တဲ့နဲ့ ဖြစ်ကြတာလဲ၊ပြောစမ်းပါအုံး။

မောင်တိုးဆောင်း။ အမယ်-ကိုရင်ဆောင်းလေး့ ဘာလေးနဲ့၊ သွားပါအေးရမှ လပြီး ကြိုကိုတိ လုပ်မနေပါနဲ့။

မှုံ။ ကြော်-တပူပေါ် ခွံမှု ဆင့်နေဖြန့်ပါပြီ။ ခက်များ ခက်ရချည်ရဲ့။

ဆောင်း။ အမယ်၊ မယ်မင်းကြီးမ၊အခုမှ ခက်မနေပါနဲ့၊ ကြွတော်မူပါ။

မှုံ။ (တကိုယ်တည်းပြော)၊ဆဲဒါမှ ခက်တာတဲ၊တဲ့နဲ့ ဖြစ်ကုန်ကြမှန်း မသိပါဘူး၊သစ်သစ်ကို သွားပြောချည်ခုံးမှတဲ၊

(မယ်မှုံ ဝင်သွားစေ)။

—ၜ၀ၜ—

## ဇာတ်ကွက်–၉၊

မောင်ပန်းရွှာ။ ပိမ်းကားပါနေပရဲ့၊သစ်သစ်ရယ်။ သစ်သစ်ကို ဒီက လှုထက် ပို့ပြီး မြတ်နိုးမဲ့ လူ၊ချစ်ခင်မဲ့လူ၊ ရုံးကော်မဲ့လူများ ရှာစမ်းပါအုံး။

မောင်တိုးဆောင်း။ အေးလေကွာ၊တို့ကိုတော့ ကောင်းကောင်းကြီး ဖိုမိုက်ထောတဲ၊ရှက်စရာကွာ။

ဖွား။ ကြည့်ပါဦးတော့၊ ကျွန်တော့မှာတော့ သူ့ကို ချစ်လိုက်ရတာ၊ စားလဲ သူ့မိတ်၊ သွားလဲ သူ့မိတ်ပဲ၊ သူ့ကလွဲရင် ဖွဲ့နွဲ့ ဆန့်ကျဲ့ ဖို့ပဲ အောက်မေ့ပါတယ်။ ဒို — ဆီးဖြူပန်းခါးလို များဖြင့် ပါးစပ်ထဲမှာ ငုံထားပါတယ်။ တရက်လောက် သူ့ကို မမြင်ရဘူး ဆိုရင်၊ အသက်နေထောက်ပဲ ထင်မိပါတယ်။ အခုတော့ ကြည့်ပါဦးတော့ ဟိုတနေ့က ဥယျာဉ်ထဲမှာ တွေ့ကြတယ် မဟုတ်လား။ ကျွန်တော့် မှာတော့လေ၊ သူ့ကို မြင်လိုက်ရတယ် ဆိုရင်ပဲ ဝမ်းသာလိုက်တာ၊ ငါလိုလူ ဇမ္ဗူမှာ ရှိပါဦးမလားလို့တောင် ထင်မိတယ်။ သူကတော့ ကျွန်တော့ကို ဖျည့်လို့တောင် မကြည့်ခဲ့ဘူး။ မိန်းကလေးပါပေ့၊ သစ်သစ်ရယ်၊ မိန်းကလေးပါပေ့။

ဆောင်း။ အေးကွာ၊ မယ်မှုံကလဲ ကြည့်မသွားဘူးကွ၊ ငါလဲ မင်းကြီးသလိုသာ ကြီးလိုက်ချင်တာပဲကွာ။

ဖွား။ ကိုကြီးဆောင်းရေ၊ သစ်သစ်ကလေးဟာ တကယ် မိန်းကလေးတဲ့ အမိန်းမကလေးပါလား၊ ကိုကြီးဆောင်းရဲ့။

ဆောင်း။ မယ်မှုံရေ မင်းကလဲ မိန်းကလေးပါပေရဲ့ကွဲ့။

ဖွား။ ကျွန်တော့မှာတော့ သစ်သစ်အတွက် ပူပန်လိုက်ရတာ ပင့်သက်ကိုချည်း ရှူနေရတယ်၊ ကိုကြီးဆောင်းရဲ့။

ဆောင်း။ ငါ့မှာလဲကွာ မယ်မှုံကလေး တဝုန်းဝုန်းနဲ့ မီးဖို ဆောင်ထဲမှာ ပင်ပန်းတာကို မကြည့်ရက်လို့ ငိုင်ပြီးကူရပါတယ်။ သူကတော့ — ။

ဖွား။ သစ်သစ်အတွက် ဘုံကလောက် မျက်ရည် ကျရတယ် မှတ်သလဲ။

ဆောင်း။ ငါ့မှာလဲကွာ၊ မယ်မှုံကလေး ပင်ပန်းမှာ ဗိုးလွှမ်း လို့ ရေတွင်းက ရေဆွဲပေးရတာ များလှပါပြီ။

ဖွား။ သစ်သစ်အတွက် ဆိုရင်၊ ကိုယ့်အသက်ကိုတောင် မငဲ့ ကွက်ပါဘူး။

ဆောင်း။ ငါ့မှာလဲကွာ၊ မယ်မှုံကလေးထက် အပူတောင်မှာ ဗိုးလွှမ်းလို့ ထမင်းချည် ငှဲ့ပေးရတာလဲ များလှပါပြီ၊

ဖွား။ အရေတော့ မိန်းကလေးရောက်ပါပေ့ရဲ့။
ဆောင်း။ အရေတော့ ခေါင်တော့မှာပေါ့၊ ရှက်စရာကွယ်။
ဖွား။ သစ္စာဖျက်တဲ့ ခြည်းစေးကိုတော့ ဘိကြေးရေးပေါ့။
ဆောင်း။ ဒင့်တော့ နာနာဘာဝလေး နှုတ်ပေးဖို့ပေါ့။
ဖွား။ နောက်များ သစ်သစ်အကြောင်းကို ဘယ်တော့မှ ထပ်မပြောနဲ့။
ဆောင်း။ မပြောနဲ့ ဆိုရင် မပြောပါဘူးကွာ။
ဖွား။ တော်တော်ကြာ ကိုကြီးဆောင်းက သစ်သစ်ကလေး ကို သနားလိုက်ပါနဲ့ကွယ်၊ ဘာကွယ်နဲ့ ထပ်မပြောနဲ့နော်။
ဆောင်း။ ဒီအတွက်ဆိုရင် ပူနဲ့မောင်၊ ပူနဲ့။
ဖွား။ ဘာဖြစ်လို့လဲ ဆိုတော့၊ ဘယ်လိုဘဲ ကိုကြီးဆောင်း ထပ်ပြောပေမဲ့ ရတော့ဘူး၊ အလကားဘဲ ကိုကြီးဆောင်းရေ၊ အလကား ဘဲ။
ဆောင်း။ ပြောင်တို့ကို စိတ်ကူးထဲတောင် မထည့်ပါဘူး ကွာ။
ဖွား။ သစ္စာဖျက်တဲ့ သစ်သစ်နဲ့ ဒီကနေ့က စပြီး အပြတ်ဘဲ ကိုကြီးဆောင်း မြဲမြဲမှတ်ထားပါ။
ဆောင်း။ အေးပါကွာ၊ စိတ်ထားချပါ။

ဖွား။ ဘာဖြစ်လို့လဲ ဆိုတော့၊ သစ်သစ်က ဟိုတုံးတိုရွာစား ယောင်မောင်ဆင်ကို မျက်စိကျချင်ရင် ကျနေမယ်၊ ဒီတော့ ကျွန် တော်ကလဲ ဘာအရှေ့ပေးထိုင်မလဲ။ သူ့အတွက် မ၊ မိန်းမောင်းပေါ့၊ ချင်းမိန်းနဲ့ မိတ်သဟထင်၊ သူကြင်မှ ကိုယ်ကြင်တော့မပေါ့၊ ကိုကြီး ဆောင်းရဲ့။
ဆောင်း။ အေးမင်းပြောတာ ငါသဘောကျတယ်ကွ။
ဖွား။ သစ်သစ်ကို အမြဲတမ်း မုန်းသွားအောင် ကျွန်တော့ ကို ခဏခဏ သတိပေးပါနော်။ ကျွန်တော်များ နဲ့နဲ့ပြေလာမယ် အထင်ရှိရင် ကျွန်တော်ကို ခြောက်ပေးနော်-ဘိလား။ သစ်သစ်ဟာ

ဘီလူးမကာလေးဘဲ၊ သရဲမကာလေးဘဲ၊ သစ္စာ မတည်တဲ့ ကောင်မကလေးဘဲလို့ ပြောပါနော်။ ဟုတ်ကဲ့လား။

ဆောင်း။ အောင်မယ်လေး၊ လောကမှာ မင်း သစ်သစ်ဘ ယောကျ်ားဘဲ ရှိရသလားမှတ်သလား။ သူ့ထက် ချောတဲ့ ရုပ်တဲ့ ယောကျ်ား တွေ ကမ္ဘာနဲ့ အပြည့် ကြီးပါကွယ်။ မင်းကသာ သူ့ကို ချစ်သည်ထင်တာ။ မင်း သစ်သစ်ဟာ မပေတူတူ၊ ပေတလူမကာလေးပါကွဲ့၊ မျက်ပေါက်ကလဲ ကျဉ်းလိုက်တာ ထွန်ရော …။

ဗွာ။ ဟုတ်ကဲ့ရှာ၊ မျက်ပေါက်ကတော့ ကျဉ်းပါရဲ့နို့ ဒီ တဲ့ ချစ်စရာ ကောင်းတယ် ကိုကြီးဆောင်းရဲ့၊ သူ့မျက်လုံးကလေးများ ကို ကြည့်ရ မြင်ပြီဆိုရင် ရင်တွင်းမှ အေးအေး သွားတာဘဲ၊

ဆောင်း။ ပါးစပ်ကတော့ ပြပါဦး၊

ဗွာ။ နို့ပတဲ့၊ ဖီလောက်ရှာတဲ့ ပါးစပ်မျိုးကို ရှာမ်းပါအုံး နှုတ်ခမ်းကလေးများဟာ ပဒ္မကြာသလွယ်ပါကလေး ကိုကြီး ဆောင်းရဲ့။

ဆောင်း။ အရပ်အမောင်းကလဲ ရကွာကွနဲ့။

ဗွာ။ ဓါပတဲ့။ အလုံး အဖန်ကတော့ အင်မတန် ကြော့ရှင်း တာကလား။

ဆောင်း။ သူ့အမူအရာကတော့ အေးစက်စက်နဲ့။

ဗွာ။ ဟုတ်ပါရဲ့။ နို့ပေမဲ့၊ ဆဲဗီ အေးစက်စက် အမူအရာက လေးကိုက ထဲ့ပွန်းလို့ ချီးမွမ်းလို့ဘဲ မကုန်နိုင်ဘူး။

ဆောင်း။ မိတ်ထား့ သဘောထားကလဲ …။

ဗွာ။ အို - မိတ်ထား့ သဘောထားကလဲ ပြောစရာ ပြောင်း ပြောင်း နူးက နူးညံ့ပါဘိသနဲ့၊ ကိုကြီးဆောင်းရယ်။

ဆောင်း။ အသံကလဲ …။

ဗွာ။ ဟုတ်ကဲ့၊ အသံကလေးကလဲ ကြည်ကြည်လင်လင်ပါဘဲ တာလား၊ ကိုကြီးဆောင်းရဲ့။

ဆောင်း။ ဆံမြွေကလဲ ကြီးက ကြီးပါဘိသနဲ့။

ဖွား။ အို– ကိုကြီးဆောင်းကလဲ၊ အမျိုးအနွယ်ကလေးတဲ့ အမြဲနဲ့ နေမှာပေါ့၊ ဟိုလာ တိုက်နေရမှာလား။

ဆောင်း။ ဒါတွေကတော့ ဖြစ်ရှာတာ၊ မင့် ကောင်းမကလေး မှာ တည်ကြည်တဲ့ စိတ်မရှိဘူး။ ပဲပြားပင်လို ရ တယ်မျိုး၊ တော်တော် ကြာ လျော့မျိုး။

ဖွား။ မှန်ပါရဲ့၊ နို့ပေမဲ့၊ ဒုတဲ့ မိန်းမကလေး ဆိုတော့ အဖြစ် ဖွတ်သင့်ပါတယ်။ ကျွန်တော်တော့ သည်းညည်း ခံနိုင်ပါတယ်။

ဆောင်း။ ကိုဖိုးကွား၊ ဒါတွေကတော့ ဖြစ်ရှာတာ ငါ မခွဲ တော့ပါဘူး။ မင့်ဟာကို မင်းတဲ့ လွှမ်းနေပေတော့။

ဖွား။ အို–လွှမ်းတာ မဟုတ်ဘူး ကိုကြီးဆောင်းရဲ့၊ ကျွန်တော် သူ့ကို မုန်းချင်လွန်းလို့ပါ။ အချစ် ကြီးရင် အမုန်း ကြီးသတဲ့ စကား ပုံ ရှိသားပဲ။

ဆောင်း။ မင့်ဟာကို မင်း ဒါတွေက ထင်နေရင် ငါ ဝင်မ ရှုပ်တော့ပါဘူး ကွာ။

ဖွား။ ကျွန်တော်က ဒီလိုသဘော မထားပါဘူး၊ အင်မတန် ဇွဲ၊ အင်မတန် ချော၊ အင်မတန် ယဉ်သူတလေးတဲ့ ဂုဏ်တွေကို ဖျက်ဆီး နေရသဟာ သူ့ကို မုန်းချင်လို့ပါ ကိုကြီးဆောင်းရဲ့၊ ဟော လာကုန်ကြပြီ။

—း၀း—

**ဇာတ်ကွက်–၁၀။**

(မဖွားသစ်နှင့် မယ်မှုံတို့ ထွက်လာကြစေ)။

မှုံ။ ငါ့တော့ စိတ်ညစ်ရှာပါပြီအရေးထဲ။ လူပြည်မှာတောင် မနေ ချင်တော့ပါဘူး။

မဖွားသစ်။ အို–မှုံမှုံ ထင်သလိုလဲ မဟုတ်သေးပါဘူး၊ ဟော ဟိုမှာ သူတို့ပါလား။

ဘွား။ ကိုကြီးဆောင်း၊ ကျွန်တော် သူ့ကို စကား မပြောဘူး နော်။

ဆောင်း။ မိမ်းပိုက် မောင်၊ ငါလဲ မပြောဘူး။

သစ်။ ကိုကိုဘွား၊ ဒီဘက်ကို ကြည့်ပါဦး။ သစ်သစ်ကို မချစ်တော့ဘူးလား မောင်ရဲ့။

မှုံ။ ဘယ့်နှယ် ဖြစ်ကြတာတုံး ကိုရင်ဆောင်းရဲ့။

သစ်။ မောင် ဘာ အလိုမကျသလဲ ပြောပါ။

မှုံ။ ကိုရင်ဆောင်းကလဲ ဘာဖြစ်လို့ မိတ်ဆက်ရတာတုံး တော့။

သစ်။ သစ်သစ်ကို ချစ်တယ်ဆို၊ စကား တခွန်းလောက် ပြန်ပါဦး။

မှုံ။ ကိုရင်ဆောင်း-အို ကိုရင်ဆောင်း၊ အိုရှင်၊ ကိုတော်ဒီ။

ဘွား။ (ဆောင်းသို့ လှမ်း၍)၊ ရက်စရာ ကောင်းသရှာ၊ နော်။

သစ်။ ဪ-အဖြူ အဖြူ၊ တို့ ဥယျာဉ်ထဲမှာတုံးက မောင့်ကို မကြည့်လိုက်ရလား။

ဘွား။ (ဆောင်းသို့ လှမ်း၍)အောင်း၊ ရမ္မ ကိုယ့်အပြစ် ကိုယ်သိတယ်။

မှုံ။ အို-ဒါကြောင့် သူတို့ သုံးသုံးမှုံမှုံ လုပ်နေတာကိုး။

ဆောင်း။ (ဘွားသို့ ဖြန့်၍) အင်း-သူလဲ သူ့အပြစ်ကို သူမြင် လာပြီ။

သစ်။ ဥယျာဉ်ထဲမှာ ဖြတ်သွားတုံးက မကြည့်လိုက်လို့ စိတ်ဆိုးတယ် ဆိုပါတော့ဟုတ်သလား။

ဘွား။ အမယ်၊ ရမ္မလာပြီးဖြတ်တိတိ လုပ်နေပါပြီ။ ဒီတခါတော့ မောင့်ကို နှုတ်လိုက်ရဘူး။ မိမ်းကြီးရို့ ဆိုရင်လဲ မောင်ကတဲ့ စပြီး မိမ်းပါ့မယ်။ သစ်သစ်ကိုတော့ ချစ်ပါတယ်၊ မုန်းပါဘူး။ ဘယ်တော့မှ မမုန်းနိုင်ဘူး၊ ခွဲပေမဲ့၊ မုန်းရမိမှာမယ် သစ်သစ်ရဲ့ အို ကုန်ကုန်ပြော မယ်လေ၊ သစ်သစ်ကို ဖြဲ့ပြီးချစ်မဲ့အစား ကိုယ့်ကိုကိုယ်သာ အဆုံး စီရင်လိုက်မယ်။

ဆောင်း။ ဒါလဲ သူ့ပြောသလိုဘဲကွဲ့၊ မယ်မှုံရဲ့။
သစ်။ ။အို-ခက်လိုက်တာ၊ ရွာ့အမွှေး ထားကောင်နဲ့ ဗာရာဏသီ ချွဲနေဖြစ်နေပါပြီ၊ သစ်သစ်ကို ဘာဖြစ်လို့ ပုန်းရမှာလဲ၊ သတ္တိ ကောင်း အောင် သစ်သစ် ရှင်းပြမယ်လေ။

ရွှာ။ (ထွက်သွားရန် ပြင်လိုက်)၊ အို၊ မရှင်းချင်ပါနဲ့တော့။
မှုံ။ ကိုကြီးဆောင်း၊ ဒီမလေ......။
ဆောင်း။ ဟော့-နားကလေးထောင်ထားလိုက်ကွယ်၊
သစ်။ (ရွှာနောက်သို့ လိုက်၍) ခဏကလေး နေပါဦး။
ရွှာ။ (သင်ကို မကြည့်ဘဲ ထွက်သွားရင်း) အို-မနေပါဘူး။
မှုံ။ (ဆောင်း နောက်သို့ လိုက်၍) အို-ကိုဆောင်းရဲ့။
ဆောင်း။ (မှုံကို ရှည့် ကြည့်ဘဲ ထွက်သွားရင်း) ဘာတုံး။
သစ်။ နားထောင်စမ်းပါဦး၊ ဆောင်ရဲ့။
ရွှာ။ မထောင်ချင်ပါဘူး။
မှုံ။ (ဆောင်းသို့) ထလွှန်းထဲပါ......။
ဆောင်း။ ငါ နားထိုင်းနေတယ်။
သစ်။ ကိုကိုရွှာ......။
ရွှာ။ ချမ့ ရွှာ မနေပါနဲ့။
မှုံ။ ကိုရင်ဆောင်း......။
ဆောင်း။ တိတ်ပါ။
သစ်။ နေပါဦး နှင့်။
ရွှာ။ လိမ်ဖို့းမရှိ ဘူး
မှုံ။ နားထောင်စမ်းပါဦး။
ဆောင်း။ ထောင်နိုင်ပေါင်။
သစ်။ ခဏကလေးပါ မောင်ရို့။
ရွှာ။ မနေနိုင်ပါဘူး။
မှုံ။ ကိုရင်ဆောင်းကလဲ ထယ် စိတ်ကောက်လွယ်တာကို။
ဆောင်း။ ဟင်း၊ ဟင်း၊ ဟင်း......။

သစ်။ တခွန်းလောက်မှ နား မထောင်တော့ဘူးလေး။
ဖွား။ တခွန်းလောက်မှ နား မထောင်ချင်ဘူး။
မှုံ။ ကိုရင်ဆောင်း၊ နှစ်ခွန်းထဲ နားထောင်ပါ။
ဆောင်း။ တခွန်းမှ မကြားချင်ဘူး။
သစ်။ (ကိုယ်ရှိန် သတ်လျက်) ကဲ၊ တော်ပြီ၊ တော်ပြီ၊ အကျိုးအကြောင်းကို ရှင်းပြပါမယ် ဆိုရက်သားနဲ့မှ နား မထောင်ချင် ရင်၊ သစ်သစ် ဘာ့နဲ့မှ မတတ်နိုင်ဘူး၊ အသင့် သဘောတရှိဘဲ၊

မှုံ။ (ခုတ်တန့်လျက်) ပေါ့၊ ကိုရင်ဆောင်း၊ မောင် လိုရာ ဖြေ တော်မူပါ၊ မတားတော့ပါဘူး။
ဖွား။ (သစ် ဘက်သို့ ကြည့်ပြီးလျှင်) အကျိုးအကြောင်းကို တော့ အထိချင်သေးဘဲ၊ သစ်သစ်ရဲ့။
သစ်။ (ဖွားကို ကြောပေး၍ တဘက်သို့သွားရင်း)ဒီ-သစ်သစ် မပြောနိုင်တော့ဘူး။
ဆောင်း။ (မှုံဘက်သို့ ကြည့်၍) ပေါ့—မယ်မှုံ၊ ဒီမေလ ....။
မှုံ။ (ဆောင်းကို ကြောပေး၍ တဘက်သို့ သွားရင်း) ဘာ— ဒီမလေလဲ။
ဖွား။ (သစ် နောက်သို့ လိုက်သရင်း ပြောပါ-သစ်ရယ်၊
သစ်။ (ဖွားကို မကြည့်ဘဲ ရှောက်သွားရင်း) ဟင့်အင်း၊ကျွန် မှာ ဘာမှပြောစရာ မရှိဘူး။
ဆောင်း။ (မှုံနောက်သို့ လိုက်၍) ပေါ့ လကွဲ......။
မှုံ။ ဘာ ပေါ့သကွဲ့လဲ။
ဖွား။ သစ်သစ်ကလဲကွယ်၊ ပြောစမ်းပါအုံး။
သစ်။ မပြောနိုင်ဘူး မောင်ခေ့။
ဆောင်း။ မယ်မှုံကလဲ ချော့တော့ဘူးလားကွဲ့။
မှုံ။ မချော့နိုင်ဘူး။
ဖွား။ သစ်သစ်ရယ်၊ နှစ်ခ ချင်တယ်ဆို၊
သစ်။ ဒီ—အနွား မသာပါနဲ့။

ဆောင်။ ဟော့–မယ်နု၊ နိုးပါရဲ့ကွယ် ပြောစမ်းပါ။

နု။ သွားပါ။

ဖွာ။ သစ်သစ်ရယ်၊ နှုတ်။

သစ်။ အို–ချမှ လာခေါ်နေပါပြီ။

ဆောင်။ အချစ်တုံးကြီး နုရယ်။

နု။ အလို–တရားခေ၊

ဖွာ။ သစ်သစ်၊ ချစ်တယ်ဆို၊

သစ်။ ဟင့်အင်း၊ မပြောဘူး။

ဆောင်။ ဟော့–မကြီးနုရဲ့၊ ဒီဘက်ကို ကြည့်စမ်းပါအုံး နဲ့။

နု။ ဘာ–ဒီဘက်ကိုလဲ၊ ကြည့်နိုင်ပေါင်။

ဖွာ။ အကျိုးအကြောင်းကိုတော့ ရှင်းပြအုံးမှပေါ့။

သစ်။ ဟင့်အင်း၊ မရှင်းချင်သေးဘူး။

ဆောင်။ မယ်နု၊ ကျုပ်ကို မချစ်တော့ဘူးပေါ့လေ။

နု။ အို–မချစ်နိုင်ပါဘူး။

ဖွာ။ ရက်စက်ပါပေ့ရဲ့ သစ်သစ်ရယ်၊ ဗိုက ရကွာသယ်ကို မကြည့်တော့ဘူးပေါ့လေ။ အခုတော့ သစ်သစ်က သဘွာ ပေါက်တော့မှာပေါ့ သစ်သစ်က မချစ် ကြောင်နေသဘူး ဆိုရင်လဲ ဖောင် လှုပြည်မှာ မနေတော့ပါဘူး၊ သွားပါတော့မယ်။

ဆောင်။ ဟော့–မယ်နု၊ ငါလဲ သွားလိုတဲ့ကွဲ။

သစ်။ (ဖွာ နောက်သို့လိုက်ချင်း) ကိုကိုဖွာ။

နု။ (ဆောင်း နောက်သို့လိုက်ချင်း) အို–ရှင့် ကိုကြီးဆောင်း။

ဖွာ။ ဘာလဲ သစ်သစ်ရဲ့၊

ဆောင်။ မင်းငါတော့ ဘာ လုပ်ချင်သေးသလဲ။

သစ်။ အခု–ဘယ်ကို သွားအုံးမလို့လဲ၊ ဖောင်ရဲ့။

ဖွာ။ ဖောင်၊ လှုပြည်မှာ မနေချင်တော့ဘူး။

ဆောင်။ ကျုပ်တို့ ကိုယ့်ကိုယ်ကို ကိုယ် အဆုံး စီရင်ကြတော့မလို့။

သစ်။ ကိုကိုဖွာပါသေး။

ရွာ။ နို့-သစ်သစ်က နို့ ရိုက်သယ် ဟုတ်လား။
သင်း။ အလို-ဘုရားရေ့၊ သစ်သစ်က ဒေါ်နှင့်ကို နှိုးတယ်။
ရွာ။ နို့-မဟုတ်ဘူးလား။
သင်း။ မှိုင်းရပါသား၊ မောင်ချာ။
ရွာ။ ဒီက ရွာသယ်ကို လေယဉ်ဘူးလို့ ဆိုတဲ့ဟာ အခိုင်နိုင်းတာနဲ့ အတွေ့တွေပေါ့၊ သစ်သင်ရဲ့။

သင်း။ သစ်သစ်ကို ခုစ်ရင်၊ ဒီစကားကို နောက် ပြောသုံ့နဲ့ မောင်ရယ်၊ သစ်သစ် ရင်တုံလွန် လို့ပါ။ မနက်သုံးက ငွေရောင်လယ်မှာ မောင့်ကို မကြည့်မိတဲ့ အကြောင်းဟာ သစ်သင်တို့ ဈေးလေးကြီး ပါသတ်လို့ပါ။ ဈေးသေးက အင်အတန် မိုက်တိုတယ်။ နောက် ပြီး တော့လေး၊ ပေါ်ကျားတွေဟာ ဘီလူးနဲ့ တူတယ်။ ညီ့တို့ ကြင်ကြမ် ရှောင်ရမယ်လို့ ခဏခဏပြောတယ် ၊သူနဲ့ချားမို့ သွားရင် အင်မတန် ဆင်ခြင်ရပါသယ် မောင်ရယ်။နောက်ပြီးတော့လဲ၊ဈေးလေးက ရိုးက နဲ့ ဒေါက်ကနဲ့ ပြောတတ်လွန်းလို့ပါ။

မျိုး။ ဒီ အတွက်ကြောင့်၊ ကိုကြီးဆောင်းကိုလဲ မကြည့်မိတာ ပါ ကိုကြီးဆောင်းရဲ့။
ဆောင်း။ ပြောပ်-ဒါကြောင့်လား။
ရွာ။ ဒါ အမှန်ဘဲလား သစ်သစ်ရဲ့။
သစ်။ အို-မောင် ပေးချင်တဲ့ သစ္စာကို ပေးပါ၊ သစ်သစ် ကျိန် ဆိုပါတယ်။
မျိုး။ ကျွန်မကိုလဲ ပေးချင်တဲ့ သစ္စာပေးပါ၊ ကိုကြီးဆောင်း ရယ်။
ဆောင်း။ (ရွာသို့ဖျာည့်) အေးသကွယ်၊ သူတို့ပြောတာ မှန် မှာပါဘဲ။
ရွာ။ သစ်သစ်ရယ်၊ ဒီစကားကို ကြားလိုက်ရမှဘဲ၊ စိတ်အေး သွားတော့တယ်။ သစ်သစ် နှုတ်ခမ်းဖျားက ထွက်တော်မူလိုက်တဲ့

တေးကြီးအသေးများကဲ့ သိဘာဘနေတို့ဘက် အသ အရာ့အဆောင်
ပါ၊ နေရိုဗယ်တို့ ဆံရေးမှာဝါနေ်း ပြုဒ်ခေ ကြွာ့ ကြွာ–၊
ကိုကြီး ဆောင်း … ကိုယ် ချက်သူ၊ ကိုယ် ကြံဂန်သူ၊ ကိုယ် ဖြစ်နိုးသူ
ထေးသေးများကသာ ထိမ်းယူလိုင်ပသေး ဆိုးဝ်၊ ကျွန်တော်တို့ တ
တွေမှာ သူတို့ဘာက်ကို သာ ယိမ်းယိမ်းပြီး ဖွဲ့ကြရတော့ပါတဲ့ကလေး၊
ကိုကြီးဆောင်ရှူ။

ဆောင်း။ အေးလေကွယ်၊ ဒီဘိုးတော်တေးတွေက တယ်လဲ
အငွမ်း သတ္တိ ပြည့်ဝဲကြပါသကိုး–မောင်ရှူ။

—=း၀း=—

## ခန်းကွက်–၁၁။

(ပေါ်ခါ ထွက်လာခဲ့)။

ပေါ်ခါ။ အသို–မောင်ပန်းဖွာတို့ ဘယ်တုံးက ရောက်လာကြ
သလဲ။ အဆောင် သင့်လိုက်တာကွယ်။ ဟော–မင့် ဦးတော် လာပါပြီမွ
မယ်၊ လာရင်သာ မင့် နှစ်ယောက်လေး အတွက် ရွေဆောင်ပြီး ပြော
ပေတော့။

ဖွာ။ ဝမ်းသာလိုက်တာ၊ မမရယ်၊ ကျွန်တော် ပြောပါ့မယ်၊
ခါ။ ဟော–ပြောရင်း ဆိုရင်း လာပါပြီ၊

(ဦးရွှေနှောင်း ထွက်လာခဲ့)။

ဖွာ။ ဦးလေး ခင်ဗျာ၊ နှောင်း မနော ဘဝါနဲ့ နှာတော်မှုပါ၊ ရွှေ
မျက်နှာ ဖော့ထားပြီး ကျွန်တော် ကိုယ်တိုင်ဘဲ ဦးလေးကို ပြော
ပါရစေတော့၊ ရွှေသက်လဲ အချိန်တန်ရှို အရွယ်လဲရောက်လာပါပြီ၊
ကျွန်တော့ကိုလဲ သားအဖြစ် အသိအမှတ် ပြုစေချင်တဲ့ အကြောင်း
ပါဘဲ၊

နှောင်း။ နေပါဦးကွဲ့၊ နေပါဦးကွဲ့၊ ငါ တရ မေးစမ်းပါရစေ
ဦး။ မောင်ဟာ ဆင်းရဲသားမျိုးထဲကလား၊ သို့တည်း မဟုတ် ထီး

နိုင့်နန်းမိုင်ကို ခိုလှုံပြီး ကြီးပြင်းရတဲ့ ရှု ဂုဏ်တန် ပြည်တော်သား မှူးမတ် နွယ်ထဲကသော .ကဲ့၊ ဆဲဒီ ပြသနာကို မှေ ဦးစွာ ဖြေစမ်း။

ဖွှာ။ ဒီလိုပါ။ဦးမင်းရယ်။ဦး မေးလိုက်တဲ့ မေးခွန်းမျိုးကို ဖြေရမှာက လွယ်ချင်တယ် ဆိုရင်လဲ လွယ်နိုင်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့။ ခုနေအခါ ဘယ်သူမျိုးမဆို ကျွန်တော့ အဘိုးဟာ,အဘိ ဟာ,စသည်ဖြင့် အမျိုး အစဉ်အဆက်ဟာ ဘိုးတော်ဘုရား,ဘကြီး တော်ဘုရား သက်ထက်များက ခန့်ကြီးတဲ့, အမတ်ကြီးတဲ့၊ မဟာ ဆီ,မဟာသွေးတွေဘဲ စသည်ဖြင့် လူ့အကြိုက်လိုက်ပြီး ပြောမယ်ဆို ရင် ပြောနိုင်တာပေါ့။ကျွန်တော်ကတော့ မဟုတ်တာကို လိမ်လည် ပြီး မပြောချင်ဘူး။ ပြောတဲ့လူကိုလဲ တယ် မုန်းတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ့်ကုသိုလ်နဲ့ ကိုယ် မွေးဖွားလာကြတာကိုး။ ခုမဲ့ ကျွန်တော့ကိုလဲ အထင် မသေးပါနဲ့၊ ကျွန်တော်ဟာ စစ်စစ် မဟာ ဆီ, မဟာသွေး မဟုတ်သော်လဲ ကျွန်တော့ မိဘများဟာလဲ ရာဇ ဝလ္လဘတော် မင်းမှုထမ်းထဲကပါဘဲ။ကျွန်တော် ကိုယ်တိုင်ကလဲ အိမ် ရှေ့ဘုရား၏ အိမ်တော်မှာ လူပျိုတော်သား အဖြစ်နဲ့ သုံးနှစ်တိုင်တိုင် အမှုတော်ကို ထမ်းဆောင်ခဲ့ဘူးပါတယ်။ အမှုထမ်းရင်း နေကြေးငွေ အဆောင့်,အတန် ရဆောင်းမိလို့ အမှုထမ်းက ထွက်ပြီး လွတ်လွတ် လပ်လပ် ရှာဖွေ လုပ်နေပါတယ်။ ဒီတော့ သူများလို ကြွားချင် မော်ချင်တယ် ဆိုရင် ကျွန်တော်လဲ အကြွားနိုင်သားပေါ့.....။

နှောင်း။ ဟော့ တော့–တော်၊တော်–တိတ်၊ငါ့သမီးနဲ့ မင်းနဲ့ မတန် ဘူး။ ငါ့သမီးကို မဟာဆီ,မဟာသွေးနဲ့မှ ပေးထိမ်းမြားချင်တယ်။

ခါ။ ဟော့–မောင်ရှင်နှောင်း။မဟာဆီ,မဟာသွေးနဲ့ မောင်မင်း နဲ့ ဘာဆိုင်သလဲ။ မောင်မင်းက ကိုယ့်ကိုကိုယ် တကယ့် အဓိပတိ ရွှေစား မွေးတဲ့ မဟာသွေး အောက်မေ့နေသလား။

နှောင်း။ မယ်မင်း၊ တိတ်တိတ်နေစမ်း။ ငါက မယ်မင်းပါ နန်း မှ နန်းသွေးရယ်လို့ အခရေး ပေးချင်တဲ့အတွက် ဒီစကားကို ပြောနေ တာ။မယ်မင်း ဘာသိတဲ့ မိန်းမလဲ။

ခါ။ အလိုတော်၊ကျုပ်အမျိုးဟာ-မဟာဆီ,မဟာသွေး မဟုတ်ပါဘူး၊ ရိုးရိုးတန်းတန်းပါ။

နှောင်း။ ကြည့်စမ်း၊ ငါ့ရတ်ကို ခုင် ဖျက်ပစ်တယ်။ တယ်တော်တဲ့ မိန်းမ။

ခါ။ အလို—လာ လာချေသေး တော့၊ မောင်မင့် အဘေကာ ဆီကုန်သည်၊ကျုပ် အဘေကာ ကျောက်ကုန်သည်၊ အချင်ကို မေးကြည့်ကြပါတော်။ ရှုတိုင်း ထိပါတယ်။

နှောင်း။ ထယ်၊ ငါ့အမျိုးကို နှိမ့်ချပြီး ပြောဖြန့်ပြီ။ မယ်မင်း အဘေသာ ဟုတ်ချင် ဟုတ်မှာ၊ ငါ့အဘေ မဟုတ်ဘူးပါ သိရဲ့လား။ ဒါတွေပြောနေတို့ ရှည်ရှားဖြာတယ်၊ငါ့ဆိုးကို မဟာဆီ,မဟာသွေးနဲ့မှ ပေးစားမယ်။

ခါ။ မောင်ချင်နှောင်း၊ မောင်မင်းသဘောနဲ့ချည်းလဲ ဘယ်ပြီးနိုင်မှာလဲ၊ ဒီမှာ အမေ တစ်ယောက်လုံး ရှိသေးတယ်။ ကျုပ်တို့တော့တော် ရိုးရိုး သားသား ညွှာရေ့ ခိုင်ခိုင်လုံလုံ လူမုံ ဖွာဖွာဆိုရင် သဘောကျပါတယ်။ မောင်မင်း မဟာသွေးတွေက မဟာသွေးတို့သာ ဆိုရတယ်၊ တော်တော်ကြာ အိမ်မှာ ပွတ်ထက်သလို နေတာ၊

မှီ။ အဟုတ်သားပဲ၊ ကိုကြီးနှောင်းရဲ့၊ ကျွန်မတို့ ရွာမှာ မောင်မောင်ခင် ဆိုလား ဘာဆိုလား မြို့ဝန်သားတဲ့၊ အမယ်လေး ဆိုးလိုက်တာ၊ တစ်တောကို လုံလို့။

နှောင်း။ ဟဲ့—မယ်မှီ-ခုပ်ဟာ တွမ်းဆံထဲ ကြွက်ချေးလာလာပြီး မရောစမ်းနဲ့၊ ခုင် ဘာသိသလဲ၊ ငါ့မှာ ညွှာရေ့ ဖြည့်ရုံပြီးသား၊ ငါဟာ မဟာဆီ,မဟာသွေးအမျိုးနဲ့ ဆွေမျိုး တော်ချင်သေးတယ်၊ ငါ့ဆိုး ဝန်ကတော်ကလေး ဖြစ်တာကိုလဲ ငါ ကြည့်ချင်သေးတယ် ဟဲ့၊ သိရဲ့လား။

ခါ။ ဝန်ကတော် ဖြစ်အောင်......၊

နှောင်း။ ဟုတ်သယ်ဟဲ့၊ ဟုတ်သယ်။

ခါ။ ရှင်ကြီး၊ ရှင်ဘေဘင်းများ ခေတ်ကျွန်တော်ပေါ်ကို ကြည့် မနေကြပါနဲ့၊ ကာယကံရှင်ချင်း ကယ်ခဲ့သော်မှုကြပါ၊ အလို ရှိခဲ့သော်မှုဘဲ ပစ္စည်းများနဲ့ ကန့်ခေတ္တပါ့မယ်။

ဖြောင်း။ ဒို–မယ်မင်း ဘာ ပြောပြော၊ ငါ သနေတာ ရှုသလို စိမ့်ရှုလိုက်နမယ်။

ခါ။ ဒို–မောင်မင်း သနေတာဂျူသကို ကျုပ် ဘယ်ခေတ္တမှ သနေတာမကျုနိုင်ဘူး။ မောင်ရင်ဖြောင်း ရှယ်၊ မောင်မင်းလဲ ဉာဏ် အရှိသားဘဲ၊ စဉ်းစားရုံးမှပေါ့၊ ကိုယ်ဘို့ ကျုပ်တို့မှာ ဒိုးဒိုး တန်း တန်း ကုန်သွယ်ပြီး ဝမ်းကျောင်းကြတာပေါ့၊ ခေတ်ခေတ်ကြာ သမက် လုပ်တဲ့ ဝန်မင်းက သူ့ မင်းရာဇ်, ပိုးရာဇ်နဲ့ ဟန့်တလုံး, ပန့်တလုံး ရတ်ပြီး ကျုပ်တို့ကို ဘဲ့ကဘော ဖြိတ်မှုသိုးဘိမယ် မှတ်သလဲ၊ ကျုပ်သဘော မတူနိုင်ပေါင်တော်၊ ကျုပ်တို့မှာလဲ စိတ် ဆင်းဆင်း ရဲရဲနဲ့ နေရရုံးမယ်၊ ခေတ်ခေတ် ကြာ မောင်မင်း မြေတွေကတော်၊ မောင်မင်းဘို့ ကျုပ်တို့ကို အတိုးအပွား ဘေသ်ချင်မှာ မဟုတ်ဘူး၊ ပြီး လုပ်တဲ့သူတကော သူ့သင်ရာဇ်ကို ငုံပြီး ဝန်ကတော်ဖိဖိ နေရ လိမ့်မယ်၊ ဒီလို နေပလေးဆိုရင် မိတ်ဆွေဟောင်း, ဆွေဟောင်းတွေက 'မရှေ့သင်ဘို့များ ဝန်ကတော်ဖြစ်မှ ထယ်လဲ ထယ်သကို.ကွဲ့၊ ဒို– သူ ဘယ်လိုဘယ်ပေမဲ့ ကိုးနှောင်းဘိုးဟာ ကိုနှောင်း ပဲ ပါဘဲ ကွယ်၊ သူတို့ အတိုး, အပွားတွေကို၊ တို့မသိဘာလုက်သို့၊ အစတုံး က သူတို့ ထတွေဟာ ဟိုအသုံးမုံရွာ ဘကြာမှာ ဆိတ်ကြွက် ချောင်း ခဲ့တဲ့ သူတွေပါ၊ အခုမှ ထဖြေးဖြေး ချမ်းသာကြွယ်ဝလို့ ဝန်ကတော် တွေ ဘာတွေဖြစ်ပြီး ထယ်သယ်ဝါဝါ ဖြစ်ကြရတာပါ၊ သဘောက ကြီး က အခုက်သားကလေး၊ ဒိုးဒိုး သား သား နေပြန်ရင်သဲ မချမ်းသာ၊ မချမ်းသာတော့လဲ ဘယ်လုခေါ်ချင်လဲကွဲ့' ဟောဒါလို ပေး တ ငေါ့ငေါ့နဲ့ ပြောတာကို ကျုပ်မခံနိုင်ဘူး၊ ကျုပ်တို့ဘတော့ သမက် ဆိုရင်၊ ယောကျ်ားကို ယောကျ်ား မှန်း သိသိ၊ သား မယားကို သား မယားမှန်း သိသိ၊ ချစ်ချစ်ခင်ခင် ရှိနဲ့ သနားကြင်နာ သေဘောကရှ သယ်။

နှောင်း။ ဟော့–မယ်ခါ၊ ဒီစကားမျိုးဟာ မယ်မင်းတို့လို ထုံးအသက်က ဘားလို တပြားထဲ ပြားပြီး ဘယ်တော့မှ အထက်ကို မကြွမ်းချင်တဲ့ မိန်းမစားမျိုးတွေ ပြောတဲ့ စကားကွဲ၊ ထွီ၊ ရှုံ့ဘယ်။ မယ်မင်း ဝင်မရှုတ်နဲ့၊ ငါ့တို့ဟာ ငါ့အသက်မှာ ဝန်ကတော်သာဖြစ်ရမယ်။ နောက်ထပ် မယ်မင်း လျှာမရှည်နဲ့။

ခါ။ အို–ကိုရင် ဘာပြောပြော၊ ကျုပ် သဘော မတူနိုင်ဘူး။

နှောင်း။ တယ်၊ ငါ စိတ်ဆိုးလာရင် ငါ့တို့ကို မိဖုရား ဖြစ်အောင် အကြံ ထုတ်လိုက်ရမလား။ တော်၊ တော်၊ မယ်မင်း လျှာမရှည်နဲ့။

(ဤသို့ပြောပြီး၍ ဦးနှောင်း-မယ်ခါ ဝင်စေ)။

—=:၀:=—

## ဇာတ်ကွက်–၁၂။

(မောင်ပန်းရွှာနှင့် မောင်တိုးဆောင်းတို့
နှစ်ယောက် ကျန်ရစ်စေ)။

ဆောင်း။ ဟော့–မောင်ရွှာ၊ မောင်ကတော့ မောင် ပြောတဲ့ စကားဟာ အတိုးကြီး ကျပြီရယ်လို့ ပြောတာပေါ့နော။

ရွှာ။ အနို–ဘယ့်နှယ့် ပြောရမှာလဲ၊ ကိုကြီးဆောင်းရဲ့။ ကျွန်တော်က လမ်းမှန်ကို ပြောတာပါ။

ဆောင်း။ အေး၊ မောင်က လမ်းမှန်တာတွေ၊ ဟုတ်တာတွေကို ပြောလို့ ဒီလို ဖြစ်နေတာ။ မောင်ဟာ အစ်မတော်-အာ-တဲ့ ရှုဘဲ။ မောင်က အတိုးကြီးရဲ့ခေတ်ကို မသိဘဲကိုး၊ သူကြိုက်တတ်တဲ့အစားကို နဲ့မှ ကိုယ့်အလို ဖြည့်တော့မပေါ့။

ရွှာ။ ကိုကြီးဆောင်း ပြောတာလဲ မှန်ပါတယ်။ နို့ပေမဲ့ အတိုးကြီး ကြိုက်တတ်တဲ့အစားကို ခွဲရအောင် ကျွန်တော်ကလဲ ငဲ့မျှ၊ မင်းခွယ် ဝမ်းထဲက မထွက်တဲ့ကိုးဗျ။

ဆောင်း။ ဟား ..... ဟား ..... ဟား ..... ဟား ..... ဟား .....။

ဖွား။ ကိုကြီးဆောင်းကတော့ ရိုနိုင်မပေါ့သေး။

ဆောင်း။ မောင်က အငေါ့မခေါ်နဲ့ကွဲ့၊ ကိုကြီး ရိုတာ မောင်ကောင်းလို့ကွဲ့။

ဖွား။ ဘာ ကောင်းလို့လဲဗျ။

ဆောင်း။ နေဦးကွဲ့၊ အခု မပြောနိုင်သေးဘူးကွဲ့။

ဖွား။ အို–နောင်ကြီးကလဲ ဘယ့်နှယ်လဲ။

ဆောင်း။ မောင် အသာသာနေစမ်းပါ။ ကိုကြီး အခု ဇာတ်တေးဝင်မလို့။ ဆဲမီ ဇာတ်ထဲမှာ မောင်လဲ ပါမယ်။ ကိုကြီးလဲ ပါမယ်၊ တော်တော်ကြာရင် မောင့်အတိုးကြီးလဲ ပါလာလိမ့်မယ်။ ဆဲမီတော့မှ အတိုးကြီးကို နှာနှာလိုပ့်ရမယ်။ ဇာတ်ခင်းတဲ့အခါမှာ ဝတ်လို့ဆင်လို့ အဝတ် အထွက်တော့ ဌါးရတာပကွာ။ ဟားဟား .....။

ဖွား။ အို–ကိုကြီးဆောင်းလဲ ရှုးပြနိုပြီ ထင်တယ်။

ဆောင်း။ အို–မောင် နောက်တော့ သိလာပါလိမ့်မယ်။ အခု အေးအေး ဆေးဆေး နေစမ်းပါဦး၊ ကိုကြီး ကြည့်ပြီးစီရင်ပါ့မယ်။

(ရင်းတို့ ဝင်ကြစေ)။

—— ။ ဝ ။ ——

**ဇာတ်ကွက်–၁၃။**

(လုံးဘိုရွာစား မောင်မောင်ဆောင်နှင့် ဝန်ကတော်ကျ ခင်ခင်ထားတို့သည် ဦးရွှေနွှေခင်း၏ အိမ်ရှေ့ ဖျာမ်းကောမ်းဝယ် အောက်ပါ စကားများကို ပြောနေကြစေ)။

ခင်ခင်ထား။ ခက်လိုက်ပါဘိတော့၊ မောင်မောင်ရယ်။ ထားထားမှာလဲ ဘယ်ခေါ်၊ ဘယ်နတ်များက ဖန်တယ်လို့ မပြောတတ်ပါဘူး။ မောင်မောင် ခေါ်ရာကိုသာ တန်းတန်းစွဲ လိုက်မိပါပေါ့သေး။ အခု ဘယ်နေရာ၊ဘယ်စခန်းကို ခေါ်လာတာလဲ၊ မောင်မောင်ရဲ့။

မောင်မောင်ဆင်။    ဪ–ထားထားနှယ်၊ ထားထားတို့ အိမ်တော်ကို လာပါရစေဆိုတော့လဲ မတော်ပါဘူးတဲ့။ မောင်မောင်တို့အိမ်ကို ထားထား ကြွခဲ့ပါဆိုတော့လဲ ရှက်တော်မူပြန်သတဲ့။ ဒီလိုနဲ့ အချိန် လင့်လာခဲ့ရတာ အခါပေါင်း များပါဘိသလား ထားထားရဲ့။ ဟော အခု မောင်မောင့် မိတ်ဆွေကြီးရဲ့ အိမ်မှာ စိတ်အေး လက်အေး ဆိုသလို ....။

ထား။    ဪ–ထားထားတော့ သေလိုက်ချင်တော့ တာဘဲ။ မေတ္တာတော် ပန်းရနံ့ကို မြှူပါရစေနဲ့ဆို တောင်းပန်ပေတဲ့ မောင်မောင့်မှာ ထားထားကို မြတ်နိုးသည်ထက် မြတ်နိုးအောင်၊ လက်ဆောင် အမျိုးမျိုးနှင့် ကြိုးစား ခထာနေတော့တာဘဲ။ ထားထားဖြင့် အားနာပါပြီ၊ ဘယ်လိုလုပ်ပြီး ကျေးဇူးဆပ်ရမှာလဲ မောင်မောင်ရဲ့။ တော်တော်ကြာရင် မောင်မောင်ဟာ ထားထားကို သိမ်းပိုက်တော်မူမှာ ထင်ပါရဲ့။ ခက်လိုက်တာနော်။ ထားထားတာလဲ အိမ်ထောင်ပြုရမှာ အင်မတန်ကြောက်တယ်။ စစ်ကိုင်းဘက်ကို ကူးပြီး တရားအားထုတ်နေချင်တာပါဘဲ။

ဆင်။    ထားထားကလဲနော်၊ မောင်မောင့် မေတ္တာကို ထာဝရဘဲ ငြင်းပါယ်တော်မူတော့မှာလား။ မောင်မောင်ရဲ့ မေတ္တာမှာဖြင့် မြင့်မိုရ်တောင်မင်းလို မယိမ်းမယိုင် ကြံ့ကြံ့ကြီး ခိုင်နေပါပြီ၊ မောင်မောင့်ကို ကရုဏာ သက်သင့်ပါသေးတယ်၊ ထားထားရဲ့။

ထား။    ခက်ပါတီ မောင်မောင်ရယ်၊ အိမ်ယာ ထောင်မှုဆိုတာ မလွယ်ဘူးနော်။ "တဏှာသိုက် ဆာရာ တဦးကား၊ မှာဘူးသည့်နတ်ရည်၊ အိမ်ထောင်မှု ဘုရားတည်၊ ဆေး မင်ရည် ရုပ်ဆိုး၊ ။သည် သုံးခု အချက် ကိုင်ရှောင်၊ နောင် ပြင်နိုင်ခဲသည့် အမျိုး" ဆိုတဲ့ စေးကိုလဲ မောင်မောင် အသိ မဟုတ်သလား။ နှစ်ဦး နှစ်ဘက်စလုံးဟာ အင်မတန် စဉ်းစားရပါတယ်။ မောင်မောင်က လေးလေး နက်နက် မစဉ်းစားဘူး ထင်ပါရဲ့၊ လေးလေး နက်နက်ကြီး စဉ်းစားတတ်ပြီ ဆိုရင် မောင်မောင် လူပျိုကြီး ဘဝနဲ့ အမြဲ ရပ်ချင်မှာပါ။ ဘာဖြစ်လို့လဲ

ဆိုတော့ လေးလေးနက်နက် စဉ်းစားနေတဲ့ လူတွေဟာ ဘယ်တော့မှ အိမ်ထောင် မပြုဖြစ်ဘူး။

ဆင်။ မဟုတ်ပါဘူး၊ ထေးထေးရယ်၊ ထေးထေးမှာ အခုဆို အိမ်ထောင်တုံးက တွေ့ကြုံခဲ့ရတဲ့ဒုက္ခတွေကို တွေးပြီးပြောနေတယ် ထင်ပါရဲ့၊ မောင်မောင်ဟာ သူများလို မဟုတ်ပါဘူး ထေးထေးရဲ့၊ အခုက အယူဟောင်းတွေကို စွန့်တော်မူတို့ သင့်ပါပြီ။

ထေး။ မောင်မောင်ဟာ ထေးထေး အတွက် ဘယ်လောက် အကုန် အကျ များနေပလဲ၊ ဒါတွေ တွေးမိရင် ထေးထေး စိတ်မကောင်းဘူး။ ထေးထေးကို ပေးကမ်းတော်မူတဲ့ လက်ဆောင်တွေ ဟာ ဘယ်လောက်များနေပလဲ၊ မောင်မောင် တွက်ကြည့်ပါဦး။ မောင်မောင့်မှာ လက်ဆောင်တွေ ပေးရတဲ့အတွက် အင်မတန်မှ ဒုက္ခများ ရှာမှာပဲ နော်၊ ဒါတွေကို တွေးလိုက်ပလေး ဆိုရင် ထေးထေးမှာ မောင်မောင့်ကို ဘယ်လိုကြံဖန်ပြီး ကျေးဇူးဆပ်ရမယ်ဆိုတာ မစဉ်းစားတတ်အောင် ဖြစ်နေတာပါပဲ။

ဆင်။ မဟုတ်ပါဘူး ထေးထေးရယ်၊ ဒီ သေးသေး ခွတ်ခွတ် ကလေးတွေကို ဂရုထားတော် မမူပါနဲ့။ မောင်မောင့် မေတ္တာကို သာ......။

ထေး။ ဟို မြလက်စွပ်ကြီးများဟာ ဘယ်လောက် အဖိုး ထိုက်သလဲ၊ မောင်မောင် အသင်းအဖွဲ့ ထိန်းပိုက်နိုင်းလို့သာ ထိန်း ပိုင်ခံ့ပါတယ်။

ဆင်။ ခက်ပါဘိနော်၊ ထေးထေးကလဲ၊ ထားပါဆိုတော့ မြလက်စွပ်ကြီးထက် ထေးထေးက ပိုပြီး အဖိုး၊ အခေါင် မကာ အဖိုး ထိုက်တန်ပါတယ်၊ ထေးထေးရယ် မောင်မောင်ရဲ့ အမှိုးကို ပြုံးတော်မူပါနော်။ ကဲ-ကဲ-ဦး-ရွှေးမှုင်းရဲ့ အိမ်ကို သွားကြရုံးမှီး။

—:o:—

## ဇာတ်ကွက်–၁၄။

နှောင်း။ လေလေကများ ဘယ် ခက်တာပဲ၊ ကျွန်မှာ ဘယ်လို မထားရိုက်၊ ထွီးရိုက်နဲ့ တွေ့ရှိန်း မထိပါဘူး၊ ကျွန်နဲ့ မူးကြီး၊ မေ

ရာ, သေနာပတိတွေနဲ့ ပေါင်းသင်းဆက်ဆံတာကို သူတို့က အမြဲ တေရ ရတ်ပြီး ပြောနေတာဘဲ၊ ယဉ်ကျေးတယ်, ထိမ်မွေ့တယ်, ရဲတင် ထင်တယ်ဆိုတာကို သူတို့ ထားထားမှ မသိဘူး။ အရှေ့မှာ ချောင် ဟာ ရှင်ဘုရင့်အပါး ခစားရတဲ့ အမတ်ကြီး ဖြစ်မယ်ဆိုရင် အသက် နဲ့ လဲရ့ ပါတယ်၊ မသိသား ဆိုးဝါးတဲ့ မိန်းမတွေ၊ အသေဘား .... ။ (ယင်းသို့ဆိုနေရိုက် မောင်မောင်ဆင်နှင့် ခင်ခင်ထားတို့ ထွက်လာရော ဦးရွှေနှောင်းမှာ ဖြင်းရိုး ဖြာရာနှင့်) ပြော်—အရှေ့တော်တို့ ကြွလာ တော်မူကြပြီကိုး၊ ကြွပါ-ကြွပါ။ (ထေ့ဒ် လက်ရှက်ကာ ခင်ခင်ထား အနီးသို့ တိုးကပ်၍) နောက်ကို နဲ့နဲ့ရတ်တော်မူပါဦး၊ မိမိလေးရဲ့။

ထား။ အလို၊ ဘုရား။

နှောင်း။ တဈာမ်းထဲပါ မိမိငဲ့။

ထား။ ပြော်—ခက်လိုက်ပါဘိ။

နှောင်း။ မိမိကလဲနော်၊ နောက်ကိုသာ တဈာမ်း ရတ်တော်မူ ပါ။ နွတ်ခွန်းတော် ဆက်သချင်လို့ပါ မိမိငဲ့။

ဆင်။ အရှေ့တော်မင်းဟာ၊ ထီးမှ့ နန်းရာကို အင်မတန်မှ နားလည်ပါတယ်၊ ထားထားရဲ့၊ နောက်ကိုသာ တဈာမ်းရတ်တော် မူလိုက်ပါ။

နှောင်း။ ဆဲ—ဟုတ်ပြီ၊ မိမိကလေးရယ်၊ နှောင်းနှောင်းဟာ ဤ လောက၊ ဤ စမ္ဗူမှာ ရှေးခေါ်, လူထိပ်, လူပဂေး တယောက်ရယ်လို့ သောင်းတွင်းက ကျော်ဘွဲ့ သောစာတော် ထင်းလေတွေမှာပါတဲ့၊ ဘာ ဖြစ်လို့လဲ ဆိုတော့ အခု မိမိ ကလေးဟာ နှောင်းနှောင်းရဲ့ အိမ်ဂေ ဟာကို မြေခတော်ရုံနဲ့ ရွှေစကြာ ဖြန့်မြိုးတော်မူသလိုတဲ့ အကြောင်း အရာများဟာ နှောင်းနှောင်းအား အခင်း အမှတ်, အတွက်, အဖျား လူ အထက်တန်းစားသို့ ဆွဲငင် ကယ်-တော်မူတာနဲ့ တူပါတယ်၊ နောက်ကိုလဲ မိမိကလေးက နှောင်းနှောင်း အပေါ်မှာ မဟာကရု ဏာတော် ရွှေထားတော်မူပါလျှင် နှောင်းနှောင်းမှာ မိမိကလေး ကိုတဲ့ .... ။

ဆင်။ အို–အရွှေတော်မင်းကလဲ၊သားသားရဲ့ ကျေးဇူးရှင် တွေကို ဆောင်လိုက်တာ လွန်ပါပေါ့လား။ ဆောင်ထောက်ပါပြီ၊ဆောင် ထောက်ပါပြီ။ သားသားဟာ အရွှေတော်ရဲ့ ထဲ့ဥ်ကျေး,ဆိမ်ပွေတဲ့ အမှုအရာတွေကို သိပြီးဖြစ်ပါတယ်။(ခင်ခင်သားအား တိုးတိုးပြော ရမည်မှာ) လုကာသော့ လျှိုးကြီးပါပဲ သားသားရဲ့၊ဆို့ပေမဲ့ ငွေခေါ့ ခပ်ကျကျတဲ့ နော်။

သား။ (ပြုံးရှက်) ဟုတ်ပါခဲ့။

ဆင်။ သားသားရယ်၊ အရွှေတော်မင်းဟာ မောင်မောင်ရဲ့ မိတ်ဆွေရင်း,မိတ်ဆွေမြတ်ကြီး တပါးပါပဲ။

နှောင်း။ အို–အရွှေတော်ကလဲ၊ဆိုကလောက်တောင် မြှောက် တော်မမူပါနဲ့။

ဆင်။ အရွှေတော်ကလဲ၊မြှောက်ပင့်တဲ့စကား မဟုတ်ပါဘူး၊ အရွှေတော်မှာ တကာယ်ကို ထီးမှူ,နန်းဟာန် ဆန်လွှန်းလို့ပါ။

သား။ မှန်ပါတယ်၊နှောင်းနှောင်းရဲ့၊နှောင်းနှောင်းကို မြှောက် ပင့်တဲ့စကား မဟုတ်ပါဘူး။ သားကားကလဲ ယုံကြည်မြတ်နိုးတော် မူပါတယ်။

နှောင်း။ မိမိလေးရယ်၊ နှောင်းနှောင်းမှာ မိမိလေး အလိုတော် ကျအောင် မဆောင်ရွက်ရသေးပါဘူး၊ မိမို့၊ နောက်တော့ ....။

ဆင်။ (နှောင်းကို တိုးတိုး ပြောရမည်မှာ) မိမလေ၊ အရွှေ တော်ဆက်သလိုက်တဲ့ ပုံမြလက်စွပ်ကြီး အကြောင်းကို စကားမိုပ် မှ မမြွက်လိုက်နဲ့နော်၊ ကြားလား။

နှောင်း။ အနို့၊ မိမိကလေးဟာ မြလက်စွပ်ကြီးကို နှစ်သက် တော်မူပါသလားလို့မှ မမေးရဘူးလား။

ဆင်။ အို–အရွှေတော်ကလဲ၊ ခက်လိုက်ပါဘိတော့။ မမေးရ ဘူးဗျ။ မေးလိုက်ရင် သားသားကလေး အချက်ချိုး ဖျက်နှုတ်တော် ညှိသွားလိမ့်မယ်၊ ထီးသုံး,နန်းသုံးကို ကောင်းကောင်း နားလည်တဲ့ ပုဂ္ဂိုလ်များဟာ၊သားသားတို့လို အမျိုးတော် ချောချော ဖွာဖွာကလေး

ခွေကို လက်ခဆောင်ပဌာ့ ဆက်သလိုက်တယ်ဆိုရင် ကိုယ့်ပိုတွေ့ည်း အကြောင်း ကောင်း့မကောင်းကို မေးကြဘူး၊ မေးရင် အလွန်ရှိုင်း ရာ ကျတယ်ဗျ။

နှောင်း။ ရှေ့–ကျုပ် မမေးဘူး၊ သေသွားပါစေဗျာ ကျုပ် မေးဘူး။

ဆင်၊ ထားထားရဲ့မဟာ-အဆွေတော်က ပြောနေတယ်။ထား ထား သူ့အိမ်ကို ကြွလာတော်မူခြင်းဟာ အင်မတန် ကြက်သရေ ကြီးပါတဲ့ တဲ့။ အလွန်ထရာမှ နှစ်ခတောင်းအားရပါတယ် တဲ့။

ထား။ ဗီလိုစကားမျိုးကို ကြားရတာ၊ အင်မတန်မှ ကျေးဇူး တင်ပါတယ်၊ နှစ်လဲ နှစ်သက်တော်မူပါတယ်၊ နှောင်းနှောင်းရဲ့၊

နှောင်း။ (ဆင်အား တိုးတိုး ပြောရမည်မှာ) ဟုတ်လိုက်လေ အဆွေတော်ရယ်၊ ဗီလိုစကားရိုင် ခင်းပေးမှပေါ့။

ဆင်၊ ထားထားက အမျိုးဖြိုးကလေးရို့ အင်မတန်ရှက်ထတ် တယ်။ အဆွေတော်အိမ်ကို ကြွလာအောင်မနဲ့ကြီး ချော့ ပြောတော် မူရတယ်၊

နှောင်း။ ဟုတ်လား၊ ဟင်း......ကျေးဇူးပါတဲ့ အဆွေတော် ရယ်၊ အဆွေတော်ကျေးဇူးကို ဗီတသက် မမေ့ပါဘူး။

ဆင်၊ ထားထားရဲ့အဆွေတော်က ပြောနေတယ်။ရွှေမှာဒနီ့တို့၊ ပယ်ပယ်တို့ရဲ့ ဗျာဟန်, ကြော့ဟန်ကို စာထဲ,ပေထဲမှာသာ တွေ့ဘူး, ကြားဘူးပါတယ်တဲ့။အခုတော့ ထားထားကို တွေ့ရလို့ ကိုယ်တိုင် မြင် မျက်မြင် ဖြစ်နေပါပြီတဲ့။

ထား။ ခြောင်-နှောင်းနှောင်းကထားကျေးဇူးကြီးဖွဲပါတယ်၊ နှောင်းနှောင်းရယ်။

နှောင်း။ အို–မဟုတ်ပါဘူး။ မိမိလေးကိုသာ နှောင်းနှောင်း က ကျေးဇူးတင်ရမှာပါ။

ဆင်၊ ဂဲ-ဂဲ–တော်တော်ကလေး အချိန်လင့်သွားပြီ၊ ထား ထားလဲ ဆာတော်မူရှာမယ်၊ ထမင်း သုံးဆောင်ကြရအောင်ပါ့ရဲ့၊

(ထခန်းရပ်)။

# အခန်း—၄။

## ဇာတ်ကွက်—၁။

(ထမင်းပွဲမှာ စားပွဲ ကုလားထိုင်များဖြင့် ခင်းကျင်းထားစေ)။

ယင်းအပြင် ဝိုင်-အရက်ပုလင်းများ၊ ဝိုင်-ဘာလဝ်များလည်း ပါစေရမည်။ အတီးအမှုတ်သမားများမှာ ထောင့်နေရာတွင် အတီး အမှုတ်များကို ပြင်ဆင်၍နေရမည်။ ယင်းနောက် မောင်မောင်ဆင်က ခင်ခင်လေးနှင့် ဦးရွှေရှောင်းတို့ကို ရှေ့ဆောင်၍ ထွက်လာစေ။

ဆင်။ ဟော—ကြည့်စမ်း၊ ထားထား။ အဆွေတော်ကြီးဟာ ဒေသ မြန်မာတို့ ထီးဟန်၊ နန်းဟန် တခုထဲကိုသာ လိုလားတာမဟုတ်ဘူး။ သိုးဆောင်းနိုင်ငံက ထီးမှု နန်းရာကိုလဲ အင်မတန်မှ လိုလား သေးတယ်။ မောင်မောင်ဆင်က ရှူကို ဟို ဒေသ အတွင်းဝန်ကြီးက အင်္ဂလိပ် သံအမတ်ကြီးများကို သိုးဆောင်းတို့ ဟန်ပါပါ စားပွဲ၊ ကုလားထိုင်နဲ့ ဧည့်ခံ ကျွေးမွေးသလို ထားထားကိုလဲ ဧည့်ခံ ကျွေး မွေးရင် ကောင်းမှာပဲလို့ အကြံပေးထားတာကိုး ထားထားရဲ့။

ထား။ ဪ—ကောင်းပါတယ်၊ ကောင်းပါတယ်။ အို—ဟင်းလျာများကလဲ အကြော်ရော၊ အချဉ်ရော၊ အကင်ရော၊ ဘယ်လိုလဲ မြိုင်မြိုင် ဆိုင်ဆိုင် ရှိတာကိုး။ အင်မတန်မှ မြိန်စရာကောင်းမှာ ပဲနော်။

ရှောင်း။ ဒီဒီလေးကလဲ ချောင်တော်မူပါနဲ့ဗျာ။ ဒီကလေးလောက် ဟင်းတလေးများဟာ အလွန် အကြီး ချီးမွမ်းလောက်အောင် မ ကောင်းလှသေးပါဘူး။

ဆင်။ ဟုတ်ပါတယ်၊ ထားထားရဲ့။ အဆွေတော် ပြောသလို အလွန် အားကြီးလဲ မချီးမွမ်းလိုက်သေးပါဘူး၊ နို့ပေတဲ့ အဆွေ တော်ကိုတော့ ကျေးဇူး အများကြီး တင်ရပါဦးမယ်။ ဘာကြောင့်လဲ လို့ ဆိုတော့၊ အဆွေတော်မှာ ထားထားနဲ့ မောင်ဆင်တို့ကို အ ထူး ဂရုစိုက်ပြီး အိမ်က ထက်သင့် ခံပေးတာကိုး ထားထားရဲ့။

ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ အဆွေတော်ကြီး အရှုတ မြွေတဲ့ စကားဟာ အင်မတန်မှ မှန်ပါတယ်။ ဟင်းလျာတွေက ရုပ်ဝင်တယ် ဆိုပေမဲ့ တားသား မြိုးမွှမ်းတောက်အောင် မဟုတ်သေးပါဘူး။ သာ ကြောင့်လဲလို့ ဆိုတော့ မောင့်မှာ စားတော်ချက်တဲ့သောက် ရှိတယ်။ သူဟာ စားတော်ချက် အရာမှာ သာကိုက်ကင်း ခေတ်အောင် ကျွမ်း ကျင်တာကလေး ထားတားရဲ့၊ ကံဆိုးတယ် တားတားရယ်။ ဆိုဒ် စားတော်ချက်က အရတလော မင်းတွင်းကို ဘုရားဖူးသွားနေတယ်။ သူများရှိရင် ပွဲတော်ချက် အင်မတန် ဖြိုဒ်မှာပဲ။ အရင်နေများ သူရှိရင် “မဟာဓိ ထမင်းဟာ သာမည ဆန်နဲ့ ချက်တာ မဟုတ်ဘူး၊ ဆန်နီ ကောက်ကြီးဆိုတဲ့ဆန်နဲ့ ချက်ထားတာ။ အင်မတန်မှ ချိုတယ်၊ အသံ ကောင်းတယ်၊ အဆင်းလှတယ်၊ ကိုယ်ထက် နိုင်ခဲ့တယ်၊ ထမ္မာဥဒ်ဦးတုံး ကများ မဟာသမတမင်းများသာ ပွဲတော်တည်တဲ့ ဆန်ပေါ့။ ဂျူ သာလီ သာလေးနဲ့ဆန်လို့လဲ ခေါ်တယ်။ မဟာဓါက ပုန်ကင်၊ မဟာဓိ ကင် အသားကလေးကို နို့၊ မဟာဓါက ခါသား၊ ကြိုးသား၊ ငုံးသား အစီကို ဝင်းနေတာပဲ။ မဟာဒါက ဒေါင်းသား။ ကြည့်စမ်း၊ မဟာ-ဒေါင်းသားများဟာလဲ အင်မတန်မှ အရသာရှိတယ်၊ ဉာဏ်ပညာလဲ ကြီးစေတယ်၊ အဆင်းလဲ လှစေတယ်၊ အသံလဲ ကောင်းတယ်၊ ခွန်အားလဲ တိုးတယ်လို့ ဥတုဘောဇနကျမ်းကဆိုသကိုး။ မဟာဓါက ဟာသိခရင်သားကလေး၊ အင်မတန် ဘူတယ်၊ မဟာဓိဘတ်က ဟာက ပိုင်အရက်ချ၊ အရက်ဆိုပေမဲ့ ဖြတ်ရွှာဘုရား ပညတ်တော်မူတဲ့ သုရာ၊ အရက်မျိုးမဟုတ်ဘူး။ ဒီပိုင်အရက်မျိုးက စပျစ်သီးတို့ သာတို့ ညာတို့နှင့် လုပ်ထားတာ။ မဟာ-အရ ပိုင်ကာတော့ မဒီရာ ပိုင်လို့ ခေါ်တယ်။ ဒီပြင်လဲ ပိုင်တွေ အမျိုးမျိုးရှိသေးပေါ့၊ စပျစ်သီးပိုင်တဲ့၊ ‘ပေါတွင်’တဲ့၊ လိမ္မော်သီး ပိုင်တဲ့ အို–မုံလို့ပေါ့။ သိုးဆောင်းတိုင်းမျိုးများမှာ ရေမြေသနှင်း မင်းကောရေဗ်ကစပြီး မင်းညီ၊ မင်းသား၊ မှူးကြီးမတ်ရာ၊ သေနာပတိများတောင် ဒီပိုင်အရက်ကို သုံးဆောင်ကြတာကလား။ ဥတုဘောဇနကျမ်းအဆိုမှာ၊ ပိုင်အရက်ကို သုံးဆောင်ရင် သေနိုင်တယ်၊ ဆီး-ဝမ်း ရွှင်တယ်၊ ဝမ်းမီး တောက်တယ်၊ နုတ် ဖြိုး

ပေတော်တယ် ဒေသည့်ပြင့် ပေဘာဒါလို မောင့်မိတ်ဆွေက ထွတ်တီး ထွတ်တော ပြောတော်တော်တယ်၊ မောင်ကတော့ သူလို မပြောတတ်ပေဘူး။ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ အဲဒွေးတော် ပြောသလိုပါပဲ။ ထားထား ချီးမွမ်းလောက်အောင် ပွဲသဘင်ခုံကြီးက မရှိပ်ရှ ပေးပါဘူး။

ထား။ ငြိမ်ပါတယ် ပြောဖို့ပဲ မရှဘဲကိုး။ ဒါ့အပြင်၊ မောင်မောင်တို့ ကြေးနှုပ်အောင် မြန်မြန် ရက်ရက် သုံးဆောင်ဖြစ်ရတာပေါ့။ မဟုတ်ဘူးလား၊ နှောင်းနှောင်းရဲ့။

နှောင်း။ ဟုတ်ကဲ့၊ သုံးဆောင်တော်မူပါ၊ မိမိလေးရယ်၊ မြန်မြန် ရက်ရက်ကြီး သုံးဆောင်တော်မူပါ။ အို-ထားထားရဲ့ လက်ကလေးများဟာ တယ်လှဲ ဖူပ,ချောမွေ့သကိုး။

ထား။ မပြောကစ်ပါနဲ့၊ နှောင်းနှောင်းရယ်၊ တကယ်ဆိုတော့၊ လက်ကလေးများက ဖူးပတာမဟုတ်ပါဘူး၊ ဟောဒီ မြလက်စွပ်ကြီးရဲ့ အရောင်ကြောင့် ဖူးနေတာပါ။

နှောင်း။ အို-နှောင်းနှောင်းဟာ မြလက်စွပ် အကြောင်းကို ပြောတာ မဟုတ်ရပါဘူး။ ထိမ့်နှိမ်းသုံးကို ကောင်းကောင်းကြီး နားလည်တဲ့ ရုပ်ဂျစ်တဦး ဖြစ်လေတော့၊ မြလက်စွပ်လောက်ဟာကို အမှု မထားပါဘူး။

ထား။ ဪ–တကယ်ပဲ၊ ထားထားရဲ့၊ လက်ကလေးများကို ချီးမွမ်းတယ် ဆိုပါတော့။

နှောင်း။ မှန်ပါတယ်၊ မိမိလေးရဲ့၊

ဆင်။ (ဦးရွှေနှောင်းသောက်သို့ မျက်စပစ်ပြ၍) ဟဲ၊ဟဲ။ ထမင်း မသုံးဆောင်ကြသေးခင်၊ ထားထားက အစွေ့တော်ကြီးကို ဟောဒီ ပိုင်အရက်ကလေး ဆက်တော်မူစမ်းပါ။ ဟော-အမြင့်ဆရာတို့ရဲ့ အရလို အခါတော်း,အခါမှန်ကြီးမှာ သင့်တော်တဲ့ သီချင်းကို ဆိုကြမှ ပေါ့ကွဲ့။

လေး။ ဟဲ–နှောင်းနှောင်းက နားဝင်ပီ မျိုးမျိုးကလေးနဲ့ သုံး ဆောင်တော်မူပါ။ အင့်–အင့်၊ ပိုင်အရက်ကလေး မြည်းလိုက်စမ်းပါ။ လေးလေးဖြင့်ခေ၊ အိပ် ပျော်ထာဘဲ။

နှောင်း။ ဧခြာ်–ဒိဒိလေး ပျော်သလေး။ နောင်ကို ဇီလက် ပျော်ရပါစေ့မယ်။ ပေါ–ကြည့်၊ (ဆိုကာ ပိုင်ကလပ်နှင့် အပြည့် ထည့်ထားသော အရက်ကို မော့ချလိုက်စေ)။

ဆင်။ ကိုင်း–အငြိမ့်ဆရာများကဖြင့် တေးခံနေပြီ။ အဒွေ တော်တို့ လေးလေးတို့က နား တစ်တော်မူကြပါဦး–(ဟု ဆိုကာ အရက်ကိုငှဲ့၍ သောက်လိုက်လေ၏။ ဦးရွှေနှောင်းမှာလည်း ဝန် ကတော်ကျ ခင်ခင်လေးက ငှဲ့ပေးတိုင်း သောက်လိုက် စားလိုက်နှင့် ထစ်မူး၍ နေလေသတည်း။ အငြိမ့် ဆရာများကလည်း အောက်ပါ တေးထပ်ကို သီဆို၍ တီးမှုတ်ကြစေ)။

ညီ လှတဲ့ ကနုတ်နန်းမှာဖြင့်
အသက်သာမ်း တိုတယ်၊
မပျက်မှုန်း မျိုးလွယ်အောင်
အိုး–ထကာယ် သောက်စား၊
ဖယ်ရွက်ကလေး အသာ ကိုင်ရှင်
ကမ္ဘာ ပိုင်–နှင်းမှဲ့ ယောကျ်ား။
သောက်လိုက်တိုင်း ရှုရွှင်တယ်
စမ္ပူကွင်း ဝံ့ရှား၊
မလု ချည့် မဖန်ခါးပါလု
ကြီ သကြား ဆေးရေ။
ယာဉ်းအောင် သဂီ အဆင်းလိုပ
ထိန် ကြည့် ဝင်း–ဝင်းထွိုသား။
မြိုင်းစမ်းပ မဟာဆေးရယ်
ဗျာပါစေ အတုန် ပျောက်ပါဖို့။

သျှိကတောက် အတိုးတန်
ဝေသာလ နိဗ္ဗာန်။
ခင်လေးတို့ မေတ္တာ သန့်အောင်
ရှစ်ခါခြွန် မှုးပယ်ပလေး—။

ထား။ နှောင်းနှောင်းရဲ့၊ အဲဒီ တယ်ကောင်းပါကလား။ ထားထားဖြင့် ဒီလိုအသံမျိုးကို အရှမှာတဲ့ ကြားဘူးတော့ဘူးပါတဲ့။

နှောင်း။ ဟုတ်ပါရဲ့၊ လွှမ်းစရာ ကောင်းတယ် နော်။

ထား။ အမယ်၊ နှောင်းနှောင်းက ထားထား ထီးမွှား၊နှန်းမွှား ထက်တောင် ဂီတ ရသကို ပိုပြီး နားလည်ပါကလား။

ဆင်။ ထားထားကလဲ၊အဆွေတော်ကို ဘယ်လိုများ သဘောထားနေတော်မူနေလို့လဲ။

နှောင်း။ ဒို—အဆွေတော်ကလဲ၊ မိမိလေးရဲ့ သဘောထားကို မေးနေရဦးမှာလား။ နှောင်းက သဘောထားသလို မိမိလေးကလဲ အတူ အမြဲ ထားမှာပေါ့၊ အဆွေတော်ရဲ့။

ထား။ အမယ်လေး၊ နှောင်းနှောင်းလေ၊နှောင်းနှောင်းက အင်မတန် စကားတတ်တာကိုး။

ဆင်။ အမယ်၊ နှောင်းနှောင်းရဲ့ အကြောင်းကို ထားထား သေသေချာချာ မသိသေးဘူး ထင်တယ်။

နှောင်း။ ဒို—ထားထားက သိချင်တယ်ဆိုရင် သိရပါစေမယ်၊ စိတ်ချတော်မူပါ။

ထား။ ဖြေးဖြေးပေါ့၊နှောင်းနှောင်းရယ်၊ အရင်လိုတော်မူပါနဲ့။

ဆင်။ ထားထား ဟာလေ၊ အဆွေတော်ရဲ့ အကြောင်းကို ကောင်းကောင်း မသိသေးလို့၊ အဆွေတော်ဟာ စကား အပြောအဆိုမှာ ဇာတ်နိတ်ကျွဲကျော်နဲ့ ပြည့်စုံတာကလား၊ထားထားရဲ့၊အလို......ထားထားရဲ့၊ ကြည့်တော်မူစမ်းပါဦး။ ထားထားရဲ့ လက်ကလေးများနဲ့ ထိတော်မူတဲ့ ဟင်း မှန်သင်္ချိုကို အဆွေတော်ကြီး အရှင် သုံးဆောင်တော်မူနေပါပေါ့လား။

ထား။ အို—ဟုတ်သားဘဲ၊ ထားထား ပျော်လိုက်တာနော်။

နှောင်း။ အို—ဓါက ဘာဟုတ်သေးလဲ၊ နောင်ကို၊ ထားထား၊ ဖို့ထက်တောင်......။

(ဓါခါ ထွက်လာစေ)။

ဓါ၊ ဆဲလာတော့၊ ဆဲတော့၊ ကောင်းကြပါပေရဲ့၊ ပျော်ကြပါပေရဲ့။ ပေ့—မောင်ရှင်နှောင်း၊ မောင်မင်း တယ်တော်တယ်။ ဟင်း၊ ကျုပ် ကိုတော့ မောင်မင်းရဲ့ နှမ်းဖမြိမ်ကို သွားပြီး အသည်းခိုင်းတယ်။ မောင်မင်း တယ်တော်တဲ့ ယောက်ျားပါလား။ ကြည့်စမ်း၊ ဒီဘက် မှာလဲ ဆိုင်းတွေ ဗုံတွေနဲ့၊ ဒီမှာလဲ ပွဲတော်ရုပ်ကြီး ခင်းလို့၊ မောင် မင်းမှာ ပျော်လို့ပေါ့သေး၊ တော်ပေတာယ်ကွယ်၊ ကျုပ်မရှိတုံး မိန်းမ ဗျာလွာကလေးတွေကို ထမင်း ခေါ်ကျွေး၊ ဆိုင်းတွေ ဗုံတွေတီး၊ မောင် မင်း ဒီလိုတဲ ပိုက်ဆံ ဖြုန်းတီးနေတာပေါ့သေး။ တော်ပေ့ကွယ်၊ တော် ပါပေ့။

ဆင်။ အလို—သူဌေးကတော်ဘဲ့နဲ့ ပြောလိုက်တာလဲ။ ပွဲတော် ရုပ်တွေ၊ အတီးအမှုတ်၊ အက အခုန်တွေ အတွက် ဖြုန်းတဲ့ ငွေတွေ ဟာ ခင်ဗျားတို့ရဲ့ ပစ္စည်းမဟုတ်ဘူး။ ကျုပ်ပစ္စည်းတွေဗျ၊ ကျုပ် ပစ္စည်းတွေ။ သူဌေးကတော် စဉ်းစားပြီး ပြောပါ။ ကျုပ်က သူဌေး ကတော်ရဲ့ အိမ်ခန်းကိုသာ အသုံးပြုမိတာပါ။ အခုလို ဓေါက်ကားတာ ဟာ မတော်ပါဘူး။

နှောင်း။ သယ်—ဟဲ့ မယ်ခါ၊ နင် ထယ်မိုက်ပါလား။ မင်းမှန်း မသိ၊ ဗိုလ်မှန်း မသိ။ ဒီဟာက မြို့စားမင်း၊ ဒီဟာက မှန်နန်းတော်ကြီး က ရွှေထီးဆောင်းတော်မူရတဲ့ ထားထားပဲ့၊ ထိမိုလား။ မိုက်ပါဘိ မယ်ခါရယ်။ ထားထားတို့၊ မြို့စားမင်းတို့ကိုတောင် ကျေးဇူးတင်ရို ကောင်းသေးတယ်၊ ဘာကယ်ဆိုရင် သူတို့အတွက်နဲ့ အိမ်မှာ ဘဲ့က သောက် မင်္ဂလာ ကြက်သရေရှိသွားသလဲ၊ ထမင်းအတွက်၊ အပြင် အတွက် ကုန်တဲ့ ငွေတွေဟာ အဆွေတော်ရဲ့ ငွေတွေပဲ့၊ မယ်ခါရဲ့။

ခါ။ အို–မင်းသားသော့ကြွက်သခေရသော မောင်က ထက်မနေ ပါနဲ့။မယ်ခါက အကုန် သိပြီးသားပါ။

ဆင်။ မဟုတ်ပါဘူး။သူဌေးကတော်ရဲ့မျက်စိများ ပွတ်သတ် ပြီး ကြည့်စမ်းပါဦး။

ခါ။ အို–မျက်စိကို ပွတ်သတ်ပြီး ကြည့်ဖို့ မလိုပါဘူး။ကျုပ် မျက်စိဟာ အကောင်းပါ။ မောင်ရှင်တို့ ဘယ်လောက် ခင်နေတယ် ဆိုတာကို အကွင်းအကွင်း မြင်ပြီးပါ။ မောင်ရှင်ဟာ ကျုပ်ခင်ပွန်း သည်ကို ထော့ထောပြီး ဖျက်ဆီးတာ များလှပါပြီ။ ဒီဘဲကောင်၊ မှန်နန်း တော်ကြီးက အမျိုးတော် ဆိုရင်လဲ မှန်နန်းတော်ကြီးမှာသာ သခင်ခါး ခြေဆုံးခေါင်းဆုံး လိမ်းပြီး၊ ငေးငေးချမ်းချမ်း နေနိုင်ပါတယ်။ ကျုပ် ခင်ပွန်းသည်ကို ထောပြီး မြူဆော် မနေပါနဲ့။ ကြွတော်မူကြပါ။ ဘဲနဲ့ ဆောင်းကျုပ်တို့ ငြိမ်းချမ်းသာနဲ့ နေပရစေ ဆိုတာ တောင်းပန်ပါ တယ်။

ထား။ အလို–ဘုရား၊ ခေါ်လိုက်ပါဘိ၊ မောင်ခမောင်ဟာ ထားထားကို ခေါ် ပြီး၊ အရက် ခွဲသောက်ပါသော။ ထားထားဖြင့် သေ လိုက်ချင်တော့တာပဲ။ မိမိနီးမကြီးကလဲ နှုတ်သီး တောင်းလှပါက ထားထားထား မနေဘူး။ထားထား ပြန်မယ်ဟု ပြောကာ (ထသွား စေ)။

ဆင်။ ထားထားရဲ့၊ဘယ်ကို ကြွတော်မူမလို့လဲ။ နေပါဦးဟု ဆိုကာ (နောက်က လိုက်သွားစေ)။

နှောင်း။ ထားထား၊ဘယ်ကို ကြွတော်မူမလို့လဲ။ အဆွေတော် ကသဲ ချော့ပြီး တောင်းပန်ပေးပါဦး၊အဆွေတော်ရဲ့။

(ဝန်ကထောက်ကျ ခင်ခင်ထား ထသွားရာ မောင်မောင်ဆင်က နောက်က လိုက်၍ သွားစေ၊ ဦးရွှေနှောင်းနှင့် မယ်ခါတို့သာ ကျန် ရစ်ခဲ့စေ)။

နှောင်း။ ဟော့၊မယ်ခါ၊ မယ်မင်း ထောင်ထောင်ကျပြီး ဘဲ့ မိန်းမ၊ ငါ့ကို ဗိုလ်ပုံ့အလယ်မှာ အရှက်တကွဲ့ အကျိုးနဲ့အောင် လုပ်တယ်။

ဂုဏ်နဲ့၊ အခ ဟခုနဲ့ လူတွေကိုလဲ ဆိုင်ဆပါက ကောင်းမှာတယ်။ မယ်မင်း ဘယ် ရှာနေပါကသလား၊ ကိုင်း–ထိုကြိုးရော။

ဒါ။ ခေါင်မင့် ဂုဏ်တွေ အသေနေရေတွေကို စကားထဲ ထည့်ပြောပြဘင်းနဲ့။

နှောင်း။ ဟယ်၊ အစကထဲက ဗိုလ်ချုပ်တွေနဲ့ နားချင်း မှန်အောင် ပေါက်လိုက်ပြီဆိုရင် အကောင်းသား။

ဒေါ်။ အောင်မယ်၊ မောင်မင်း–သဘွက်ရှိရင် ပေါက်စမ်းပေ။ ပေ့–မောင်ရင်နှောင်း၊ ငါ့ကို ဘိုးအဘ ဗိုင်းမစား မှတ်ထိုလား။ မောင်မင်း–အငယ်အနှောင်း လိုချင်နေတာကို မသိဘူးထို့များ ထင်နေသလား။ ယယ်ခါတဲ့၊ ငွေမိခဲ့ နေအောင် ဥစ္စာလတ်လိုက်မယ်။ သိရဲ့လား။

နှောင်း။ တယ်၊ ငါအရ စိတ်ပြေသွားဖို့သာ၊ နို့မဟုတ်ရင် မယ်မင်း–ရူး ဖြစ်သွားရော့မယ်။လား–လား။

တခန်းရပ်။

## ဇာတ်ကွက်–၂။

(အရောက်ဖြင့် ဝိုးမူး၍ နေသော ဦးရွှေနှောင်း တခေါက်တည်း ထွက်လာ၍ ညီးညူရမည်မှာ၊)

နှောင်း။ ပြောင်……လားလား၊ လေးလား။ ကံဆိုးမကလေး၊ မောင်ကြီး ပြောခဲ့ စကားကိုတောင် နားထောင် တင်မသွားရှာဘူး။ ကြည့်စမ်းပါဦးဗျာ၊ ကျောင်းနှုတ်ခမ်းမှာ သူရှာသတိနှုတ်ဆွဲ ပေါင့်နေတာသလားဗျ၊ ဒါကြောင့်မို့၊ ဦးကနေ့ ကျောင်-ထိပ်ကြီး အသေခွန်း ရှင်တာဘဲ၊ ကိုယ်လိုချင်တဲ့ စကားကိုများ ပြောလိုက်ရရင်၊ လားလား ဟာ တခါထဲ မသိမ်းတဲ့ ပိမ်းလိုက်လာရော။ အခြင်ဘာကြ ဘာသူလဲပေ့။ သူပေါက်မသားတွေ ငါ့ရှိမှန်း မသိဘူးလား။

(အဘိုးအိုအသွင် ပြင်ဆင်ထားသော မောင်ဆောင်း ထွက်လာသည်။)

ဆောင်း။ ကြည့်ပ် သူ့ရွှေးမင်းလေး၊မောင်-ဦးကြီးကို မှတ်မိတော့ဘူး ထင်တယ်။

နှောင်း။ ဘာလဲ၊ဟင့်အင်း–မသိဘူး။

ဆောင်း။ ကြည့်.....ဟုတ်တယ်၊ ဟုတ်တယ်။ မောင်ကလေး ဦးကြီးကို ဘာမှတ်မိစရာလဲ။အင်း......ဟိုတုန်းက မောင်ဟာ ငယ်ငယ် ရှိသေးတာကိုး။ ဦးကြီးကတော့-မောင့်ကို မှတ်မိပါသေးရဲ့။

နှောင်း။ ဘာလဲ၊မသိဘူးဆိုရင် မသိဘူး။

ဆောင်း။ အေးလေကွယ်၊ မောင်က ငယ်ငယ်ရှိသေးတာကိုး။ အမယ်၊ မောင်ဟာ ငယ်ငယ်တုန်းကများ ဝဝ တုတ်တုတ် ဖြူဖြူဖွေး ဖွေးကြီးတဲ့။နန်းတော်ထဲက အပျိုတော်ကလေးတွေ ဆိုတာ မောင့်ကို ပွေ့လိုက်၊ဖက်လိုက်၊နမ်းလိုက်နဲ့၊လက်ပေါ်ကတောင် မချကြဘူး၊ မောင့်ကို အင်မတန် ယုယကြတာကိုး။

နှောင်း။ ကျွန်တော့ကို အပျိုတော်ကလေးတွေက ဖိုင်းဖိုင်းပြီး နမ်းကြတယ်၊ဟုတ်စ။ဟား–ဟား–ဟား–ဟား။

ဆောင်း။ အေးလေ၊မောင်ကလဲ ငယ်ငယ်တုန်းက တယ် ချစ်စရာကောင်းသကိုးကွဲ့။ ဦးကြီးက တခြားလူ မဟုတ်ပါဘူး၊ မောင့် ဘခင်၊ဝန်မင်းရဲ့ မိတ်ဆွေကြီးပေါ့။

နှောင်း။ အလို၊ကျွန်တော့အဖေဟာ ဝန်မင်းလား။

ဆောင်း။ ဒို–ဝန်မင်း အစစ်ပေါ့၊ ပုတိန်းမင်းသား သူပုန်ထ ထိုးတော် မောင့်ဘခင်ဟာ အစီးအနင်း၊အဆောင်အရွက်နဲ့ ထွက်တော်မူပြီး သူပုန်များကို နှိမ်နင်းလိုက်ရသေးတယ်။

နှောင်း။ ဟုတ်ပါ့မလား ဦးကြီးရဲ့။

ဆောင်း။ ဟယ်...... တောက်တီး၊ တောက်တဲ့၊ မဟုတ်ဘဲ ဦးကြီးက ပြောပါ့မလား။

နှောင်း။ ကျွန်တော့ ဖေဖေဘုရားဟာ ဝန်မင်းနော်၊ဟုတ်စ။

ဆောင်း။ အေးပါဟ၊ မောင်ရဲ့။

နှောင်း။ မဟုတ်ပါဘူးဦးကြီးဟာ၊ ကျွန်တော့ ဖေဖေဘုရားကို တကယ် ဆိုလိုသလား။

ဆောင်း။ ဪ်……ခက်လိုက်ပါဘိ၊ မောင်ရင့်နှယ်၊ မောင့် ဖေဖေဘုရားနဲ့ ဦးကြီးနဲ့ ဆိုတာဟာ ဥယျာဉ်တော်မှာ ကစားဘက်တွေ။

နှောင်း။ ကျွန်တော့ ဖေဖေဘုရားဟာ ဝန်မင်းနော်။

ဆောင်း။ အဟုတ်ပေါ့။

နှောင်း။ တောက်—ခေတ္တာကြီးများ၊ ဘယ် မနာလို့ ဝန်တိုတဲ့ သူတွေ ပေါ်တာကိုး။ တဲ့နဲ့ ခေတ္တာကြီးလဲ့လို့ မပြောတတ်ပါဘူး။

ဆောင်း။ အလို၊ ဘယ်လိုများ ဖြစ်နေရှိလဲ-မောင်ရဲ့။

နှောင်း။ ဟာ၊ မပြောချင်ပါဘူးဗျာ။ သူတို့က ကျွန်တော့ ဖေဖေဘုရားကို ဆီကုန်သည်လို့ ပြောကြတယ်ဗျ။ ဒီလူတွေဟာ အရူးတွေ။ ဘာမှ အသုံးကျတဲ့ လူတွေ မဟုတ်ဘူး။

ဆောင်း။ ဟော—ဆီကုန်သည်လို့ ပြောကြသလား။ တောက် ဟီးတောက်တဲ့ကွယ်။ သက်သက် ယုတ်မာတဲ့ လူတွေပဲ။ မောင့် ဘခင်ဟာ ဝန်မင်းအစစ်ကွဲ့၊ အေး … တရုတ်တော့ ရှိရဲ့။ မောင့်ဖေဖေဘုရားက တခြား ဝန်မင်းတွေလို ပျင်းကြ ထိုင်တတ်တဲ့ ဝန်မင်း မဟုတ်ခဲ့တော့ အားလပ်တဲ့ အခါများမှာ၊ နွားမွေးနည်း၊ နှမ်း စိုက်နည်း၊ မြေပဲ စိုက်နည်း၊ ဆီဆုံတည်နည်း အတတ်ပညာများကို ရုံစမ်းလေ့လာတတ်တယ်။ သူ့အိမ်မှာ ဆီရှင်လဲ၊ ကောင်းရော့ ဆိုတဲ့ ဆီကိုမှ သုံးတယ်။ မြန်နန်းတော်ကြီးမှာ စားသုံးကြတဲ့ ဆီဟာ၊ မောင့်ဖေဖေဘုရားထံကမှ တဆင့် ယူကြတာကလေး မောင်ရဲ့။ ဒါကြောင့်မို့ မနာလိုတဲ့ လူတွေက ဆီကုန်သည်လေး-ဘာလေး ပြောကြတာ၊ ထို့ — နှဲ့ရော့။

နှောင်း။ ဟုတ်ပါ့ဗျာ၊ ယုတ်မာတဲ့ လူတွေပဲ။ ကျွန်တော့ကို သက်သက် မနာလိုလို့ ပြောတာ၊ ဦးကြီးနဲ့ တွေ့ရတာ ကျွန်တော် သိပ် ဝမ်းသာတာဗျာ။ ကျွန်တော့ ဖေဖေဘုရားဟာ ဝန်မင်းနော်၊ ဟုတ်စ။

ဆောင်း။ အို—မောင်ရင်နှမယ်၊ ဗိုလ်ပုံ အလယ်မှာ ရဲရဲကြီး သစ္စာဆိုခဲ့တာပေါ့။

နှောင်း။ ဧရေးဖုးတင်လိုက်တာ၊ ဦးကြီးရယ်။ ဟဲဟဲ-ဦးကြီး ကျွန်တော့ဆီကို လာတာဟာ၊ ဘာကိစ္စများ ရှိလို့လဲ။

ဆောင်း။ ဒီလိုပါ၊ ဦးကြီးက အစကာ စပြီး အစီရင်ခံပါ့မယ်။ ဦးကြီးဟာ မောင့်မေမေတို့ရွာဝန်မင်း အနှံ့ ရောက်ပြီးတို့ များ မကြာသေးဘဲ သိဟိုဠ်ကျွန်း၊ အိန္ဒိယနိုင်ငံ,မနူမာဘသာတို့၊ ထိုးဆောင်း လူမျိုးများ နေထိုင်ကြတဲ့ ဥရောပနိုင်ငံ,ပီထဝင်တို့၊ ပြင်သစ်တို့၊ အီတလျံတို့၊ မိန့်ရွှေဂျွာဟလရောဇ့်,တရုတ်ပြည်တို့၊ ပေတနုကတိုင်း, ယိုဒယားပြည်တို့၊ အို......ရှုန်ကုန် ပြောလိုက်မယေ၊ ကမ္ဘာလုံး ကိုဘဲ ဆိုပါတော့ အလည်အပတ် ဆိုသလို ဂျည်လည်,နေထိုင်ခဲ့ တာကိုးမောင်ရဲ့။

နှောင်း။ အို—ကမ္ဘာလုံး ဆိုတော့၊ ဇမ္ဗူဒီပါသကြာတော်ဝင် ကျွန်းလို ဆိုရမှာပေါ့နော်။

ဆောင်း။ ဒါပေါ့။

နှောင်း။ အင်း-တယ်လဲ ယုဇနာသအပြောကျယ်မဲ့ ကျွန်းကြီး ဖြစ်မှာဘဲနော်။

ဆောင်း။ အို—ကျယ်ပေါ့၊ ဆဲဒီလို-ကမ္ဘာတဝှမ်းလုံးကို ဂျည် လည်ခဲ့ပြီးတို့ ထရ မနူလေးနေပြည်တော်ကို ပြန်ပြီး ရောက်လာ တာ လေး,ငါးရက်လောက် ရှိသေးတယ်။ ဒီလိုပါမောင်၊ ဦးကြီး ထရ အစီရင်ခံချင်တာက၊ မောင့်မေမေတို့ရွာ ဝန်မင်းနဲ့ ဦးကြီးနဲ့ ကတော့၊ အင်မတန် ချစ်ခင်,မြတ်နိုးကြတဲ့ အဆွေတော်ကြီးများ ဖြစ်ခဲ့ကြတော့၊ မောင့်ကို မြင်ရင် မြင်ချင်းဘဲ ခင်မင်မိတယ်။ ဒီ တော့၊ မောင့်အတွက် ဦးကြီးမှာ သတင်းကောင်း,လက်ဆောင်များ ပါလာတယ်။

နှောင်း။ အလို၊ ဘာများပါလိမ့်-ဦးကြီးရယ်။

ဆောင်။ မောင်၊ မဟာနကတိုင်း၊ ယိုးဒယားပြည်က မဟာဥပရာဇ်မင်းသားကလေးတပါး နေပြည်တော်ကို ကြွရောက်တော်မူလာတာများ မကြားမိဘူးလား။

နွှောင်။ ဟင့်အင်း—မကြားမိဘူး။

ဆောင်။ (ရင်ဘတ်ကို တီးခေါက်ကာ၊) ဖြစ်မှ ဖြစ်ရလေ၊ မောင်ရယ်၊ "စကြာဟသည်ပျံ" ဆိုတဲ့ မီးသင်္ဘောကြီးနဲ့ ကြွလာတော်မူလိုက်တာ အင်မတန်မှ ခမ်းနားတာကလား။ ဗိုင်းပြီး ဖြိုးဆို လိုက်ကြတာ ကမ်းကို ဘွတ်နေတာဘဲ။ အို....ရဲမြေတော်တွေ ကလဲ များကဲ များပါဘိသနဲ့။ အခမ်းအကျင်း၊ အဆောင်အရွက်တွေ ကလဲ စုံလို့။

နွှောင်။ ကျွန်တော့နှယ်ဗျာ၊ ကံဆိုးလိုက်တာ။ ပွဲတော်ကြီးကို သေသေချာချာ လွဲတာဘဲ။

ဆောင်။ ဒါက ကိစ္စမရှိဘူး။ မောင်မှာ အခု စန်းပွင့်နေမှန်း မသိ ပွင့်နေတယ်။ ဆဲဗိ-မဟာဥပရာဇ်မင်းသားကလေးဟာ မောင့် ထွီးကို မြင်လိုက်မိလို့၊ အင်မတန်မှ ရုံမက်ဖြတ်နိုးတော်မူနေတယ်။

နွှောင်။ အလို—ဥပရာဇ်မင်းသားကလေးက၊

ဆောင်။ ဟုတ်တယ်၊ မင်းသားကလေးက မောင့်ထွီးချောကို ပန်းတုံးတိုင်၊ ရာဇမတ် ကာပြီး၊ မဟာဒေဗီကလေး မြှောက်စားတော်မူချင်လို့တဲ့။

နွှောင်။ အို—ဒါဖြင့်၊ ကျွန်တော်ဟာ ရှင်ဘုရင် မယားကျွမ ဖြစ်ရုံးတော့မှာပေါ့။

ဆောင်။ ဒါပေါ့၊ ဦးကြီးက သူတို့ ဘာသာစကားကို နားလည် တော့၊ ချက်ချင်းဘဲ မင်းသားကလေးထံ အခစားဝင်ပြီး စကား ပြောတယ်။ မင်းသားကလေးကလဲ အင်မတန်မှ ဝမ်းမြောက်တော် မူပြီး၊ ဦးကြီးကို တိုးတိုးကလေး "နွှမ်း နွှမ်းဖော်နွှန်တီ၊ ခွေ့ငန်း" ဆို မေးလိုက်တယ်။ မြန်မာလို အဓိပ္ပါယ် ပြန်လိုက်တော့၊ "နွှောင်းနွှောင်း ဆိုတဲ့ လူရဲ့ ထွီးကညာကလေးဟာ၊ အင်မတန်မှ ပဉ္စကျေး၊ ထိမ်မြွေ၊ ရှုပ၊ ထင့်တယ်ပါကလားတဲ့။"

နှောင်း။ အလို၊မင်းသားကလေးက ကျွန်တော့နံမယ်ကို သိ ထိုလား။

ဆောင်း။ အို–သိမှာပေါ့။ မောင်ကလဲ အညာကြွ,အနှိပ်ထေထေ အဖေးထဲကမှ မဟုတ်ဘဲ။ ဆဲ,ဆဲ၊မင်းသားကလေးက အရှင့်ကို မေး လိုက်တော့၊ဦးကြီးကလဲ မှန်ရာပါ၊ကောင်းမြတ်သော အဆင်းအင်္ဂါ နဲ့ ပြည့်စုံပါတယ်။ ကျွန်တော်မျိုးလဲ ဦးနှောင်းဆိုတဲ့ ရုဋ္ဌိလ်ကြီး ကို ကောင်းကောင်း သိပါတယ်လို့ လျှောက်တင်လိုက်တာကိုး။ ဒီ တော့ မင်းသားကလေးက ထင်ပြီး "ချွန်မရွှမ်းလောက်ခွမ်း"လို့ မြွှာမြွန်တယ်။အဓိပ္ပါယ်က "ကျွန်ုပ်မှာဖြင့် ထိုထိုးကညာကလေး ကို အင်မတန်မှ မြတ်နိုးတော်မူနေပါပြီ"တဲ့။

နှောင်း။ ဧကြွင်–"ချွန်မရွှမ်းလောက်ခွမ်း" ဆိုတဲ့ စကား ဟာ "ကျွန်ုပ်မှာဖြင့် ထိုထိုးကညာကလေးကို အင်မတန်မှ မြတ်နိုး တော်မူနေပါပြီ"တဲ့လား။

ဆောင်း။ ဟုတ်တယ်။

နှောင်း။ ကျေးဇူး ကြီးလှပါပေသေျး။ ဦးကြီးက အဓိပ္ပါယ် ထင်းမှဘဲ၊ရှင်းတော့တာဘဲ။တယ်လဲ ထည်ကျေး,အိမ်မြေတဲ့ စကား ပေဘဲနော်။

ဆောင်း။ အို–အင်မတန် အိမ်မြေတာကသား။ ဒီစကားဟာ ထီးသုံး,နန်းသုံးစကားဗျ။ အနို "ချိုဖစ်ခွန်ပြီး"ဆိုတာကို သိရဲ့လား။

နှောင်း။ "ချိုဖစ်ခွန်ပြီး"ဟောင့်အင်းမသိပါဘူး။

ဆောင်း။ ၎င်းဒါက "မောင်မောင် အသက်ကယ်"လို့ ဆို တယ်။

နှောင်း။ ဧကြွင်– "ချိုဖစ်ခွန်ပြီး"ဆိုတာဟာ "မောင်မောင့် အသက်ကယ်"လို့ ဆိုသတဲ့လား။

ဆောင်း။ ဒါပေါ့။

နှောင်း။ တယ် ကောင်းသများ၊ တယ်ကောင်း၊ တယ်ကောင်း။ "မျိုးစဉ်ခွန်ပြီး"၊ "မောင်မောင့် အသက်ကယ်"။ တောက်-ငါ့မယ် ဘယ်သောသူများ ဒီလိုစကားမျိုးကို ပြောရပါ့မလဲနော်။

ဆောင်း။ ကိုင်း-ကိုင်း၊ ဦးကြီး ထောရတဲ့ အကြောင်းကိစ္စကလေးကို ဆက်ကြရအုံးမှ ရှိရဲ့၊ ဒီလိုရှိတယ်၊ မောင်ရဲ့၊ ဆဲဒီ မင်းသားကလေးဟာ မောင့်ဘိုးကို မြတ်နိုး၊ ရုံးကပ်တော်မူတို့၊ မဟာဒေဝီ ပြောက်စားပြီး၊ ထော်ဂျာထား စံစားတော်မူချင်တဲ့ အတွက်၊ ယခု ဦးကြီးက မောင့်ဝင်ကို ထော်ပြီး သံတော်ဆင့်ရတာပါတဲ့၊ အမှိုပြီး၊ မောင်တို့မှာလဲ၊ အင်း...... ဇာတိမျိုးဖြိုးအားဖြင့် မြတ်သော ခတ္တိယ အနွယ်မှ ဆင်းသက်၍ ရာဇညဂုဏ်ဟန် ရှိမှန်း ထိတဲ့အတွက် မောင့်ကိုလဲ "မဟာရချာ" ဆိုတဲ့ ရာထူးကြီးကို အပ်နှင်းတော်မူမယ်တဲ့။

နှောင်း။ ဒို-"မဟာရချာ"တဲ့လား။

ဆောင်း။ ဟုတ်တယ်၊ "မဟာရချာ"ဆိုတဲ့ ရာထူးကို အပ်နှင်းတော်မူမယ်တဲ့။ ဆဲဒီရာထူးကြီးက မြန်မာလို ဆိုတော့ မင်းကြီး မဟာသက်တော်ရှည် ဆိုပါတော့။ ဒီရာထူးမျိုးဟာ အကြီးဆုံး၊ အမြတ်ဆုံး ထိပ်ခေါင်တင်ရာထူးကြီးပေါ့။

နှောင်း။ တယ် တော်ပေသများ။ ကျွန်တော့ သမက်တော် ဆောင်းကလေးဟာ တယ် ထီးမှာရေးပြား ရှိတော်မူတယ်။ မိမှန်း၊ ဘမှန်း သိရှာတော်မူပေသများနော်။ ကျွန်တော် ရှေ့တော်ကို ဝင်ပြီး ခစားချင်စမ်းပါဘိတော့များ၊ ဟုတ်စ။

ဆောင်း။ ဒို- မောင်က သွားရောက်ပြီး ခစားတို့တောင် မလိုပါဘူး။ မင်းကလေး၊ ကိုယ်ဝင်တော်တိုင် ကြွလာတော်မူပါလိမ့်မယ်။

နှောင်း။ ဒီကို ကြွလာတော်မူမယ်တဲ့လား။

ဆောင်း။ ဟုတ်တယ်။ မောင့်ကို မဟာသက်တော်ရှည်ရာထူး အပ်နှင်းဘို့ပါ။ အခြွေအရံ၊ အစီးအနင်း၊ အဆောင်အရွက်နှင့်တကွ ကြွလာတော်မူပါလိမ့်မယ်။

နှောင်း။ အို-ဘယ်လဲ အချင်လိုတော်မူပါလေသလား။
ဆောင်း။ မောင်ကသော အရင်လိုရှေ၊ ရှုခမြာ မင်းသားက ဝေးမှာ မောင့်ကြိုးအတွက် လွမ်းဆွတ်တဲ့ ဝေဒနာကို ခံစားနေရ သဟာ အမုံးအမေယ် ဓါယရေ့အောင်မရ ဖြစ်နေပြီ ဆိုဘဲ။
နှောင်း။ နေရှိုးဗျု၊နေရှိုးဗျု၊ ခက်နေတာတခု ရှိတယ်၊ ကျွန် တော့ကြိုးက နှံ့ ခေါင်းမချင်တယ်၊သူက ပဲ့ပန်းရွှာ ဆိုတဲ့ ပဲမွှား အကောင်ကို မျက်မိကျနေတယ်။ ဒီအကောင်နဲ့မှ မပေးစားချင် သူ အမျိုကြီးဘဲနဲ့ဘဲ အခုဲ့ထုတ်ဘေ့ဘူးမယ်တဲ့အဲဒါက ခက်နေသယ်၊
ဆောင်း။ အို-ဒါလောက်ဟာများ ဘာခက်သလဲ၊ မောင့်ကြိုး က မဟာဥ္ဇပရာဇ်မင်းသားကလေးကို ဖူးတွေ့ရချင် ချက်ချင်း စိတ် ပြောင်းသွားမှာပါ၊နောက်ပြီးတော့ မင်းသားလေးက ပန်းရွှာ ဆိုတဲ့ အကောင်နဲ့ အင်မတန် တူတယ်။ ဒီတော့ မောင့်ကြိုး စိတ်ပြောင်း လွယ်ပါလိမ့်မယ်၊ ဒီအတွက်တော့ မပူပါနဲ့၊ ဟော- မင်းကလေး တောင် ကြွလာတော်မူပါလကောသလား။

—ၜ—

# ခန်းကွက်—၃၊

(ပျိုးဗသာမဟာဥ္ဇပရာဇ်အလွှင် ဆောင်တားသော မောင်ပန်း ရွှာနှင့်တကွ နောက်ပါ လက်ပါးစေသုံးယောက်တို့ ထွက်လာစေ)။
မောင်ပန်းရွှာ၊ ယူရွှာနေတ်ကာပ် ဒေါက်ကလေး နှမ်းနှမ်း။
ဆောင်း။ (ဦးရှူးနှောင်းသက်ထို့ ဖုညွှတ်၍)။ မင်းကလေးက မောင့်ကို နှုတ်ခွန်း ဆက်သတော်မူတယ်၊ "နှောင်းနှောင်းဟာ ပွင့် သစ်ညွှန့်ပန်း၊နှင်းဆီပန်းကဲ့သို့၊ ကိုယ်၊စိတ်နှစ်ဖြာ ချမ်းသာတော်မူ ပါသလား"တဲ့၊ ဆဲဒီလို နှုတ်ခွန်းဆက်သခြင်းဟာ သူတို့ နိုင်ငံမှာ မြတ်နိုး၊ရှိသေအပ်တဲ့ မှူကြိုလ်များကိုသာ နှုတ်ခွန်းဆက်သတဲ့ စ ကားမျိုးဗျ။

နှောင်း။ (လက်အုပ်ချီလျက်) မှန်လှပါ၊ မင်းကလေးရဲ့ ဖွဲ့ဘုန်း တော်ရိပ်ကို ခိုလှုံမီပါသဖြင့် ကိုယ်စိတ် နှစ်ဖြာ ချမ်းသာပါတယ် ဘုရား၊ ကဲ-ကဲ၊ ဖြန့်ပြီး လျှောက်တင်လိုက်စမ်းပါဦး။

ဆောင်း။ တေသင်ကရော တွယ်စပွဲခါ၊ ပေသနီး။

ပန်း။ နှမ်းနှမ်း၊ မိခွမ်ကရောဟာန်၊ ဂုကွမ်၊ ခေါ်ပိုက်။

ဆောင်း။ ဆဲ့ဒါက "နှောင်းနှောင်းဟာသ၊ သုရိယာ နေဝေါင်းကဲ့ သို့ ရှိရှိန် တည်ကြည်၍၊ ပုန်စန္ဒာ ငွေလမင်းကဲ့သို့ အေးမြ ကြည်လင် ပြီးလျှင် ဦး မဟာပထဝီမြေကြီးကဲ့သို့ ကြီးကျယ်သော ပညာနှင့် လည်း ပြည့်စုံပါစေ" တဲ့ဘု။

နှောင်း။ မှန်လှပါ၊ မင်းကလေး၏ မင်္ဂလာစကားကို ကြားရ ပါသဖြင့် ကျွန်တော်မျိုးမှာ အလွန်တရာမှ ဝမ်းမြောက်လှပါတယ်၊ မင်းကလေးကိုလဲ ကျွန်တော်မျိုးက ဦး ဇွဲ ဖြိုးပါ၊ မြဲမြဲ၀ယ် ဘုန်း တန်း တန်ခိုး တိုးသည်ထက် တိုး၍ စကြာဝဠောမန္ဓာတ်မင်းတို့ကဲ့ သို့ တင့်တယ်သော အသရေကို ဆောင်တော်မူနိုင်ပါစေသို့ ဆုမွန် ကောင်း တောင်းပါတယ်၊ မင်းကလေးဘုရား၊ ကဲ-ကဲ၊ ဦးကြီးက လျှောက်တင်လိုက်စမ်းပါဦး။

ဆောင်း၊ မွမ်းခါ၊ တောင်ကရော ဟိုင်းဟ၊ ခေယိန်။

ပန်း၊ ကြိုက်ဟိုက်သား။

ဆောင်း။ မင်းကလေးက မိန့်တော်မူတယ်၊ အရှ၊ မောင့်ကို သက်တော်ရှည် ရာတူး အင်နှင်းတော်မူလယ်တဲ့၊ ရောက်ပြီးမှ၊ မောင့် ထွီးကို ပေသာခေါ်ရွဲ ဆောက်နှင်း၍ ဘိသိက်ရေစင် သွန်းတော်မူ မယ်တဲ့။

နှောင်း။ အို-ကြိုက်ဟိုက်သား ဆိုတဲ့ စကားဟာ အဓိပ္ပါယ် တယ် များပါလား၊ ဦးကြီးရဲ့။

ဆောင်း။ ဒါပေါ့၊ မင်းကလေးတို့ လူမျိုးခြားတဲ့ စကားဟာ အင်မတန်မှ ယဉ်ကျေး သိမ်မွေ့တယ်၊ စကားပင် နဲနဲသာလဲ အနက် သမွန်လိုက်ရင် အင်မတန် ကျယ်ဝန်း နက်နဲတာကလား၊ ကိုင်း- ကိုင်း၊ မောင်ကလဲ မင်းကလေး အလိုရှိတော်မူတဲ့ အတိုင်း ရှူအာ

လိုတော်ကို ဖြည့်ဖို့ လိုတယ်။မဟာ—မင်းကလေး ကြွတော်မူတော့မယ်။ ဟဲ-ဟဲ၊ လိုက်သွားမယ်ရော့။

(မဟာဥပရာဇာ အသွင် ဆောင်ထားသော မောင်ပန်းရွှာ ဝင်သွားရာ ဦးရွှေနှောင်းလည်း နောက်က ထက်ချပ်မကွာ လိုက်သွားရသည်။ မောင်ဆောင်း တယောက်ထီး ကျန်ခဲ့ရသည်)။

ဆောင်း။ အောင်မယ်လေးဟဲ့၊ နတ်ရူး ဖုံးဆော်ပေးမိရက်သား ဖြစ်နေပါပေါ့လား။ အရပ်ကတို့ရဲ့။ ဟား ..... ဟား — ဟား။ အောင်မယ်လေးရဲ့၊ ဦးရွှေနှောင်းလေ၊ ဘုန်းကြီးရူးနဲ့ ဇော်ရူးနဲ့တော့ တွေ့ကြ ရောပေါ့လေ။

(ဤ အခိုက်တွင် မောင်မောင်ဆင် ဝင်လာရသည်)။

ဆောင်း။ အလို၊ ရှာစားမင်းပါလား။ ဒီနားကို ခဏ ကြွစမ်း ပါဦး။ ကျွန်တော့ကို သဲဆိတ်လောက် ကူညီစမ်း၊ လေသရှား။

မောင်မောင်ဆင်။ အို—မင်း၊ မောင်ဆောင်းမဟုတ်လား၊ ဘာ့နဲ့ ဖြစ်လာတာတုံးကွဲ့။

ဆောင်း။ အောင်မယ်လေး၊ ရှာစားမင်းလေ။ ကျွန်တော်တော့ မပြောချင်တော့ပါဘူး။ ဟား ... ဟား ... ဟား ... ။

ဆင်။ ဘာ့နှာလဲကွဲ့၊ မောင်ဆောင်းရဲ့၊ ရီရှချည်ကလား။

ဆောင်း။ မမေးပါနဲ့တော့၊ ရှာစားမင်း။ ကျွန်တော်တော့ ရီရ ထွန်းထိုး အရှုံးနိုင်နေရတာလေ ကြည့်ပါတော့၊ ဟား .....ဟား..... ဟား ....။

ဆင်။ ဘာ့နှာ ဖြစ်တာတုံးကွ။ မင်းမှာလဲ ခေါင်းပေါင်းပြု ပေါ့ လုံးတော့ နှုတ်ခမ်းမွှေးတွေနဲ့ပါကလား။

ဆောင်း။ အို—ရှာစားမင်း၊ နောက်တော့ အကြောင်းကုံ ဆိုပါ လိမ့်မယ်။မရှူသစ်နဲ့ မောင်ပန်းရွှာတို့ ချောချော မောမောကြီး ညား ဖြစ်အောင် ဦးရွှေနှောင်းကို တပါတ်ရိုက်နေရတယ်။

ဆင်။ ဗြော်—ဒီလိုလား။ ကြိုပါကွာ၊ ကြိုပါ၊ မင်းတို့ အကြံ အစည် အထမြောက်မှာပါဟဲ့။

မောင်။ ဦးရွှေနှောင်းဟာ ဘယ်လိုလူကြီးလဲ ဆိုတာ၊ ရွာသားပေါင်းလဲ အသိသားဘဲ။

ဆင်။ ဒါတွေကို ငါသိပါတယ်ကွာ။ နေစမ်းပါဦးကွ၊ မင်းတို့ တပါတ်ချိုက်ပုံကလေးများကို မသိရဘူးလား။

မောင်။ အသာနေပါဦးဆရာ၊ ပဟာတို့ဟာတွေကို စောင့်ကြည့်ပါဦး၊ နောက်တော့ ကျွန်တော် ပြောပြမယ်။

———

## ဇာတ်ကွက်—၄။

(ဤအခိုက်တွင် ဗြဟ္မာကြီးအသွင် ဝတ်ဆင်ထားသော ရှစ်ယောက်သည် သားမြီးယပ်များကို ကိုင်ကာ နှစ်ယောက်စီတန်း၍ ဝင်လာစေ၊ ၎င်းနောက် သိကြားအသွင် ဝတ်ဆင်သောသူက ခရုသင်းကိုကိုင်၍ ဝင်လာစေ၊ သိကြားနောက်က ပုဏ္ဏား သုံးယောက် ဝင်လာစေ၊ အလယ် ပုဏ္ဏားမှာ သပြေရွက်များကို ကိုင်ထားရမည်၊ ထိုပုဏ္ဏားက "ဇေယျတု" ဟု သုံးကြိမ် ဟစ်ကြွေးလိုက်ပြီး နောက် သိကြားက ခရုသင်းကို မှုတ်လိုက်ရသည်၊ ၎င်းနောက် ပုဏ္ဏား နှစ်ယောက်က တဖန် ဝင်သွားပြီးလျှင် ကတုံးရိတ်ပြီးသား ဦးရွှေနှောင်းကို ဘေး တယောက်နှစ်ချက် ချုပ်၍ ထုတ်လာစေ၊ ၎င်းနောက် သပြေရွက်ကို ကိုင်ထားသော ပုဏ္ဏားကြီး အရှေ့တွင် ဦးရွှေနှောင်း ဒူးထောက်၍ နေစေ)။

ပုဏ္ဏားကြီးသည် ဦးရွှေနှောင်း၏ ခေါင်းတုံးကို ကိုင်၍ ဆိုရမည်မှာ၊

"ဝေါကိုင်၊ ခေါ်ရိုင်၊ ခေါ်ငှက်၊ ခေါ်ရွှန်၊ ခေါ်လခန်၊ ဝေါ်ဝူ၊ ဆော်ရွှန်၊ ဝေါ်ရွှန်ဆောင်ခွေ့၊ နောင်ခွေ့၊ ဆောင်ရှုန်း၊ နောင်ရှုန်း။

(ဤသို့ ရွတ်ဆိုပြီးလျှင် ပုဏ္ဏားကြီးက တဖန်"ဇေယျတု"ဟု သုံးကြိမ် ဟစ်ကြွေးပြန်သတည်း၊ သိကြားမင်းကလည်း သုံးကြိမ် ခရုသင်းကို မှုတ်ပြန်သည်၊ ပုဏ္ဏား နှစ်ယောက်လည်း အခန်းတွင်းသို့ တဖန် ပြန်ဝင်သွားပြီးလျှင် ပုဏ္ဏား သုံးယောက်က ဦးခေါင်းရိတ်

သစ္စာခံ သံခမောက်နှင့် ဓားရှည် တလက်ယူ၍ ထွက်လာရမည်။ အခြား တဦးလာက်က သိုင်းနှင့်ကျိုင်းကိုယူ၍ ထွက်လာရမည်။ ၎င်းနောက် ပုဏ္ဏားကြီးသည် ဦးရွှေနှောင်း၏ ခေါင်းတုံးကို သပြေခက်နှင့်ရိုက်ခတ်ကာ ဆိုရမည်မှာ။

ပုဏ္ဏားကြီး။ ဇေယျာသိဒ္ဓိ၊ ကျောင်ကျိုင်၊ ချော်ချင်
ကျွန်လူများ။ ဇေယျာသိဒ္ဓိ၊ ခေါ်နိုင်၊ ခေါ်ခွိုင်
ပုဏ္ဏားကြီး။ ဇေယျာသိဒ္ဓိ၊ ကျောင်ကျိုင်၊ ချော်ချင်
ကျွန်လူများ။ ဇေယျာသိဒ္ဓိ၊ ခေါ်နိုင်၊ ခေါ်ခွိုင်
ပုဏ္ဏားကြီး။ ဇေယျာသိဒ္ဓိ၊ ကျောင်ကျိုင်၊ ချော်ချင်
ကျွန်လူများ။ ဇေယျာသိဒ္ဓိ၊ ခေါ်နိုင်၊ ခေါ်ခွိုင်။

(ဤသို့ ဆိုကြပြီးလျှင် ပုဏ္ဏားကြီးက ဦးရွှေနှောင်းအား ပေါင်းထုပ် သံခမောက်ကို ဆောင်းဆင်ပေးပြီးလျှင် ဓားကို လွယ်သိုင်းပေးရမည်။ ၎င်းနောက် သိုင်းနှင့်ကျိုင်းကိုလည်း ပေးလေသည်။ ထိုကြားက ခရုသင်းကို သုံးကြိမ် မှုတ်ခြင်လေသည်။ ၎င်းနောက် ဗြဟ္မာ ရှစ်ယောက်က တယောက်စီ "ဇေယျတု" ဟု ဆိုပြီးခါ မိမိတို့၏ လယားထပ်နှင့် ဦးရွှေနှောင်း၏ ဦးခေါင်းကို ပုတ်ခတ်ကာ ဝင်ကြစေ၊ ကျွန် လူများကလည်း ဝင်ကြစေ။ ဦးရွှေနှောင်း တယောက်တည်း အဝေးသား ကျန်ရစ်ခဲ့ရမည်။ ထိုအခိုက်တွင် ခေါ်ခါ ဝင်၍ လာစေ)။

ခေါ်ခါ။ အလို—ဘုရား၊ ဘုရား။ ပေ့-မောင်မင်း၊ ဘဲ့နှာတွေ လဲကွဲ့၊ မောင်မင်းရဲ့။ ခက်ကုန်ပါပြီ အရပ်ကတို့ရေ့၊ ခက်ကုန်ပါပြီ၊ ခေါင်းပေါ်မှာလဲ သံပုံးကြီး ထင်လို့။ ဟို ခုတ်တွေကလဲ ဘယ်နှာတွေ လဲ၊ ပေ့-မောင်မင်းရဲ့၊ တာဘာတ် ခင်းနေတာလဲကွဲ့၊ ရှူးပါပေ့ကွယ်၊ မောင်မင်းကြောင့် ရှက်စရာ ကောင်းလှချည့်ရဲ့၊ ဟို ခေါင်းပေါ်က ဟာကြီးကို ချွတ်လိုက်ပါ။

နှောင်း။ သယ်—ငါ့ကိုသိရဲ့သော "ဓတုချာ" ကို စော်စော် ကား ကား၊ ရူးသလေး၊ နှမ်းသလေးနဲ့၊ မယ်မင်း အမိုက်မ၊ ငါ့ကို ဘာထင် သလဲ-ဟင်။

ခါ။ အလို—မောင်ရင်နှောင်း၊ မင်း ရူးမူးနေသလားလား။

နှောင်း။ ဤ ယနေ့မှစ၍ မောင်မင်းသည် ငါ့အား ရိုသေစွာညွှန်း ဆော်ရမည်။

ခါ။ ဘယ့်နှယ်ဖြစ်တာလဲ၊ မောင်မင်းရဲ့။

နှောင်း။ ဤ ယနေ့မှစ၍ ငါသည် "မာတုရချာ" အဖြစ် ဖြစ်ကြီး ဖြစ်နေပြီ။

ခါ။ ခက်လိုက်ပါတဲ့တော့၊ မောင်မင်းရယ်၊ "မာတုရချာ" ဆိုတာ ဘာရှိလို့လဲ၊ တိရိစ္ဆာန်လား။

နှောင်း။ "မာတုရချာ" ဆိုတာ မဟာသက်တော်ရှည် အမတ် ကြီးလို့ ခေါ်တယ်ဟဲ့၊ နားလည်လား။

ခါ။ ဖြစ်မှ ဖြစ်ရလေ၊ မောင်မင်းရယ်၊ ဒီ အသက်အရွယ်ကျမှ ဇာတ်သမား လုပ်အုံးမလို့လား၊ မောင်မင်းရဲ့။

နှောင်း။ ထွီ၊ မသိသား ဆိုးဝါးတဲ့ အမိုက်မ၊ ငါ ဇာတ်ကတာ မဟုတ်ဘူးဟ။ ယိုးဒယား ဥပရာဇ် မင်းကလေး ကိုယ်တော်တိုင် မင်းခမ်း, မင်းနားနဲ့ တကွ ငါ့ကို သူကောင်းပြုခဲ့တာ၊ နားလည်ရဲ့ လား။

ခါ။ ဘယ့်နှယ် ဖြစ်ကြတာလဲ၊ အစရင်းတို့၊ ကြည့်ပြောပါအုံး။

နှောင်း။ ဘယ့်နှယ် ကြည့်ပြောရမှာလဲ၊ မောင်မင်း "နှမ်းနှမ်း" ဆို တာကို သိရဲ့လား-ဟင်။

ခါ။ အို—သေပြန်ပါပြီ။

နှောင်း။ "နှမ်းနှမ်း" ဆိုတာဟာ "နှောင်းနှောင်း" လို့ ငါ့နံမယ် ကို ယဉ်ကျေးအောင် အဖျားဆွတ်ခေါ်တာ သိရဲ့လား။

ခါ။ ကြည့်စမ်း၊ မောင်မင်း ရူးနေပြီ ထင်တယ်။

နှောင်း။ "ခေါ်နိုင်၊ ခေါ်ရှုပိုင်" ဆိုတာကိုကော နင် သိရဲ့လား။

ခါ။ ရူးပြန်ပါပြီ၊ ခက်တာဘဲနော်။

နှောင်း။ "ကျော်ကျိုင်၊ ချော်ချင်" ဆိုတာကိုကော နင် သိရဲ့ လား။

ခါ။ အို—ဘယ့်နှယ်တွေလဲ၊ ခက်တော့တာဘဲ။

နှောင်း။ “ရွှေဥ၊ စိန်ရွှေ့”ဆိုတာကိုတော့ နင် သိရဲ့လား။

ခါ။ ခက်ကုန်ပါပြီ၊ အရှင်ကတို့၊ ခက်ကုန်ပါပြီ။ မောင်မင်း တယောက်တော့ ချူးပါပြီတော့။

နှောင်း။ ဟဲ့–တိတ်စမ်း၊ မယ်မင်း ဘာသိဖို့လဲ၊ ငါ့ကို ချူးသလေး့သာသေးနဲ့။ ဟဲ့၊ ငါ့အရ “မာတုချာ”ဖြစ်နေတယ်၊ မယ်မင်း သည့်ပနေ့ကစ၍ ငါ့အား မိုးသေ့ချုံညွှားတော်မူရမယ်၊ နားလည်ရဲ့လား (ဟု ဆိုပြီး ဝင်သွားစေ)။

ခါ။ ကြောင်–မောင်မင်းတော့ စိတ်နောက်နေပါပြီ၊ အရှင်ထဲ ရောက်ပြီး ဆောင်နေမှဖြင့် အရှက်ကွဲတော့မှာပဲ။

—=:o:=—

## ခန်းကွက်–၅။

(ဦးရွှေနှောင်း၏ အိမ်ရှေ့တွင် မောင်မောင်ဆင်နှင့် ခင်ခင်ထားတို့ ရောက်လာစေ)။

မောင်မောင်ဆင်။ ထားထားတော့၊ လူရေး့လူဆန်း တခေတ်ကို တွေ့ရဖို့တော့မှာပဲ။ အင်း...... ချူးလဲ–ချူးတဲ့ ဦးရွှေနှောင်းသနားဘို့သာ ကောင်းတော့တာပဲ။ ကြောင်–ဒါထက် မောင်ပန်းရွှာတို့ရဲ့ ကိစ္စကိုလဲ ပိုင်းပြီး ကူပေးရဖို့မှာပဲ။

ထား။ မောင်ပန်းရွှာတို့ ကိစ္စလား၊ အို–ကူရတာပေါ့၊ မောင လိုမှာ ဦးရွှေနှောင်း မဟုတ်လား၊ အို–ခေါင်းပေါ်မှာ ဘဲ့ခွာကြီးပါလိမ့်။

(မောင်မောင်ဆင်သည် ဦးရွှေနှောင်း အနီးသို့ ချဉ်းကပ်သွားလေသည်)။

ဆင်။ ကြောင်–အဓရွှေတော်ပါလား၊ဝမ်းသာလိုက်တာ အဓရွှေတော်ရယ်၊ မောင–ထားထားလဲ ပါတယ်။ ကျွန်တော်တို့မှာ အဓရွှေတော် မဟာသက်တော်ရှည် အဖော်ကြီး ဖြစ်သွားတယ်လို့ ကြားရပါနဲ့ အရ လာခဲ့တာပါပဲ။ နောက်ပြီးတော့ အဓရွှေတော်ရဲ့ ဘိုးကလေးကို တိုပိုးဖထား မင်းသားကလေးက မဟာဒေဝီ ဘွဲ့ဖြင့် ချီးမြှင့်

သောက်နှင်းမပယ်လို့ ကြားရဖြန်တော့ ဝမ်းသာလို့ မဆုံးအောင် ဖြစ်နေရပါတယ်၊ အဆွေတော်ဘုရား။

နှောင်း။ ဟုတ်ကဲ့၊ အဆွေတော်မင်းအား ဖယ် သူရိန် နေမင်းကဲ့သို့ သူရသတ္တိနဲ့ ပြည့်စုံပါစေ၊ ယုန်ဝန္တာ လမင်းကဲ့သို့ အေးမြ၊ ကြည်လင်ပါစေ၊ ဤ မဟာပထဝီ မြေကြီးကဲ့သို့ ကြီးကျယ်သော ပညာနှင့်တည်း ပြည့်စုံပါစေလို့ အကျွန်ုပ်က ဆုမွန်ကောင်းကို တောင်းပါတယ်၊ အဆွေတော်မင်းဘုရား။

တေး။ တေးတေးကလဲ နှောင်းနှောင်းတို့ရဲ့ ကောင်းမြတ်တဲ့ သတင်းကို ကြားရလို့ ဝမ်းသာပါတယ်။

နှောင်း။ ဟုတ်ကဲ့၊ နှမတော် တေးတေးကိုလဲ ပွင့်သစ်ညွန့်ဝန်း နှင်းဆီပန်းကလေးကဲ့သို့ ချမ်း ကြည် ရွှင်ပါစေလို့ ဆုတောင်းပါတယ်။ အဆွေတော်မင်းရော၊ မိမိလေးရော အရှုလိုကြွရောက် ချီးမြှင့်ကြတာကိုလဲ နှောင်းနှောင်းက အများကြီး ကျေးဇူးတင်ပါတယ်။ ဒါ့ပြာ၊ ဟိုဟာမကြီး ထောက်တုံးကများ နှောင်းနှောင်းမှာ မိမိလေးအတွက် မိုးရိပ်လိုက်တာ၊ ဒါနဲ့၊ ဟိုဟာမကြီးကို မိမိပြီး ထောင်းလိုက်တာ မသေရုံတမယ် ကျန်တော့တယ်။

တေး။ အို—မိအတွက်တော့၊ တေးတေး မိတ်မကွက်ပါဘူး။ နှောင်းနှောင်းဟာ မိမိလေးအတွက် မိုးရိပ်မှာတဲ့၊ အားနာမှာတဲ့လို့ အောက်မေ့မိပါတယ်။

နှောင်း။ မိမိလေး အောက်မေ့တော်မူတဲ့ အတိုင်းပါပဲ၊ မိမိရှယ်။ နှောင်းနှောင်းဟာလေ မိမိလေးအပေါ်မှာ အရစ်ကလိုတဲ့ သဘော ထားပါတယ်။

ဆင်။ တေးတေးရေ၊ ကြည့်စမ်းအဆွေတော်ဟာ အရှ မဟာ သက်တော်ရှည် အမတ်ကြီး ဖြစ်နေတာတောင်၊ တေးတေးတို့မောင် မောင်တို့ကို ဂရုစိုက်ပြီး ယုယတော်မူတယ်နော်။

တေး။ အို—နှောင်းနှောင်းဟာ သဘောကြီးလို့ စိတ်ထား မြင့်မြတ်လို့သာ တေးတေးတို့မောင်မောင်တို့လိုဟာများကို ယုယတော်မူတာပေါ့။

ဆင်။ ဪ–ဒါထက်၊ မင်းသားကလေးကို မဖူးရဘူးသေး၊ အဆွေတော်ရဲ့။

နှောင်း။ ဖူးရပါစေမယ်၊ ဖူးရပါစေမယ်။ ပေါ-ဖြေခရင်း ဆိုရင်း ကြွလာတော်မူပါပြီ။ ဆို့ကိုလဲ ပေါ်ထာ အခမ်းအနား ဝင်ကြို အနေထက်တော်များ ထွက်လာတယ်၊ အဆွေတော်ရဲ့။

(ယိုးဒယားမင်းသား အသွင် ဆင်ထားသော မောင်ပန်းထွာ ဝင်လာရာ မောင်ပေါင်ဆင်က နှုတ်ခွန်းဆက်သရမည်မှာ)။

ဆင်။ (ထက်ရှင်ချို၍) မှန်လှပါ။ ကျွန်တော်များမှာ မင်းကလေး၏ တောကျွမ်းတော် ဦးရွှေနှောင်းရဲ့ ရင်းနှီးသော အဆွေတော်များ ဖြစ်ပါတယ်။ ယခု မင်းကလေးကို ဖူးမျှော်ချင်လွန်းလို့ ရွှေဘဝါးတော်အောက်ကို ဆိုက်ရောက်လာပါတယ် ဘုရား။

နှောင်း။ ဟားဟား ......၊ ညပျော်မင်းကလေးက ဗမာစကား တတ်တာ မဟုတ်ဘူး၊ အဆွေတော်ရဲ့၊ ခက်လိုက်တာနော်။ ပေ-ဟို စကားပြန်အကောင် ဘယ်သွားနေတာလဲ။ မှန်ပါတယ်၊ မင်းကလေးရဲ့၊ သူက ရွာစားမင်းပါ။ ပေဘာသာစကားတော့ မှန်နန်း အမျိုးတော် လားလားပါတဲ့။ ဒို-ခက်ကုန်ပါပြီ၊ သူလဲ နားလည်မှာ မဟုတ်ပါဘူး။ မှန်ပါတယ်၊ မင်းကလေးရဲ့၊ သူက ဗမာ “ဟာတချာ” အပေါ်ပါ။ သူက ဗမာ “ဟာတချာ” အပေါ်။ ဟား၊ ငြာချကုန်ပါပြီ။ ခဲ-ဟုတ်ပြီ၊ ဟုတ်ပြီ။ ဦးကြီးကလဲ လာစမ်းပါအုံးဗျ၊ ဘယ်သွားနေရတာလဲ။

(ဤ အခိုက်တွင် အတိုးအိုးအသွင် ဆင်ထားသော မောင်ဆောင်း ဝင်လာရမည်)။

နှောင်း။ ဒီကိုလာပါ ဦးကြီးရဲ့၊ ဦးကြီးမရှိရင်၊ မင်းကလေးနဲ့ ဘယ့်နှယ်လုပ်ပြီး စကားပြောရမလဲ။ ပေဘာ- သာသာ လုံးတို ရွာစားမင်း မောင်မောင်ဆင်၊ သာသာ မှန်နန်းအမျိုးဖတ် ခင်ခင်လား၊ အခု သူတို့ မင်းကလေးကို ဖူးမျှော်ချင်လို့ ရွှေဘဝါးတော်အောက် ရောက်လာ

သင်တို့ သွေးကြွလိုက်စမ်းပါ။ နားထောင်ကြစို့ မင်းကလေးဟာ စကားပြော အင်မတန် ယဉ်ကျေးသတယ်။

ဆောင်း။ ဟိုက်ရ၊ ခွပ်ဂါ ဗျာဆာဝ၊ ဘူဝခင်ခင်လေး၊ ကောင် ကန်။

ဉွှာ။ ဖုံထောင်၊ ဖုံမြိုး၊ ဝေဝ။

နှောင်း။ ကဲ—ဦးကြီးက အမိန့်ပါသ် ပြန်လိုက်စမ်းပါဦး။

ဆောင်း။ မင်းကလေးက မိန့်တော်မူတယ်။ "ယခု ကျွန်ုပ်တို့ အမျိုး အနွယ် ရောက်လာကြသော ပဟာကျွမ်းတော်ကြီး၏ အစေ့ ဖော် ရွာစားခင်းနှင့် တကွ အသွန်တရာ ဟုဟု တင့်တယ် ရှုစဖြင့် ဘွယ်သော မှန်နန်း အမျိုးတော်ကလေးအား ရတနာ ရွှေမိုး၊ ငွေ မိုးတို့သည် သွန်ပြီး ရွာကြပါစေ"တဲ့ဗျား။

နှောင်း။ ကိုင်း-မယဉ်ကျေးဘူးလား မိမိလေးရဲ့။

ထား။ ယဉ်ပါပေတယ်၊ နှောင်းနှောင်းရယ်။

(ဦးအခိုက်တွင် မျှောသစ် ထွက်လာစေ)။

နှောင်း။ ဟော-ထိုးသဲ လာပြီ၊ဟဲ့ထိုးရဲ့၊ဒီကိုလာပါ၊ပဟာသီမှာ ဦးပရောဖင်းကလေးက ထိုးကို ပဟာသခေါ်ပြောက်တော်မူမလို့တဲ့။

သစ်။ အို—အမေ၊ ဘဲ့နှဲ့မြှစ်နေတာတုံး။ ခေါင်းပေါ်ကပဟာကြီး က ဘဲ့နှာလဲ၊ အမေရဲ့။

နှောင်း။ ဟဲ့—ထိုး၊ ဒါ ခလေးကစားတာ မဟုတ်ဘူး၊ တိတ်၊ ဒီမှာ ယိုးဒယား ပဟာဦးပရောဖင်းသားကလေးမြွက်ရှဲလား၊ ထိုးကို ပဟာ ခေါ် မြွက်စားတော်မူမယ်တဲ့ စောင့်စားတော်မူနေရှာ တယ်။

သစ်။ ကျွမကို ....။

နှောင်း။ အေး၊ဟုတ်သတပ်ဟဲ့၊ ပေးစမ်းလက်၊ထက်ထပ်တို့ အ မြန် နီးနေပြီ။

သစ်။ အို–ဘယ့်နှာခေတ္တလဲ၊ ဘာသိကသေလပြီး ယောက်ဘင်ချေမှာလဲ အမေရဲ့၊ မထောင်ချင်ပါဘူး။

နှောင်း။ ဘာသင်ငါဟာ နင့်အမေ မဟုတ်သေး။ ဖေဖေအာ ထောင် သင့်ထို့ ယောက်ထောင်လိုက်ဆိုရင် ထင်လိုက်ပါလား။

သစ်။ ဟင့်အင်း။ကျွန်မအမျိုကြီးဘာသန့် နေတော့မယ်လို့ ပြော ထားတယ် မဟုတ်လား၊အမေရဲ့။ ကျမ ယောက်ခထပ်ချင်ဘူး။ ဟင့် အင်း ..... ဟင့်အင်း။

နှောင်း။ သယ်–ဖေဖေအကိုနှင် အသခံမထိုလား။ဒီနွားကို တိုးပါ။

သစ်။ ဟင့်အင်း၊ မတိုးချင်ဘူး။ ကျမ၊ကိုပန်းသွေကိုမှ မရရင် ဘယ်သူ့ကိုမှ မယူနိုင်ဘူး၊ အမေရဲ့၊အတင်း ယူခိုင်းရင် ကျမကိုယ်ကို ကျမ .... ။

(မောင်ပန်းသွေ၏ ဖျက်နှာ ရုပ်သဏ္ဌာန်ကို ဘမ်းမိသဖြင့်) .... ။ အင်းလေ .... ။ အမေဟာ သဘောတူတယ်ဆိုရင်လဲ သွီး ငြင်းဆန် ပါဘူး။

နှောင်း။ ဆဲ–ဒါမှပေါ့ သွီးရဲ့၊ ဒါမှ အမေ့သွီး၊ ဒါမှ အမေ့သွီး။

(ဤအခိုက်တွင် ခေါ်ခါ ထွက်လာစေ)။

ခါ။ အလို–ဘုရားရေ၊ ပဲ့သွီး၊ ဦး ဘယ်လိုနဲ့ ပြောလိုက်တာ လဲ၊ ဦးအမေစကားကို နားမထောင်နဲ့၊ ဒီကိုလာခဲ့။

နှောင်း။ ကြည့်စမ်း၊မယ်ခါ၊မယ်သင်း ဝင်ရှုတ်ပြန်ပြီလွှား ..... ဒီအခိုက်ခကို လိမ္မာအောင် ဆုံးမပေးကြပါဦးဗျ၊ အရင်ကတ္တဲ့ရဲ့။

ခါ။ အလို-တော်၊ ပြေးကာဘဲ ပြီရသေးတော့၊ မောင်မင်း ဘာ ဘာ မောင်မင်း ရှုးတော်မူပါ။ သူ့ချားကို ဗွဲချမနေပါနဲ့၊အခု ဘာတုပ် နေကြတာလဲ၊ ဒီဟာခွေကစကာ ဘဲ့နှာတွေလဲ၊ ဇာတ်တောင်မထို့ လား။

နှောင်း။ သယ်– ဇာတ်တောင်သာလား၊ ဘာလေးနဲ့၊ သွီး ရှဲရော၊ ဒီမှာ ဖိုးဒယ်ဘားဖြည့်ကာ မဟာ ဥပရာဇ်မင်းသားကလေး

နဲ့ ငါ့ချိုးနဲ့ ထိမ်းမြား လက်ထပ်မယ်လို့ လုပ်နေတာ။ မယ်မင်း၊ ဘာဘာဓိ သသဲ၊ ယော။

ခါ။ ဘာ့ပြောတယ်။

နှောင်း။ ယော့–စကား ရှေ့မနေနဲ့ ကွာ၊ ယောဘိမှာ စကားမြွက် ရှိတယ်၊ မင်းကလေးကို နှုတ်ခွန်း ဆက်လိုက်ပါ။

ခါ။ ဘာစကားမြွက်လဲ၊ ဆက်နိုင်ပေါင်၊ ကျုပ်ချိုးလဲ လက်ထပ် ဘို့ သဘော မတူနိုင်ပေါင်။

နှောင်း။ တော့–မယ်မင်း၊ တော်၊ တော်-တိတ်စမ်း။

ဆင်။ အို–မမခါနှယ်၊ မဟာ ထေတ်တော်ကြီး ဆိုက်ရောက် နေပြီ.အမှုဟာဘာဲ၊ ညင်းနေရသေးသလား။ သမက်လုပ်မဲ့ရှင က ဖိုးဒ ယားပြည် ဥပရာဇ်မင်းကလေးဗျ၊ မမခါရဲ့။

ခါ။ မောင့်အပူ တစ်ချွေသားမှ မပါဘူး၊ မောင် အေးအေး ဆေး ဆေး နေစမ်းပါ။

ထား၊ ချွေးသေးခါနှယ်၊ မင်းသား တစ်ပေါက်လုံးကို သမက် တော်ရမှာ ညင်းနေရသေးသလား၊ ချွေးလေးရဲ့။

ခါ။ အလို-ကိုယ်ဒို့မဆိုင်ရင် အသာနေစမ်းပါ၊ ဝင်မရှုပ်ပါနဲ့။

ဆင်။ ခြွေ–မမခါတို့ ကောင်းစားဘို့ ပြောတာပါ၊ အထင် မလွဲပါနဲ့။ ကျွန်တော်တို့မှာ အစ္စကျွာရို့ အချောခင်ပွန်းကောင်း ဒိဒိ ကျည်းချင်တဲ့စိတ် အများကြီး ရှိပါတယ်၊ မမရဲ့။

ခါ။ အို–မောင်တို့ မကူညီပေမဲ့၊ ကျုပ်တို့မှာ ကောင်းစားနိုင် ပါတယ်။

ဆင်။ ကဲ့ကလေး၊ မမခါရဲ့ ချိုးကိုက၊ သဘောတူနေတာဗျ။

ခါ။ အလို-ကျုပ်ချိုးကလား၊ သဘောတူမှာ၊ မေးလိုက်စေ။

ဆင်။ မေးတဲ့ မေးကြည့်စမ်းပါဦးလေ။

ခါ။ အို–မေးတို့ မလိုပါဘူး။

ထား။ မေးတဲ့ မေးကြည့်ပါဦးလေ၊ မဟာဓမ္မပိဋကဝတ်ကြီး မိဖုရား လုပ်ရမယ်ဆိုရင် ဘာသူ ညင်းဦးမှာလဲ၊ ချွေးလေးခါရဲ့။

ခါ။ ကျုပ်တို့အသေး။ ဒင်းများ မဟာဆေပိ လုပ်ချင်ရင်၊ ကြိုးနဲ့ ကို တုတ်ပြီး ချိတ်မယ်၊ သိရဲ့လား။

နှောင်း။ ဟော့-မယ်ခါ၊ တဲ့နဲ့လဲ။ နွတ်သီးဆောင်းဖော့ချော်ကလေး၊ ဒါရေးချိုတော် မှတ်လိုက်လား။ တော်ရာ သွားစမ်း။ ဒီမှာ ထက်ထင်ပွဲ ကျင်းပမယ့်။

ခါ။ အို—ဘာဖြစ်လို့ ကျင်းပရမှာလဲ၊ မလုပ်ရဘူး။

နှောင်း။ အို—တဲ့နဲ့၊ ဒီမိန်းမ ရေဖော့ချော်ကလေး။

သစ်။ အမေကလဲ အသာနေစမ်းပါ၊ အမေရဲ့။

ခါ။ အလို-ညီးလဲ ညီ့အမေနဲ့ရောပြီး ရူးနေသလား။ ညီး ဘာမှ အသုံးကျမဲ့ကြီး မဟုတ်ဘူး။

နှောင်း။ ကြည့်စမ်း၊ ဖအေ့စကားကို နားထောင်တဲ့ကြီးနဲ့ ရန်တွေ့နေပြန်ပြီ။

ခါ။ ဟုတ်တယ်၊ ဟုတ်တယ်။ မောင်မင်းချည်း ဖအေ တော်တာမဟုတ်ဘူး။ ကျုပ်လဲ အဖေ တော်တာပဲ။

ဆောင်း။ ဒီမှာလေ၊ လုံမကလေး။

ခါ။ ဘာ လုံမကလေးလဲ။

ဆောင်း။ စကားတခွန်းလောက် ပြောချင်လို့ ဒီနား လာစမ်း ပါဦး။

ခါ။ လာနိုင်ပါဘူး။

ဆောင်း။ (ဦးရွှေနှောင်းကို ရှမ်း၍ ပြောရမည်မှာ)။ ဟော့— မောင်ရင်ရဲ့၊ လုံမကလေးဟာ ငါပြောခဲ့စကားကိုကြားရင် တခါထဲ သဘောတူသွားမှာပဲကွ။

ခါ။ အို—ဘယ်တော့မှ သဘောမတူဘူး သိရဲ့လား။

ဆောင်း။ စကားတခွန်းထဲ ပြောချင်လို့ပါကွဲ့။

ခါ။ တခွန်းမှ နားမထောင်ချင်ဘူး။

နှောင်း။ မယ်မင်းကလဲ၊ နားထောင်လိုက်စေ။

ခါ။ အို—နားမထောင်နိုင်ပါဘူး။

နှောင်း။ မယ်မင်း သဘောတူအောင် ပြောမှာပါဟာ။

ခါ။ ဘာဘာပြောပြော၊ သဘောတော့မကျဘူး။

နှောင်း။ ခက်လိုက်တာများ၊ ဒီလို ခေါင်းမာတဲ့ မိန်းမမျိုးကို တွေ့ဘူးကြရဲ့လား၊ အရပ်ကတို့ရယ်။ ဟဲ့......၊ နင့် အသား ပဲ့ ပါမ သွားပါဘူးဟဲ့၊ နားထောင်လိုက်ပါ။

ဆောင်း။ ဖုံမကာလေးကလဲ၊ တယ် ဒေါသကြီးတာကိုးကွဲ့။ ပြောသဲ့ စကားကိုသာ နားထောင်ပါ။ နောက်တော့၊ ဖုံမကာလေး သဘောအတိုင်းပေါ့။

ခါ။ ကဲ-ကဲ၊ နားထောင်ပါ့မယ်တဲ့တော်။ ပြောပါ၊ပြောပါ။

ဆောင်း။ (မယ်ခါအနီးကိုကပ်၍ တိုးတိုး ပြောရည်မှာ)။ ချွေးလေးခါကလဲ အမိုက် နိမိတ် ဖြစ်တာတော့ မသိဘဲကိုး။ ဟို ယိုးဒယားမင်းသားကလေးလို ဆင်ထေးတဲ့သူဟာ မောင်ပန်းရွှေချ။ အဘိုးကြီးကို ကျွန်တော်တို့ ထပါတ်ရိုက်နေတာ၊ ချွေးလေးရဲ့။

ခါ။ ဟော-ဟုတ်သလား။ မှို-မင်း ဘာသူလဲ။

ဆောင်း။ ကျွန်တော် မောင်ဆောင်းလေ။

ခါ။ ဟော-ဟုတ်လား။ အေး၊အေး၊ ဒါဖြင့်လဲ မညည်းတော့ပါဘူး။

ဆောင်း။ နေဦး ချွေးလေးရဲ့၊ ကျွန်တော်တို့ ဥာဏ်ထားတာ တွေကို မပေါ်လိုက်နဲ့ဦး။

ခါ။ (အသံကျယ်ကျယ်နှင့်) ကဲ-ကဲ၊ ကျုပ်ထွေးကို လက်ထပ်တို့ သဘောတူပါတယ်။ မင်းကလေးကိုလဲ၊ သဘောကျပါတယ်။

နှောင်း။ ဆဲ-အခုမှဘဲ၊ မကြီးခါ လိမ္မာလာတယ်၊ ဟော့-မယ်ခါ၊ တို့တွေ၊ အခု အကုန် လူလိမ္မာတွေ ဖြစ်ကြပါပကောကွဲ့။ မယ်မင့်ကို ဦးကြီးက မဟာဥပရာဇ်မင်းကလေးရဲ့ အကြောင်းကို ပြောလိုက်တယ် မဟုတ်လား။

ခါ။ ဟုတ်တယ်၊ ဟုတ်တယ်၊ ပြောလိုက်တယ်၊ ကဲ-ကဲ၊ မင်လေ အခမ်းအနားကိုသာ ဖြစ်တို့ ရှိတော့တယ်။

ဆင်။ ဒဲဒီလိုမှပေါ့၊ မမခါရဲ့၊ မမလဲ အစတုန်းကသူဌေးမင်း အတွက် ခေတ်ဒေတာ် စိတ်ညစ်မှာဘဲ။ စိတ်မပူပါနဲ့ မမရယ်၊ စိတ်မပူ ပါနဲ့။ အနို-အရ ဥပရေ-ဖ်မင်းကလေးနဲ့ သစ်သစ်တို့ရဲ့ မင်္ဂလာပွဲမှာ၊ ကျွန်တော်နဲ့ ခင်ခင်ထားနဲ့ တခါထဲ ရော့ပြီး လက်ထပ်လိုက်ရရင် မကောင်းဘူးလား။

ခါ။ ကောင်းပေါ့ မောင်ရယ်၊ တခါထဲ အေးတာပေါ့။

နှောင်း။ (မောင်မောင်ဆင်အနီးသို့ တိုး၍) ဘဲ့နဲ့၊ အဘေ့ခေတ်၊ အမယ်ကြီး စိတ်အေးအောင် ပြောလိုက်တာပေါ့နော်၊ ဟုတ်စ။

ဆင်။ (တိုးတိုးပြောရမည်မှာ) ဒါပေါ့၊ ။အမယ်ကြီး စိတ် ကောင်းအောင်ပါ၊ သူဌေးမင်းရဲ့။

နှောင်း။ (တိုးတိုးပြောရမည်မှာ) ကောင်းရော၊ ကောင်းပေါ့၊ (ကျယ်ကျယ် ပြောရမည်မှာ) ကဲ-ကဲ၊ မင်္ဂလာပွဲ ဖြစ်ပေါ့။ မယ်ခါ ရေ-ဖြစ်ပေါ့။

ခါ။ အလို-မောင်မင်းခရေ၊ မယ်မှုံကို စကားဖြန် ဆရာကြီးနဲ့ ပေးစားလိုက်ရင်ကော မကောင်းဘူးလား။

နှောင်း။ အေး-အကောင်းသားဘဲ၊ ဒီမင်္ဂလာပွဲမှာဘဲ တခါ ထဲ ပေးစားလိုက်တာပေါ့။ ကဲ-ကဲ၊ မင်္ဂလာပွဲ ဖြစ်ပေါ့၊ မယ်ခါရေ- ဖြစ်ပေါ့။

ဆောင်း။ ကိုင်း-ဒီလိုရှူးတဲ့ သဘ္ဘာဝါမျိုး တွေ့ဘူးကြရဲ့လား၊ ရှုပွဲသဘင်ရှိများ။

မဟာဆန်ချင်သူပြဇာတ် ပြီး၏။